# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ်၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၇)ရက်၊ ဗုဒ္ဓဟူးနေ့၊ (5-8-2026)၊ အတွဲ (၃၅)၊ အမှတ် (၀၉၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ



**နေပြည်တော်  ဩဂုတ်  ၄**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ **စာမျက်နှာ ၁၆ ကော်လံ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်ထံ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**မျောက်ပြဆန်တောင်းသူတို့၏ ဘဝနေဝင်ချိန်နှင့် တံလျှပ်ကို ရေထင်၍ အလိုက်မှားခဲ့ကြသူများသို့**

ဆောင်းပါး စာမျက်နှာ - ၁၉

## လေးမျက်နှာမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဝေနမြစ်ရေကာတာကျိုးပေါက်ကာ လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ ရေဝင်ရောက်မှုဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော်  ဩဂုတ်  ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ဝေနမြစ်ရေကာတာကျိုးပေါက်မှုဖြစ်ပွားခဲ့သဖြင့် ယနေ့ထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ **စာမျက်နှာ ၂၃ ကော်လံ ၁**




အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက မြစ်ရေတိုက်စားမှုကာကွယ်ရန် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းတို့ ဆောင်ရွက်ပေးစဉ်။

### ထူးခြားသည့် နေ့အပူချိန်များ

(၄-၈-၂၀၂၆)

| | | | | |
|---|---|---|---|---|
| ချောက် | ၃၉ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ကျောက်ဆည် | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၅ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |
| တံတားဦး | ၃၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၃၄ | ဒသမ | ၆ | ဒီဂရီဆဲလ်စီးယပ် |
| ပခုက္ကူ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ကလေးဝ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၃၄ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| မင်းဘူး | ၃၄ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယပ် |




မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန WRF မော်ဒယ်လ်၏ ဩဂုတ် ၃ ရက် မြန်မာစံတော်ချိန် ၆ နာရီခွဲ အချိန်ကို အခြေခံတွက်ထုတ်ထားသည့် ဩဂုတ် ၅ ရက်မှ ၇ ရက်ထိ မိုးရွာသွန်းမှုခန့်မှန်းချက်ပြပုံ။

## နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော်  ဩဂုတ်  ၄**

ယနေ့နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၇ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် **စာမျက်နှာ ၁၈ ကော်လံ ၁**

ရတနာပုံ

၂၀၂၆ ခုနှစ် ဩဂုတ် ၅ ရက်

အယ်ဒီတာ့အာဘော်

# နိုင်ငံတော်ကာကွယ်ရေးအတွက် အားထားရသည့် အဖိုးတန်လူသားအရင်းအမြစ်များ

မြန်မာ့မျိုးဆက်သစ်လူငယ်၊ လူရွယ်တိုင်းတွင် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသည့်အပြင် မိမိနိုင်ငံနှင့်လူမျိုးကို ချစ်ခင်မြတ်နိုးတန်ဖိုးထား ကာကွယ်လိုစိတ်ရှိနေမှသာ နိုင်ငံသည် ကမ္ဘာ့အလယ်တွင် ထည်ဝါခံ့ညားစွာ ရပ်တည်နေနိုင်မည်ဖြစ်သည်။ **"နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်"**ဟူသည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ ပြဋ္ဌာန်းချက်များကို လက်တွေ့အကောင်အထည်ဖော်ခဲ့သည့်အနေဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ၂၀၂၄ ခုနှစ် ဧပြီလတွင် အသက်သွင်းခဲ့ကာ ပြည်သူ့စစ်မှုထမ်းသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ် (၁) ကို ၂၀၂၄ ခုနှစ် ဧပြီလမှ စတင်ဖွင့်လှစ်ခဲ့ပြီး ယခုအခါ အမှတ်စဉ် (၂၇) ထိ ရောက်ရှိလာပြီဖြစ်ကာ အမှတ်စဉ် (၂၄) ထိ သင်တန်းဆင်းပေးနိုင်ခဲ့ပြီးဖြစ်သည်။ ထိုသို့ ပြည်သူ့စစ်မှုထမ်းများခေါ်ယူရာတွင် သတ်မှတ်အသက်အရွယ် အကျုံးဝင်သူတိုင်းကို တစ်ပြိုင်နက် စစ်မှုထမ်းဆောင်စေခြင်းမဟုတ်ဘဲ သတ်မှတ်အရည်အချင်းကိုက်ညီသူများအနက် ကျန်းမာရေးဆေးအဆင့် အောင်မြင်ပြီးသူများကိုသာ ပြည်သူ့စစ်မှုထမ်းအဖြစ် အလှည့်ကျ ခေါ်ယူနေခြင်းဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းတာဝန် ထမ်းဆောင်ရသောကာလတွင် ပြည်သူ့စစ်မှုထမ်းလူငယ်များသည် နိုင်ငံတော် ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့်အပြင် စေတနာပါပါ ထမ်းဆောင်ခဲ့ကြသည့်အတွက် ပြည်သူ့စစ်မှုထမ်းလူငယ်အချို့မှာ စွမ်းရည်သတ္တိဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ ချီးကျူးဂုဏ်ပြုလက်မှတ်များ ဂုဏ်ပြုချီးမြှင့်ခံခဲ့ရသည်။ ထို့ပြင် တပ်ရင်း၊ တပ်ဖွဲ့များတွင် တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြပြီး သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်သည့် ပြည်သူ့စစ်မှုထမ်းများကိုလည်း ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းစစ်ဌာနချုပ်အသီးသီး၌ အခမ်းအနားများဖြင့် ချီးမြှင့်အပ်နှင်းပေးခဲ့ပြီး နေရပ်ဒေသအသီးသီးသို့ ပြန်လည်စေလွှတ်ခဲ့ပြီးဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းသင်တန်းများသည် လူငယ်များကို နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်နိုင်စေရန် စစ်ပညာရပ်များနှင့် ကာကွယ်ရေးပညာရပ်များကို သင်ကြားလေ့လာခြင်းအားဖြင့် မိမိကိုယ်ကိုယုံကြည်မှု၊ အဖွဲ့အစည်းအပေါ် ယုံကြည်မှုတို့ တိုးတက်ခိုင်မာလာမည်ဖြစ်သည်။ ထို့ပြင် စစ်မှုထမ်းခြင်းမှ ရရှိလာမည့် အတွေ့အကြုံနှင့် အသိပညာများသည် လူငယ်များ၏အနာဂတ်ဘဝရပ်တည်ရေးအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်သကဲ့သို့ လုပ်ငန်းခွင်အတွင်း ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများကို ကျော်လွှားဖြေရှင်းရာတွင်လည်း စိတ်ပိုင်းဆိုင်ရာကြံ့ခိုင်မှုကို ဖြစ်ပေါ်စေမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံတော်၏ကာကွယ်ရေးစွမ်းအားကို ပိုမိုခိုင်မာတောင့်တင်းစေရန် ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်အညီ တာဝန်သိစိတ်အပြည့်ဖြင့် တက်ကြွစွာ စစ်မှုထမ်းဆောင်နေကြသည့် နိုင်ငံ့သားကောင်းရတနာများသည် နိုင်ငံတော်ကာကွယ်ရေးအတွက် အားထားရသည့် အဖိုးတန်လူသားအရင်းအမြစ်များပင်ဖြစ်ကြောင်း ဂုဏ်ယူစွာရေးသားလိုက်ရပေသည်။

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



ရွှေဘို ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော စပါးကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ စပါး ၂၇၀၀၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နွေစပါးစိုက်ခင်းများကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ကေလျှင် ၈၇ ဒသမ ၄၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ ရွှေဘိုမြို့နယ်မှာ စပါး ၂၇၀၀၃ ကေ စိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့ နွေစပါးခင်းတွေ လက်ရှိ ကေအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီ ဖြစ်ပါတယ်။ နွေစပါးစိုက် တောင်သူများကို စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေ၊ ပိုးမွှားကျရောက်မှု ကာကွယ်ရေး အသိပညာပေးတာတွေ၊ သီးနှံများပျက်စီးဆုံးရှုံးမှု မရှိစေဖို့၊ ရိတ်သိမ်းပြီး စပါးတွေ အမိုးအကာအောက် အချိန်မီ ရောက်ရှိစေဖို့ အသိပညာပေးတာတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်း ဆောင်ရွက်သင့်ကြောင်း ရွှေဘိုမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မှျင်ငါးပိ ပိဿာချိန်အများအပြား တင်ပို့ရောင်းချနိုင်ခဲ့



ပုတော ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး ပုတောမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း မှျင်ငါးပိ ပိဿာချိန် အများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပုတောမြို့နယ် ငါးပိ၊ငါးခြောက်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ပုတောမြို့နယ်မှ ဒေသထွက် မှျင်ငါးပိများကို ရန်ကုန်ဈေးကွက်သို့ အဓိကတင်ပို့ရောင်းချလျက်ရှိရာ ယခုနှစ် ဇွန်လအတွင်းက မှျင်ငါးပိ ပိဿာချိန် ၄၂၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ဒေသထွက် မှျင်ငါးပိ ၁၀ ပိဿာလျှင် ငွေကျပ် ၂၂၀၀၀၀ မှ ၃၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပုတောမြို့နယ်ကနေ မှျင်ငါးပိတွေအပါအဝင် ဒေသထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း မှျင်ငါးပိ ပိဿာချိန် ၅၃၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က လက်ရှိမှာလဲ မှျင်ငါးပိတွေ အဝယ်များနေပါတယ်။ မှျင်ငါးပိတွေက ပြည်တွင်းဈေးကွက်မှာကို ဝယ်လိုအား ကောင်းနေပါတယ်။ အခုလို မှျင်ငါးပိတွေ အရောင်းအဝယ်ကောင်းလာတော့ ရေလုပ်ငန်းနဲ့ ဆက်စပ်သူတွေ အဆင်ပြေလာပါတယ်"ဟု ပုတောမြို့နယ် ငါးပိ၊ ငါးခြောက်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။

ကျော်ကျော်လင်း

# ဝမ်းတွင်းမြို့နယ် ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

ဝမ်းတွင်း ဩဂုတ် ၄

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ တစ်နိုင်တစ်ပိုင် အသေးစားစီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နိုင်စေရန် ရည်ရွယ်၍ ကျွဲတပ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်း အဖွဲ့ဝင်များနှင့်အတူ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၀ ဒသမ ၇ သန်းဖြင့် ဆောင်ရွက်ထားရှိသော စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကျွဲတပ်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၅ ဦးကို ငွေကျပ် ၃၆ ဒသမ ၂ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၃၁ ဦးကို ငွေကျပ် ၄ ဒသမ ၅ သန်း စုစုပေါင်းအသင်းသား၊ အသင်းသူ ၁၅၆ ဦးကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၄၀ ဒသမ ၇သန်း ထုတ်ချေးပေးထားကြောင်း ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

အောင်ရဲကျော်

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊၀၉-၄၅၈၈၉၁၃၀၀၊ ကြော်ငြာ-၈၄လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချီရေး-၀၂-၄၀၃၆၄၂၂။ E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဇေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

Yadanarbon newspaper

# မိတ္ထီလာမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကျင်းပ

**မိတ္ထီလာ ဩဂုတ် ၄**

မိတ္ထီလာမြို့နယ်၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၃ ရက် နံနက် ၁၀ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အမှတ်(၁)လူကုန်ကူးမှု တားဆီးကာကွယ် နှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်(မိတ္ထီလာ)မှ ဒုတိယရဲမှူးလှိုင်စိုးက လူကုန်ကူးမှုသမိုင်းနှင့် ခေတ်သစ်လူကုန်ကူးမှုပေါ်ပေါက်လာပုံ၊ ကမ္ဘာနှင့် မြန်မာနိုင်ငံတွင် ဖြစ်ပေါ်လာလျက်ရှိသော လူကုန်ကူးမှု အမျိုးအစားများ၊ လူကုန်ကူးမှုနှင့် ဆက်စပ်သည့် ဆိုးကျိုးများ၊ မြန်မာနိုင်ငံတွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မှုအခြေအနေများကို ဟောပြောခဲ့ကြောင်း သိရသည်။

ထို့နောက် အမှတ်(၉၆) ယာဉ်ထိန်းတပ်ဖွဲ့စု(မိတ္ထီလာ)မှ ဒုတိယရဲမှူးအောင်ကျော်မိုးက ယာဉ်အန္တရာယ်ကင်းရှင်းစေရန်နှင့်ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို သိရှိနားလည်စေရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းရန်၊ စည်းကမ်းရှိစွာသွားလာနိုင်ရန်နှင့် ၂၀၂၀ ပြည့်နှစ် ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် မော်တော်ယာဉ်စီမံခန့်ခွဲမှုဥပဒေ စသည့်အကြောင်းအရာများကို ဟောပြောခဲ့ပြီး တပ်ဖွဲ့ဝင်များက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေး လက်ကမ်းစာစောင်များကို အခမ်းအနားသို့ တက်ရောက်လာသော ကျောင်းသား၊ ကျောင်းသူများကို ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် နေပြည်တော်ကောင်စီနယ်မြေနေ ဒေါ်ခင်သိန်းဝင်း မိသားစုက ဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀၊ ဆေးပဒေသာပင်အတွက် ငွေကျပ် ၅၀၀၀၀၀ စုစုပေါင်း ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဦးမြတ်ကျော်က လက်ခံရယူစဉ်။

# မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၂၄၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မုံရွာ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၂၄၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၃၈၇၅ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလဒုတိယပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၂၄၁၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မုံရွာမြို့နယ်မှာ ဆီထွက်သီးနှံစုံ ၁၃၈၇၅ ဧက လျာထားစိုက်ပျိုးခဲ့ရာ ဒီနေ့ထိ ၁၂၄၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင်စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ စိုက်ပျိုးမှုအနေနဲ့ ကတော့ အောင်မြင်တဲ့အနေအထားမှာရှိပါတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

မုံရွာမြို့နယ်တွင် ဆီထွက်သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၃၂၅ ဧက၊ နှမ်းဧက ၁၁၆၇၀၊ နေကြာ ဧက ၄၂၀ စုစုပေါင်း ၁၂၄၁၅ ဧကဖြစ်ကြောင်း သိရသည်။

မုံရွာမြို့နယ်တွင် ဆီထွက်သီးနှံစိုက်ပျိုးသည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ကေတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံစုံကို အထွက်နှုန်းတိုးတက် ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

**(၂၀၆)**

# အမရပူရမြို့နယ်၌ ပြည်သူများစားအုန်းဆီ သက်သာချောင်ချိစွာဝယ်ယူနိုင်ရေး ဆောင်ရွက်ပေး

**အမရပူရ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ စားသုံးသူရေးရာဦးစီးဌာနက ပြည်သူများ စားအုန်းဆီဝယ်ယူရာ၌ သက်သာချောင်ချိရေးအတွက် အိမ်ထောင်စုတစ်စုလျှင် စားအုန်းဆီ နှစ်ပိဿာ ငါးဆယ်ကျပ်သားနှုန်းဖြင့် ဩဂုတ် ၁ ရက်မှ စတင်၍ တိုးမြှင့်ရောင်းချပေးနေကြောင်း သိရသည်။

စာအုန်းဆီများဖြန့်ဖြူးရောင်းချပေးရာတွင် စားသုံးသူပြည်သူများ အလေးချိန် မှန်မှန်ကန်ကန်ရရှိရေး၊ သတ်မှတ်ဈေးနှုန်းအတိုင်း ရရှိရေးအတွက်စားသုံးသူရေးရာဦးစီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ တာဝန်ခံများ၊ စားအုန်းဆီ လက်ကားကိုယ်စားလှယ်များ ပူးပေါင်း၍ အိုးတော်ရပ်ကွက်ရှိ ပြည်သူများ၏ အိမ်ထောင်စုအလိုက် စားအုန်းဆီဝယ်ယူခွင့်စာအုပ်အဟောင်းများကို အသစ်များလဲလှယ်ပေးခြင်း၊ စားအုန်းဆီဝယ်ယူခွင့်စာအုပ် မရှိသေးသူများကို အိမ်ထောင်စုဇယားမိတ္တူ၊ မှတ်ပုံတင်မိတ္တူအထောက်အထားများနှင့် စာအုပ်အသစ်များပြုလုပ်ပေးခဲ့ကြောင်း စားသုံးသူရေးရာဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိထွေးက ပြောကြားသည်။

ထိုသို့ ရောင်းချရာ၌ ရည်ညွှန်းဈေး စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၈၅၄၀ ဖြင့် စားအုန်းဆီ လက်ကားကိုယ်စားလှယ် ဒေါ်လုထွယ် ဆီရောင်းဝယ်ရေးနှင့် လက်လီအရောင်းဆိုင်ဖြစ်သည့် ရှင်းရှင်း ဆီရောင်းဝယ်ရေးတို့က အိုးတော်ရပ်ကွက်၊ တမာကုန်းရပ်ကွက်နှင့် ယက္ကန်းတော်ရပ်ကွက်တို့ရှိ အိမ်ထောင်စု ၁၃၀ အတွက် စားအုန်းဆီ ၃၂၅ ပိဿာ ရောင်းချပေးခဲ့ကြောင်း သိရသည်။

**လှဲ့လှဲ့ခိုင်**

# ကန့်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အောင်နိုင်တိုးစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့

**ကန်ကြီးထောင့် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း အောင်နိုင်တိုးစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးနှင့်ဖွဲရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လအတွင်းက အောင်နိုင်တိုးစပါး တင်းရေ ၃၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း အောင်နိုင်တိုးစပါး တင်းရေ ၄၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း အဆိုပါ အောင်နိုင်တိုးစပါး တင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၅၅၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း သိရသည်။

"ပြီးခဲ့တဲ့ ဇူလိုင်လအတွင်း အောင်နိုင်တိုးစပါး တင်းရေတော်တော်များများ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဒီဘက်က လယ်ယာထွက်ကုန်တွေ ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေပါတယ်။ အောင်နိုင်တိုးစပါးက ဆန်ကြမ်းအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ ဆန်ကြမ်းဆိုပေမဲ့ လူအများစုကြိုက်နှစ်သက်ပြီး စားလို့ကောင်းတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အောင်နိုင်တိုးစပါးကို ရန်ကုန်ဈေးကွက်က အခုလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်တာတွေ ရှိပါတယ်"ဟု ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးနှင့်ဖွဲရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ပြောပြသည်။

ကန်ကြီးထောင့်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ အောင်နိုင်တိုးစပါး တင်းရေအများအပြား တင်ပို့ရောင်းချနိုင်ခဲ့သည့်အတွက် စပါးစိုက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ် အငှားလိုက်သူများအလုပ်အကိုင်အခွင့်အလမ်း ရရှိနေကြောင်း ကန်ကြီးထောင့်မြို့နယ် ဆန်၊ စပါးနှင့် ဖွဲရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မိုးမိုးလွင်က ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# တောဆောင်းဦးထုပ်ကလေးတစ်လုံး

**မြင်းမူမောင်နိုင်မိုး**

- ဧည့်ခန်းအဝင် အလှဆင်သည့်
  သမင်ချိုထိပ် တွဲလောင်းချိတ်လျက်
  တံဆိပ်ကလေး အရောင်သွေးပင်
  မှေးမှိန်နွမ်းလျ မတောက်ပါတော့
  ကာလရှည်ညောင်း အဖေဆောင်းသည့်
  တောဆောင်းဦးထုပ်ကလေးတစ်လုံး။
- တိုင်းချစ်ပြည်ချစ် အမျိုးချစ်သည့်
  စစ်သားအဖေ တာဝန်ကျေ၍
  စစ်မြေရှေ့တန်း ချီတက်လှမ်း၍
  အောင်ပန်းဝေဝေ ပန်ဆင်လေတိုင်း
  နေပူလေပူ နွေအပူကို
  သူလည်းဝေမျှ ခံစားရလျက်
  ပီသရဲဘော် တိုက်ပွဲပျော်ဟု
  ဆိုသော်လည်းမှန် ရှေ့တန်းပြန်ပင်
  ကျည်ဆန်တွေကြား ယမ်းငွေ့ကြား၌
  လှုပ်ရှားခဲ့ကြောင်း သက်သေဆောင်သည်
  တောဆောင်းဦးထုပ်ကလေးတစ်လုံး။

တပ်မတော်တွင် တာဝန်ထမ်းဆောင်ခဲ့စဉ်က ဦးထုပ်ငါးမျိုး ဆောင်းခဲ့ရဖူးသည်။ ထိုဦးထုပ်ငါးမျိုးမှာ–

၁။ လျှာထိုးစစ်ဦးထုပ် (Cap G.S)
၂။ တောဆောင်းဦးထုပ် (Jungle Hat)
၃။ ဘယ်ရီဦးထုပ် (Beret Cap)
၄။ ဖိုက်ဘာခမောက် (Helmet Fibre)
၅။ အခမ်းအနားဦးထုပ် (Peak Cap)

စသည်တို့ဖြစ်သည်။ လေ့ကျင့်ရေးကာလ အပါအဝင် တာဝန်ထမ်းဆောင်သည့် ကာလ တစ်လျှောက်လုံး ထိုဦးထုပ်ငါးမျိုးကို အလှည့်ကျ ဆောင်းခဲ့ရသည်။ လျှာထိုးဦးထုပ်၊ စစ်ခမောက် ဦးထုပ်တို့မှာ လေ့ကျင့်ရေးကာလမှာဆောင်းခဲ့ရတာ များပါသည်။ Peak Cap ဦးထုပ်မှာလည်း အခမ်း အနားများတွင် ဆောင်းရတာများသည်။ ဘယ်ရီ ဦးထုပ်နှင့် Jungle Hat ခေါ် တောဆောင်းဦးထုပ် တို့ကတော့ ပေါ့ပေါ့ပါးပါးလည်းရှိ၊ ဆောင်း၍လည်း ကောင်းသည်။ အထူးသဖြင့် တောဆောင်းဦးထုပ် သည် စစ်ဆင်ရေးကာလတွင်ဖြစ်စေ၊ မြို့တွင်း ရွာတွင်း သွားလာသည့်အခါဖြစ်စေ၊ မီးရထား၊ မော်တော်ကားတို့နှင့် ခရီးသွားလာသည့်အခါဖြစ်စေ ဆောင်းရတာ အဆင်ပြေလှသည်။

တောဆောင်းဦးထုပ်သည် စစ်သည်များဆောင်း ရသော ဦးထုပ်များအနက် ကျွန်တော်အနှစ်သက်ဆုံး ဦးထုပ်ဖြစ်သည်။ စစ်ဆင်ရေးစတင်ထွက်ခွာမည်ဆို ကတည်းက တပ်ရင်းတစ်ရင်းလုံးတန်းစီကာ တော ဆောင်းဦးထုပ်ဆောင်းပြီး စစ်ထွက်မိန့်ခွန်းပြောရ သည်။ ပြီးတော့ ရှေ့တန်းသို့ချီတက်ခါနီး နောက်တန်း တွင် ကျန်ရစ်ခဲ့ကြမည့်ဇနီးသည်များက မိမိတို့ခင်ပွန်း များ၏ ဦးခေါင်းထက်ရှိ တောဆောင်းဦးထုပ် ကလေးများမှာ သပြေခက်ကလေးများ ထိုးစိုက်ပေး လိုက်ကြသည်။ သပြေခက်ကလေးများ ထိုးစိုက်ပေး ကြရင်းမှ မှာကြားစရာစကားလေးများကို တိုးတိုး တိတ်တိတ် မှာကြားကောင်း မှာကြားနိုင်ပေသေး သည်။ တောဆောင်းဦးထုပ်ကလေးသာ အသက်ရှိ လျှင် အမှာစကားလေးများကို သူလည်းသိနိုင် ပေမှာပဲ။

ကျွန်တော်သည် တောဆောင်း ဦးထုပ်ကလေးကို အလွန်ချစ်မြတ်နိုးသည်။ အငြိမ်းစားယူခါနီးကာလ နောက်ဆုံးဆောင်းခဲ့သော ဦးထုပ်ကလေးကိုဧည့်ခန်း ထဲက သမင်ချိုထိပ်မှာ ချိတ်ထားသည်။ သားကြီး မြတ်သူရမောင်က ရှစ်နှစ်သားအရွယ်သာ ရှိသေး တော့ ကလေးပီပီ မေးမြန်းလေသည်။

"အဖေ ဒီတောဆောင်းဦးထုပ်လေးကို ဘာလို့ ဒီလောက်ချစ်တာလဲဟင်"

"သြော်... သားရယ်၊ ဒီ ဦးထုပ်လေးက အဖေနဲ့ အတူ ခရီးတွေအများကြီးသွားခဲ့ဖူးတယ်။ စစ်ဆင်ရေး မှာလဲ သူနဲ့အတူတူ၊ တောတွေ၊ တောင်တွေ၊ ချောင်း မြောင်းတွေ ဖြတ်တော့လဲ သူနဲ့အတူတူ၊ စစ်ထွက် မိန့်ခွန်းပြောတော့လဲ သူနဲ့အတူတူ၊ အတူတူတွေ အများကြီးဖြစ်ခဲ့ဖူးတော့ အဖေ့ရဲ့ ရဲဘော်ရဲဘက် တွေပဲပေါ့ကွယ်။ ဒ့ါပြင်–

- အဖေ့ဦးခေါင်း အမြဲဆောင်း၍
  ဟောင်းလည်းဟောင်းလှ မြင်မလှလည်း
  သားလှဖခင် စစ်မြေပြင်သို့
  စစ်ဆင်ရေးတွက်
  ရှေ့တန်းတက်သော်
  စစ်သည်များသို့ စစ်ထွက်စကား
  ပြောကြားတိုင်းပင် သူနားဆင်လျက်
  တူယှဉ်ပျော်မွေ့ အနေ့နေ့၌
  အဖေ့ဆံစ စိမ့်ယိုကျသည့်
  ချွေးစများပြား သူသိမ်းထား၏
  တောင်များကွေ့ကောက်
  သူလည်းရောက်၏။
  ချောက်လျှိုမြိုင်တွင်း
  သူလည်းဆင်း၍
  တောနင်းခဲ့ရာ သူလည်းပါ၏
  ရှည်ကြာရက်နေ့ ရာသီရွေ့သော်
  အဖေ့ရုပ်သွင် ပုံရိပ်ထင်အောင်
  သူလျှင်ပြန်ပြောင်း
  ပြောနိုင်ကောင်းသည်
  တောဆောင်းဦးထုပ်ကလေးပါကွယ်။
- ထို့ပြင်မျှော်မှန်း သားမြင်စမ်းလော့
  ရှေ့တန်းစစ်မြေ ချီတက်လေတိုင်း
  သပြေတစ်ခက် ဦးခေါင်းထက်၌
  ပေးဆက်မြဲပင် သားမိခင်၏
  ချိုလွင်နှုတ်ဖျား မှာစကားနှင့်
  မှာကြားတွတ်တွတ် မယားဝတ်ကို
  မချွတ်စေရ တော်လေးဝသို့
  တူကွပါရမီ ဖြည့်ရှာသည်လည်း
  သူသည်ဆတ်ဆတ် ကြားသိလတ်မို့
  ပုံ့ဆွတ်ထုံအိ မေတ္တာပြည့်သည့်
  သား၏မိခင် ပုံရိပ်ထင်အောင်
  သူလျှင်ပြန်ပြောင်း
  ပြောနိုင်ကောင်းသည်
  တောဆောင်းဦးထုပ်ကလေးပါကွယ်။

သားလေးမြတ်သူရနှင့် သမီးလေး မြတ်သီရိတို့ သည် ကျွန်တော်ပြောသမျှကို နားလည်တချို့ နားမလည်တချို့ ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ သို့သော် သူတို့စိတ်ဝင်စားကြ၏။ ရှေ့တန်းမှာဘယ်လို အခက်အခဲတွေ ကြုံရသလဲ၊ တိုက်ပွဲတွေဖြစ်တော့ ဘယ်လိုနေလဲ၊ အဖေတို့က အမြဲနိုင်တာပဲလား စသည်ဖြင့် ကလေးအတွေးဖြင့် သိချင်တာတွေကို မေးမြန်းကြလေသည်။

ရှေ့တန်းဆိုတာက ဒီလိုရှိတယ် သားနဲ့သမီးရဲ့ ဟုအစချီပြီး သူတို့နားလည်အောင် ရှင်းပြရလေသည်။ စစ်တိုက်တယ်ဆိုတာ အမြဲကိုယ်ကချည်း အသာစီး ရတာမဟုတ်ကြောင်း၊ တစ်ခါတစ်ရံမှာ ရန်သူက အသာစီးရနေတာမျိုးလည်းရှိကြောင်း၊ ထိုအခါမျိုး တွင် မိမိဘက်မှ အထိအခိုက် နည်းနိုင်သမျှ နည်းအောင် စီမံခန့်ခွဲရင်း ရန်သူကိုအနိုင်ရစေရန် နည်းလမ်းအမျိုးမျိုး ရှာကြံရကြောင်းလည်း ရှင်းပြ ရလေသည်။

> ❖ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ အဖေဆိုတဲ့ရုပ်ခန္ဓာကြီးလည်း မြူမှုန်လေးတစ်ပွင့်လို လောကထဲကနေ ပျောက်ကွယ်သွားရမှာပါပဲ။ အဖေပျောက်ကွယ်သွားတဲ့အခါမှာ အဖေ့ရင်ထဲကပေးချင်ခဲ့တဲ့ လက်ဆောင်မွန် တောဆောင်းဦးထုပ်ကလေးကနေပြီး ဟိုတစ်ခါတုန်းက မင်းတို့အဖေဟာ ဘယ်လိုဘယ်ပုံ အပင်ပန်းအဆင်းရဲခံခဲ့ကြောင်း၊ အသက်ကိုပေးအပ်ဖို့ ဝန်မလေးတဲ့ စစ်သားကြီးတစ်ယောက်အဖြစ် တိုင်းပြည်ကို ချစ်မြတ်နိုးခဲ့ကြောင်း၊ နွေမရှောင်၊ မိုးမရှောင်၊ တောကြား တောင်ကြား လှည့်လည်သွားခဲ့ကြောင်း၊ အဲဒီအကြောင်းတွေကို ဟောဒီ တောဆောင်းဦးထုပ်ကလေးက ပြောပြပါလိမ့်မယ်သားရယ်။ ❖

တောဆောင်းဦးထုပ်ကလေး အကြောင်းကို ပြောပြရင်း သားတို့၊ သမီးတို့သည် အဖေ့ဘဝ၊ အဖေ့ အတွေ့အကြုံများကို စိတ်ဝင်စားလာခဲ့ကြသည်။ အဖေ့ရဲဘော် စစ်သည်တော်လေးတွေ တစ်ခါတစ်ရံ မှာ ရှေ့တန်းစစ်မြေပြင်၌ ဒဏ်ရာရ ကျဆုံးတာ မျိုးလည်း ရှိခဲ့ကြောင်းပြောပြတော့ သားတို့၊ သမီးတို့ သည် စိတ်မကောင်းကြပေ။

- ထို့ပြင်သားလေး ဆက်၍တွေးသော်
  အတွေးထဲတွင် ပုံရိပ်ထင်မည်
  အောင်မြင်သောနေ့ ကြိမ်ကြိမ်တွေ့၍
  အဖေ့ရင်မှာ ပီတိဖြာသို့
  ရိက္ခာစားနပ် တောမြိုင်ရပ်၌
  ပြတ်လည်းအတူ ငတ်အတူပင်
  သေတူသက်နှင်း စစ်တလင်း၌
  ထမင်းလည်းမေ့ ဟင်းလည်းမေ့သည်
  အဖေ့ရဲဘော် စစ်သည်တော်တို့
  ချွတ်ချော်တိမ်းစောင်း
  တောမြိုင်စောင်း၌
  စက်လျှောင်းအိပ်ပျော်
  ကျန်ခဲ့သော်လျှင်
  သြော်... ချန်ထားရက်ရက်
  မထားရက်နှင့်
  စက်လက်မျက်ရည် ကြွေဖူးသည်ကို
  သူသည်မြင်သိ ရင်နင့်မိလိမ့်
  ပြည်၏ရင်နှစ် အမျိုးချစ်သည့်
  စစ်သည်ဘဝ ဂုဏ်ပြုရတိုင်း
  အညတရပုံရိပ် ရှေးနိမိတ်နှင့်
  အတိတ်ဇာတ်ကြောင်း
  ပြောနိုင်ကောင်းသည်
  တောဆောင်းဦးထုပ်ကလေးပါကွယ်။

နောက်ဆုံးပြောချင်သည်ကတော့ အငြိမ်းစား ယူခဲ့တဲ့ အဖေ့မှာ စိန်ရွှေရတနာတွေ၊ အဖိုးတန်ပစ္စည်း တွေ မရှိပါ။ မပိုင်ဆိုင်ပါ။ အဖေ့ဘဝနှင့်ထပ်တူ တစ်ချိန်လုံး အနီးကပ်ရှိနေခဲ့သော အဖေ့နဖူးဆံစက စိမ့်ယိုကျတဲ့ ချွေးစလေးတွေကို သိမ်းဆည်းထားတဲ့ ဟောဒီဦးထုပ်ကလေးကိုပဲ အမှတ်တရပေးချင်ပါ တယ်ဟု ပြောပြရလေသည်။

လူ့ဘဝဆိုတာ ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတဲ့ စကားဟာ အလွန်မှန်ကန်လှပေတာပဲ။ ယခုအခါ အဖေသည် အသက်အရွယ်ရလာခဲ့ပြီ။ အိုမင်းမစွမ်း မဟုတ်သော်လည်း ငယ်ငယ်ကလို သွက်လက် ဖျတ်လတ်ခြင်း မရှိတော့သည်ကတော့ အမှန်ပင်။ တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ အဖေဆိုတဲ့ ရုပ်ခန္ဓာ ကြီးလည်း မြူမှုန်လေးတစ်ပွင့်လို လောကထဲကနေ ပျောက်ကွယ်သွားရမှာပါပဲ။

အဖေပျောက်ကွယ်သွားတဲ့အခါမှာ အဖေ့ရင်ထဲ က ပေးချင်ခဲ့တဲ့ လက်ဆောင်မွန် တောဆောင်းဦးထုပ် ကလေးကနေပြီး ဟိုတစ်ခါတုန်းက မင်းတို့အဖေဟာ ဘယ်လိုဘယ်ပုံ အပင်ပန်း အဆင်းရဲခံခဲ့ကြောင်း၊ အသက်ကိုပေးအပ်ဖို့ ဝန်မလေးတဲ့ စစ်သားကြီး တစ်ယောက်အဖြစ် တိုင်းပြည်ကို ချစ်မြတ်နိုးခဲ့ ကြောင်း၊ နွေမရှောင်၊ မိုးမရှောင်၊ တောကြား တောင်ကြား လှည့်လည်သွားခဲ့ကြောင်း၊ အဲဒီ အကြောင်းတွေကို ဟောဒီ တောဆောင်းဦးထုပ် ကလေးက ပြောပြပါလိမ့်မယ်သားရယ်။

ဒါကြောင့် အဖေကတော့ သားအတွက် (သားတို့၊ သမီးတို့အတွက်) လက်ဆောင်မွန်ကောင်းအဖြစ် တောဆောင်းဦးထုပ်ကလေးတစ်လုံးကို အမှတ် တရ ထားရစ်ခဲ့ကြောင်း ကဗျာလေးတစ်ပုဒ် ဖွဲ့ဆို ခဲ့ပါသည်။

- သြော်. . . သားချစ်လူလှ
  မြတ်သူရ ရေ
  သားလှအဖေ တာဝန်ကျေပြီ
  စစ်မြေနှလုံးသား ရင်ဝယ်ထားရင်း
  အနားယူချိန် အိမ်ပြန်ချိန်ဝယ်
  စိန်ရွှေရတနာ ဖိုးထိုက်စွာကို
  သည်းချာရင်သွေး သားလူလေးသို့
  ပေးခွင့်မသာ ခွင့်လွှတ်ပါလေ
  မာတာပီတ မိနှင့်ဖ၏
  ဘဝသရုပ် သွန်းပုံလုပ်သို့
  ဦးထုပ်ကလေး ချွေးနံ့မွှေးကို
  လေးလေးမြတ်မြတ် သားချစ်တတ်ဖို့
  အမှတ်ထင်ထင် ပေးခဲ့ချင်သည်
  နောင်တွင်လောက နိယာမပင်
  ကာလများစွာ ကြာကြီးကြာ၍
  ဇရာဖိစီး အဖေကြီးသော်
  သို့တည်းမဟုတ် ခန္ဓာရုပ်တို့
  ငြိမ်းချုပ်ပျက်ကွာ ကြုံရပါသော်
  "တစ်ခါတုန်းဆီ အစချီလျက်
  ရာသီဝိုးဝါး မိုးကြိုးကြားလည်း
  သွားခဲ့မရှောင် သတ္တိပြောင်ကြောင်း
  ညဥ့်မှောင်ဟင်းလင်း
  သူ့သတ်ကွင်းလည်း
  ချဉ်းခဲ့မကြောက် ရဲရဲတောက်ကြောင်း
  ထက်အောက်ရန်သူ ရန်မူဝိုင်းပတ်
  ကာဆီးလတ်လည်း
  မားမတ်ကြံ့ခိုင် ထိုးဖောက်ဆိုင်ကာ
  အနိုင်ကြဲလျက် ပြိုင်ပွဲဆက်ကြောင်း
  အသက်ကိုပေး သစ္စာ'လေး' ကို
  ဦး ဆွေးဆံမြည့် ထမ်းခဲ့ဘိကြောင်း
  ပီတိလွှမ်း၍ လွမ်းငွေ့ငွေ့ဖြင့်
  အဖေ့ဘဝ အစအဆုံး

စာမျက်နှာ ၅ သို့ á

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ ကြွက်သားတွေကလည်း ပိုမို အဆီပိုတွေ မရှိတော့ဘူးဆိုရင် ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ် တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ၅၇၄၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**မော်လိုက် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌စပါး ၅၇၄၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မော်လိုက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မော်လိုက်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ စပါး ကေ ၁၉၅၁၀ စိုက်ပျိုးရန်လျာထားပြီး အဆိုပါ မိုးစပါးစိုက်ပျိုးမှုကို ယခုနှစ် ဇူလိုင်လ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၅၇၄၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မော်လိုက်မြို့နယ်မှာ စပါးကေ ၁၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ကေ ၅၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ လိုအပ်တဲ့ နည်းပညာတွေ၊ မျိုးကောင်းမျိုးသန့်တွေရရှိအောင် ဆောင်ရွက်ပေးနေပါတယ်။ မိုးစပါးစိုက်ပျိုးရာမှာ အခက်အခဲမရှိ စိုက်ပျိုးနိုင်ဖို့အတွက်လဲ စိုက်ပျိုးရေးဦးစီးဌာနနဲ့ဒေသခံတောင်သူတွေ ပူးပေါင်းဆောင်ရွက် နေပါတယ်"ဟု မော်လိုက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောပြသည်။

မော်လိုက်မြို့နယ်တွင် မိုးစပါးစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်း၊ သီးနှံများ ပျက်စီးဆုံးရှုံးမှုမရှိစေရန်၊ ပိုးမွှားကျရောက်မှုမရှိစေရန်၊ ကင်းထောက်မှတ်တမ်းယူခြင်း၊ တမန်းနှီး ပေါင်းထိုးခြင်း၊ မျိုးကွဲနုတ်ပယ်ခြင်း၊ ဓာတ်မြေဩဇာစနစ်တကျသုံးစွဲခြင်း စသည့်စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပါးကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် စပါးကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မော်လိုက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိန်ဦးက ပြောပြ၍ သိရသည်။

(၂၀၆)

# မြန်မာ့စိတ်ထား

- မျိုးမြန်မာ စိတ်ထားက
အရိပ်အလား အေးပေသည်၊
အားနည်းသူ ကူကြလို့
ထူမ ရှင်ကြည်၊
လိုနေက ပေးဖို့ရည်
ဘေးတို့မတည် မြန်မာ့နန်း၊
အပေးအလှူ အကူအမျှ
ဖြူကြ စိတ်ဝမ်း။

- များကျိုးဆို မပျက်ပယ်တမ်း
ရွက်သယ်ထမ်းလို့ နိုင်ရာကူ၊
ကောင်းကျိုးတွေ ဆောင်သမျှ
အောင်ကြည်ညီတူ၊
စိတ်ရင်းက ရိုးသားဖြူ
တိုးပွားသူ အားကျမှန်း၊
ကုသိုလ်သာ ဘဝသည်းမှာ
ဆင်မြဲခြုံလွှမ်း။

- အကုသိုလ် ပယ်စမ်းပေါ့
နယ်တစ်ဝှမ်း လက်မခံ၊
မြတ်ဗုဒ္ဓါ တရားဓမ္မ
ပွားကြကေန်၊
ဖြစ်ပျက်နဲ့ ရှုပြန်
လူ့ကံကို နှလုံးသွင်း၊
မြတ်နိဗ္ဗာန် ရည်မျှော်သမို့
ရွှေပြည်တော် သာယာအောင်ဖြင့်
အခါခါ ကုသိုလ်လွှမ်း
အိုကွယ်...
ပန်းမေတ္တာခင်း။ ။

လွမ်းလေးကို(သရက်)

# ပြင်ဦးလွင်မြို့နယ် ညံ့ညင်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ပြင်ဦးလွင် ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီးပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အောင်ချမ်းသာကျေးရွာအုပ်စု ညံ့ညင်းသာကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပြင်ဦးလွင်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆက်နိုင်ထွန်းက စီမံကိန်းအကြောင်းအရာများ၊ စီမံကိန်းလည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပြင်ဦးလွင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်ကေသွယ်မျိုးက အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ရန်ပုံငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၆၂၇ သိန်း လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ညံ့ညင်းသာကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူစုစုပေါင်း အသင်းသား၊ အသင်းသူ ၄၉ ဦးကို ရန်ပုံငွေကျပ် ၆၂၇ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**ချိုသန်းညွန့်**

á **စာမျက်နှာ ၄ မှအဆက်**

သီကုံးချီလွှင် နာခံချင်အောင်
သံစဉ်မဲ့တေး သူသီကြွေးလျက်
ဆေးမဲ့ပန်းချီ သူခြယ်မည်တည့်
ထိုဆီကာလ သားလူလှလျှင်
ဖမိချစ်မြတ် လေးစားအပ်သည့်
စိတ်ဓာတ်အမွေ ပိုင်ဆိုင်ပေလျက်
စိတ်နေလည်းမြင့် အတွေးမြင့်ကာ
နွေနှင့်မိုးဆောင်း
အဖေဆောင်းသည့်
တောဆောင်းကလေး
ဟောင်းမြည့်ဆွေးကို
ဟောင်းသေးမထင် သား၏ရင်ဝယ်
သစ်လွင်အမြဲ ချစ်ခင်စွဲလျက်
သားလည်းအဖေ ဖြစ်ဘိချေသော်
**"အဖေ၏သား မြေးမြစ်များသို့**
**အဖေ၏အား မျိုးဆက်များသို့"**
ဆင့်ပွားအမွေ ကမ်းဆက်ပေမည်
အဖေချင့်တွက် မျှော်လင့်ချက်ဖြင့်
လက်ဆောင်မွန်ကောင်း
ပေးပါကြောင်းလျှင်
တောဆောင်းဦးထုပ် ထိုသရုပ်...။
အဖေ့ဘဝ ကဗျာတစ်ပုဒ်...။
သားသားအတွက် ဖတ်စာအုပ်...။

အဖေ့ဘဝတစ်ခုလုံးကို ဖော်ကျူးနိုင်တဲ့ ကဗျာတစ်ပုဒ်အနေနဲ့ပဲဖြစ်ဖြစ်၊ သားအတွက် ဖတ်စာအုပ်ကလေးတစ်အုပ်အနေနဲ့ပဲဖြစ်ဖြစ် တောဆောင်းဦးထုပ်ကလေးကို ချစ်မြတ်နိုးပါစေကြောင်း ကဗျာကလေးတစ်ပုဒ် ရေးဖွဲ့ခဲ့မိပါတယ် သားတို့၊ သမီးတို့ရယ်။

# ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးအတွက် အလွတ်သဘောမဲခွဲပွဲ ယခုလအတွင်း လုံခြုံရေးကောင်စီကျင်းပဖွယ်ရှိ



နယူးယောက် ဩဂုတ် ၄

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် သစ်ရွေးချယ်ရေးအတွက် အလွတ်သဘောမဲခွဲပွဲသစ်ကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ယခုလ အတွင်း ကျင်းပဖွယ်ရှိကြောင်း ဒိန်းမတ်နိုင်ငံက ဩဂုတ် ၃ ရက် တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဒိန်းမတ်နိုင်ငံသည် ယခုနှစ် ဩဂုတ်လ၏ ကုလသမဂ္ဂလုံခြုံရေး ကောင်စီ အလှည့်ကျဥက္ကဋ္ဌနိုင်ငံ ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ သည် လက်ရှိအတွင်းရေးမှူးချုပ် အန်တိုနီယို ဂူတာရက်စ်နေရာကို ဆက်ခံမည့် အတွင်းရေးမှူးချုပ် သစ်ရွေးချယ်ရေးအတွက် ပထမဆုံး အကြိမ် အလွတ်သဘောမဲခွဲပွဲကို ကုလသမဂ္ဂ လုံခြုံရေးကောင်စီက ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်း က ကျင်းပခဲ့ပြီးဖြစ်သည်။

လက်ရှိ ကုလသမဂ္ဂအကြီး အကဲ အန်တိုနီယိုဂူတာရက်စ်သည် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ရာထူးကို ငါးနှစ်သက်တမ်းနှစ်ကြိမ် တာဝန် ထမ်းဆောင်ခဲ့ပြီးနောက် ယခုနှစ်ကုန်ပိုင်းတွင် တာဝန်မှ အနားယူမည်ဖြစ်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ရာထူးအတွက် ပါဝင်ယှဉ်ပြိုင်ရန် ချီလီ၊ အီကွေဒေါ၊ ဆီနီဂေါ၊ ယူဂန်ဒါ၊ ကော်စတာရီကာ၊ အာဂျင်တီးနား နိုင်ငံတို့မှ ကိုယ်စားလှယ် ခုနစ်ဦး ပါဝင်ယှဉ်ပြိုင်မည် ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ၏ ပထမအကျော့အလွတ်သဘော မဲခွဲပွဲရလဒ်များအရ ကော်စတာရီ ကာ ဒုတိယသမ္မတ ရီဘက်ကာ ဂရင်းစပင်းက အခြားပြိုင်ဘက် များအပေါ် မဲအသာရရှိထား ကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် အီရန်ကို စစ်ရေးအရ ထပ်မံခြိမ်းခြောက်



ဝါရှင်တန် ဩဂုတ် ၄

ငါးလကြာ အီရန်စစ်ရေးပဋိပက္ခ အဆုံးသတ်ရေးအတွက် သဘော တူညီချက်မယူခဲ့ပါက အီရန်အစိုးရ အနေဖြင့် စစ်ရေးအရ အမြစ်ဖြတ် တိုက်ခိုက်မှုနှင့် ရင်ဆိုင်ရမည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့် က ဩဂုတ် ၃ ရက်တွင် သတိပေး ပြောကြားခဲ့ကြောင်း RT သတင်း ဌာနက ယနေ့တွင်ဖော်ပြ ထားသည်။

အီရန်နိုင်ငံအနေဖြင့် လက်ရှိ စစ်ရေးပဋိပက္ခကို အဆုံးသတ်ရေး အတွက် သဘောတူညီချက်တစ် ရပ်ရယူနိုင်ရန် နောက်ဆုံးအခွင့် အလမ်းရှိနေကြောင်း သမ္မတ ဒေါ်နယ်ထရမ့်က သတင်းထောက် များနှင့်တွေ့ဆုံစဉ် ထုတ်ဖော် ပြောကြားခဲ့သည်။

ဩဂုတ် ၃ ရက်တွင် အမေရိကန် နှင့် အီရန်နိုင်ငံတို့ကြား စစ်ရေး ပဋိပက္ခ အဆုံးသတ်ရေး ဆွေးနွေး ပွဲများ ကျင်းပမည်ဖြစ်ကြောင်း ပြောကြားခဲ့ပြီး တစ်ရက်အကြာ တွင် သမ္မတဒေါ်နယ်ထရမ့်က အီရန်နိုင်ငံကို စစ်ရေးအရထပ်မံ ခြိမ်းခြောက်ခဲ့ခြင်း ဖြစ်သည်။

သို့ရာတွင် လက်ရှိတွင် အီရန် စစ်ရေးပဋိပက္ခ အဆုံးသတ်ရေး အတွက် မည်သည့်ဆွေးနွေးပွဲမျှ ကျင်းပနေခြင်းမရှိကြောင်း အီရန် မီဒီယာများက ဩဂုတ် ၃ ရက် တွင် သတင်းထုတ်ပြန်ထားသည်။

အဆိုပါ သတင်းထုတ်ပြန် ချက် ပေါ်ထွက်လာခဲ့ပြီးနောက် အီရန်အစိုးရကို ကောက်ကျစ်သည့် အစိုးရအဖြစ် အမေရိကန် သမ္မတ ဒေါ်နယ်ထရမ့်က ဝေဖန်ပြောကြား ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# နိုင်ငံ ငါးနိုင်ငံရှိကောင်စစ်ဝန်ရုံးများ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန ပိတ်သိမ်းမည်

ဝါရှင်တန် ဩဂုတ် ၄

အမေရိကန်နိုင်ငံ၏ ကမ္ဘာ့တစ် ဝန်းသံတမန်အင်အားကို လျှော့ချ သည့်အနေဖြင့် ပြည်ပနိုင်ငံ ငါးနိုင်ငံ ရှိကောင်စစ်ဝန်ရုံးများကို ပိတ်သိမ်း ရန်စီစဉ်ထားမှုကို အမေရိကန် နိုင်ငံခြားရေး ဝန်ကြီးဌာနက ကွန်ဂရက်လွှတ်တော်သို့ အသိပေး ထားကြောင်း ဩဂုတ် ၃ ရက် သတင်းများတွင် ရေးသားတင်ပြ ခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ကွန်ဂရက်လွှတ်တော်သို့ပေးပို့ ထားသည့် အသိပေးချက်အရ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဌာနသည် ဂရီနာဒါနိုင်ငံ၊ ဂျပန် နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံ၊ ကင်မရွန်း နိုင်ငံ၊ ကနေဒါနိုင်ငံတို့ရှိကောင်စစ် ဝန်ရုံးများကို ပိတ်သိမ်းရန်စီစဉ် ထားကြောင်း သိရသည်။

အဆိုပါကောင်စစ်ဝန်ရုံးများ ကို ကမ္ဘာ့တစ်ဝန်းရှိ အမေရိကန် သံတမန် အင်အားလျှော့ချရေး လုပ်ငန်းစဉ်အရ ပိတ်သိမ်းရန် အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဌာနက စီစဉ်ထားခြင်းဖြစ်သည်။

ဂရီနာဒါ၊ ဂျပန်၊ အင်ဒိုနီးရှား၊ ကင်မရွန်း၊ ကနေဒါနိုင်ငံတို့ရှိ ကောင်စစ်ဝန်ရုံးများကို ပိတ်သိမ်း မည့်အစီအစဉ်သည် မည်သည့် ပထဝီနိုင်ငံရေး ဖြစ်စဉ်နှင့်မျှ ဆက်စပ်မှုမရှိကြောင်း အမေရိကန် နိုင်ငံအစိုးရ သတင်းအရင်းအမြစ် များက ပြောကြားထားသည်။

သတင်းအရင်းအမြစ်များ၏ အဆိုအရ အမေရိကန်နိုင်ငံခြား ရေးဝန်ကြီးဌာနသည် ပြည်ပ သံတမန်မစ်ရှင် ၃၀ ခန့်ကို ပိတ်သိမ်းရန် ရည်ရွယ်ထားသည် ဟု အမေရိကန်မီဒီယာများက သတင်းထုတ်ပြန်ထား ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ကွန်ဂိုအရှေ့ပိုင်း၌ အီဘိုလာဗိုင်းရပ်စ် ကူးစက်သူ ဦးရေ ၃၈၀၀ ကျော်ရှိလာ

ကင်ရှာဆာ ဩဂုတ် ၄

ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ ယနေ့ တွင် အီဘိုလာဗိုင်းရပ်စ်ကူးစက်သူ ၃၈၀၂ ဦးထိရှိလာခဲ့ပြီဟု ကွန်ဂို ကျန်းမာရေးဝန်ကြီးဌာန သတင်း ထုတ်ပြန်ခဲ့ကြောင်း Xinhua သတင်းဌာန ဖော်ပြထားသည်။

ထို့ပြင် အီဘိုလာဗိုင်းရပ်စ် ရောဂါကြောင့် ကွန်ဂိုအရှေ့ပိုင်း၌ သေဆုံးသူ ဦးရေ ၁၇၀၀ ကျော်ထိ ရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ကွန်ဂိုအရှေ့ပိုင်း၌ အီဘိုလာဗိုင်းရပ်စ် ကူးစက်မှုနှုန်း အမြင့်ဆုံးအဆင့်သို့ မည်သည့် အချိန်တွင် ရောက်ရှိမည်ကို မခန့် မှန်းနိုင်သေးကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့်ကာကွယ် ရေးဗဟိုဌာန တာဝန်ရှိသူများက ပြောကြားထားသည်။

ကွန်ဂိုနိုင်ငံအရှေ့ပိုင်း၌ လက်ရှိ ဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်စ် ကူးစက်မှုကပ်ဘေးကို ကမ္ဘာ့ကျန်း မာရေးအဖွဲ့(WHO)က ယခုနှစ် မေလအတွင်း နိုင်ငံတကာပြည်သူ့ ကျန်းမာရေး အရေးပေါ်အခြေအနေ အဖြစ်ကြေညာထားပြီး ဖြစ်သည်။

ကွန်ဂိုအရှေ့ပိုင်း၌ လက်ရှိကူး စက်နေသည့် အီဘိုလာဗိုင်းရပ်စ်မှာ Bundibugyo အမျိုးအစား ရှားပါး အီဘိုလာဗိုင်းရပ်စ် ဖြစ်သည်။

လက်ရှိတွင် Bundibugyo အီဘိုလာဗိုင်းရပ်စ်အတွက် ကာ ကွယ်ဆေးနှင့် သီးသန့်ကုထုံးများ မရှိသေးဟုWHO တာဝန်ရှိသူ များက ပြောကြားထားကြောင်း သိရသည်။ Ref : Xinhua

Trs : KKO

# အင်တက်ဘီလေဆိပ် ဓားစာခံကယ်ဆယ်ရေး စစ်ဆင်ရေးတွင် ကျဆုံးခဲ့သော အစ္စရေးစစ်သည်ရုပ်တု ယူဂန်ဒါ ဖွင့်လှစ်




ကမ်ပါလာ ဩဂုတ် ၄

၁၉၇၆ ခုနှစ် အင်တက်ဘီလေ ဆိပ်ဓားစာခံကယ်ဆယ်ရေးအတွင်း ကျဆုံးခဲ့သော အစ္စရေးအထူးတပ် ဖွဲ့ဝင် ယိုနာတန်နေတန်ယာဟု အတွက် ဂုဏ်ပြုထုဆစ်ထားသော အထိမ်းအမှတ်ရုပ်တုကို ယူဂန်ဒါ တပ်မတော်က စတင်ထုတ်ဖော် ပြသခဲ့ကြောင်း ယနေ့သတင်းများ တွင် ရေးသားတင်ပြခဲ့သည်ဟု RT သတင်းဌာနက ဖော်ပြထားသည်။

ယိုနာတန် နေတန်ယာဟု အထိမ်းအမှတ်ရုပ်တုကို ယူဂန်ဒါ စစ်ဦးစီးချုပ် မူဟိုဇီကိုင်နာရူ ဂါဘာက ဩဂုတ် ၁ ရက်တွင် ဖွင့် လှစ်ပေးခဲ့ခြင်းဖြစ်သည်။

အစ္စရေး ဒုတိယဗိုလ်မှူးကြီး ယိုနာတန် နေတန်ယာဟု၏ သူရ သတ္တိကို ဂုဏ်ပြုသည့် အနေဖြင့် အဆိုပါ အထိမ်းအမှတ်ရုပ်တု ကို ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကြောင်း ယူဂန်ဒါစစ်ဦးစီးချုပ် ကိုင်နာရူဂါ ဘာက ထုတ်ဖော်ပြောကြား ခဲ့သည်။

၁၉၇၆ ခုနှစ် ဇူလိုင်လအတွင်း အစ္စရေးမှ ပြင်သစ်သို့ ဦးတည်ပျံ သန်းနေသောခရီးသည် ဦးရေ ၁၀၀ ကျော်လိုက်ပါလာသည့် အဲဖရန့် လေကြောင်းလိုင်း ခရီးသည်တင် လေယာဉ်ကို ပါလက်စတိုင်းလူမျိုး နှစ်ဦးနှင့် ဂျာမန်လူမျိုးနှစ်ဦးတို့က ယူဂန်ဒါနိုင်ငံ အင်တက်ဘီမြို့ လေဆိပ်သို့ ပြန်ပေးဆွဲခေါ်ဆောင် ခဲ့သည်။


အဆိုပါ ဓားစာခံများကို ဒုတိယ ဗိုလ်မှူးကြီး ယိုနာတန်နေတန်ယာ ဟုဦးဆောင်သောအစ္စရေး ကွန်မန် ဒိုတပ်ဖွဲ့က ကယ်ဆယ်ခဲ့ရာစစ်ဆင် ရေးအောင်မြင်ခဲ့သော်လည်း ယိုနာ တန်နေတန်ယာဟု ကျဆုံးခဲ့ ရသည်။

ယိုနာတန် နေတန်ယာဟုသည် လက်ရှိအစ္စရေးဝန်ကြီးချုပ် ဘင်ဂျ မင်နေတန်ယာဟု၏ အစ်ကိုအကြီး ဆုံးဖြစ်ကြောင်း သိရသည်။

Ref : RT

Trs : KKO

# နဂါးငွေ့တန်းကြယ်စုအတွင်း ပုန်းကွယ်တည်ရှိနေသော အာကာသတွင်းနက်အရေအတွက်ကို ကွန်ပျူတာပုံစံအသုံးပြု၍ တွက်ချက်ခဲ့



**ဝါရှင်တန် ဩဂုတ် ၄**

နဂါးငွေ့တန်းကြယ်စုအတွင်း ပုန်းကွယ်တည်ရှိနေသော အာကာသတွင်းနက် အရေအတွက်ကို အမေရိကန်သိပ္ပံပညာရှင်များက ကွန်ပျူတာစံပြပုံစံ အသုံးပြု၍ တွက်ချက် ခဲ့ကြကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

အမေရိကန်သိပ္ပံပညာရှင်များ၏ ကွန်ပျူတာစံပြပုံစံအသုံးပြု လေ့လာချက်အရ နဂါးငွေ့တန်းကြယ်စုအတွင်း ပုန်းကွယ်တည်ရှိနေသည့် အာကာသတွင်းနက် အရေအတွက်မှာ သန်း ၁၇၀ ထိရှိနိုင်ကြောင်း သိရသည်။

မိမိတို့၏လေ့လာတွေ့ရှိချက်အရ နဂါးငွေ့တန်းကြယ်စုအတွင်း၌ ကုဗအလင်းနှစ် ၆၀ လျှင် အာကာသတွင်းနက် တစ်ခုရှိနေတတ်သည့် သဘောဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အာကာသတွင်းနက်များသည် အရွယ်အစား ကြီးမားသည့် ကြယ်များ သက်တမ်းကုန်ဆုံးချိန်တွင် ပေါ်ထွက်လာတတ်ကြောင်း သိရသည်။

အဆိုပါ အာကာသတွင်းနက်များသည် အလွန်ပြင်းထန်သော ဒြပ်ဆွဲအားဖြင့် အလင်းရောင်ကိုပင် မလွတ်တမ်းဝါးမျိုစုပ်ယူထားနိုင်သော်လည်း တိုက်ရိုက်လေ့လာရန် လွန်စွာခက်ခဲကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

အာကာသတွင်းနက်များအနေဖြင့် ၎င်းတို့၏ပတ်ပတ်လည်မှ အာကာသဒြပ်ထည်များကို ဝါးမျိုနေချိန်တွင် ဖြာထွက်ရောင်ခြည်များကို ပြန်လည်အန်ထုတ်တတ်ရာ ထိုကဲ့သို့အချိန်များတွင်သာ အာကာသတွင်းနက် တည်ရှိမှုကို သိရှိနိုင်ကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# GLP-1 အုပ်စုဝင်ဆေးများ သုံးစွဲမှုကြောင့် NAION ခေါ် ရှားပါးမျက်စိရောဂါတစ်မျိုးဖြစ်ပွားနိုင်

**စတော့ဟုမ်း ဩဂုတ် ၄**

Wegovy နှင့် Ozempic ကဲ့သို့သော GLP–1 အုပ်စုဝင်ဆေးများကြောင့် ရှားပါးသည့်မျက်စိရောဂါတစ်မျိုး ဖြစ်နိုင်ခြေမြင့်မားလာနိုင်ဖွယ် ရှိကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

ဆွီဒင် သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ GLP–1 အုပ်စုဝင်ဆေးများသုံးစွဲမှုကြောင့် Nonarteritic Anterior Ischemic Optic Neuropathy (NAION) ခေါ် မျက်စိရောဂါတစ်မျိုး ဖြစ်ပွားနိုင်ခြေ မြင့်တက်လာနိုင်ဖွယ်ရှိကြောင်း သိရသည်။

သို့ရာတွင် GLP–1 အုပ်စုဝင်ဆေးများကြောင့် NAION မျက်စိရောဂါ ဖြစ်နိုင်ခြေမှာ အလွန်နည်းပါးကြောင်း ဆွီဒင် သုတေသန ပညာရှင်များက ပြောကြားသည်။

NAION မျက်စိရောဂါသည် အသက် ၅၀ အထက်ရှိသူများ၌ ဖြစ်ပွားတတ်သည့် အလွန်ရှားပါးသည့် မျက်စိရောဂါတစ်မျိုးဖြစ်ကြောင်း သိရသည်။

ထိုရောဂါ ဖြစ်ပွားချိန်တွင် မျက်စိမြင်လွှာ နာ့ဗ်ဆဲလ်များအတွင်း သွေးစီးဆင်းမှုနည်းပါးသွားမှုကြောင့် အမြင်အာရုံ ရုတ်တရက် ပျောက်ဆုံးသွားတတ်ကြောင်း သိရသည်။

GLP–1 အုပ်စုဝင်ဆေးများသည် ကိုယ်အလေးချိန်လျှော့ချရေးနှင့် ပုံစံ–၂ ဆီးချိုရောဂါများကို ကုသရာတွင် အသုံးပြုသည့်ဆေးများ ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO

# ကင်ညာနိုင်ငံမြောက်ပိုင်း၌ သက်တမ်း ၁ ဒသမ ၄ သန်းရှိ ရှေးဦးလူတူကျောက်ဖြစ်ရုပ်ကြွင်းခြေရာများကို တွေ့ရှိ

**နိုင်ရိုဘီ ဩဂုတ် ၄**

ကင်ညာနိုင်ငံ မြောက်ပိုင်း၌ သက်တမ်း ၁ ဒသမ ၄ သန်းရှိ ရှေးဦးလူတူကျောက်ဖြစ်ရုပ်ကြွင်း ခြေရာများကို တွေ့ရှိခဲ့ကြောင်း ဩဂုတ် ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ကင်ညာမြောက်ပိုင်း၌ တွေ့ရှိထားရသော ကျောက်ဖြစ်ရုပ်ကြွင်း ခြေရာများမှာ အရေအတွက် ၂၁ ခုထိရှိပြီး Paranthropus boisei ခေါ် ရှေးဦးလူတူများ၏ခြေရာများ ဖြစ်ကြကြောင်း ဂျာမနီနိုင်ငံ ဖက်ပလန့်အင်စတီကျူမှ သိပ္ပံပညာရှင်များက ပြောကြားသည်။



ခြေရာများ၏ အရွယ်အစားအရ ၎င်းကျောက်ဖြစ်ရုပ်ကြွင်း ခြေရာများသည် အမျိုးသားအုပ်စုတစ်ခု၏ ခြေရာများဖြစ်ကြကြောင်း သိပ္ပံပညာရှင်များ၏အဆိုအရ သိရသည်။

ထို့ပြင် အထက်ပါကျောက်ဖြစ်ရုပ်ကြွင်းခြေရာ အထောက်အထားများအရ Paranthropus boisei ရှေးဦးလူတူများသည် တစ်ခါတစ်ရံ အမျိုးသမီးနှင့်ကလေးများမပါဘဲ အမျိုးသားချည်းများသာ အုပ်စုဖွဲ့၍ လှည့်လည်သွားလာနေတတ်သည့်သဘောရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျောက်ဖြစ်ရုပ်ကြွင်းခြေရာ အထောက်အထားများအရ Paranthropus boisei ရှေးဦးလူတူများသည်အရပ်အမြင့် ခြောက်ပေထိရှိပြီး ကိုယ်အလေးချိန် ၁၆၅ ပေါင်ထိရှိရာ ယနေ့ခေတ် လူသားများ၏ ဘိုးဘေးများဖြစ်သော မတ်ရပ်လူသားများထက် အလုံးအထည်ပိုကြီးမားကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Paranthropus boisei ရှေးဦးလူတူများသည် ကမ္ဘာကြီး၏ရာသီဥတုအခြေအနေများ ပြောင်းလဲလာချိန် လွန်ခဲ့သောနှစ်ပေါင်း ၁ ဒသမ ၂ သန်းခန့်တွင် ပျောက်ကွယ်ခဲ့ရကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO

# ကိုယ်တွင်းအဆီဓာတ်စုစည်းမှုမြင့်မားသော အမျိုးသားများတွင် သုက်ပိုးအရေအတွက် ကျဆင်းမှုနှင့်ဆက်စပ်နေ

**ကိုပင်ဟေဂင် ဩဂုတ် ၄**

ကိုယ်တွင်းအဆီဓာတ်စုစည်းမှုမြင့်မားသော အမျိုးသားများတွင် သုက်ပိုး အရေအတွက်ကျဆင်းမှု၊ တက်စတိုစတာရုန်းဟော်မုန်းကျဆင်းမှုတို့နှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များ၏အဆိုကိုကိုးကား၍ ဩဂုတ် ၃ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

ဒိန်းမတ်နိုင်ငံ အားဟက်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ကိုယ်တွင်းအဆီစုစည်းမှု ရာခိုင်နှုန်းသည် အမျိုးသားများတွင် မျိုးဆက်ပွား ကျန်းမာရေးအခြေအနေကို ကိုယ်ခန္ဓာဒြပ်ထုအညွှန်းကိန်း(ဘီအမ်အိုင်)ထက် ပို၍ပြသနိုင်ကြောင်း သိရသည်။


မိမိတို့၏လေ့လာတွေ့ရှိချက်အရ ကိုယ်တွင်းအဆီစုစည်းမှု ရာခိုင်နှုန်းမြင့်မားသောအမျိုးသားများတွင် ကိုယ်တွင်းအဆီဓာတ်စုစည်းမှု ပုံမှန်ရှိသူများနှင့် နှိုင်းယှဉ်ပါက သုက်ပိုးကောင်အရေအတွက် ပိုနည်းပါးသည်ကို တွေ့ရကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ကိုယ်တွင်းအဆီဓာတ်စုစည်းမှု ရာခိုင်နှုန်းမြင့်မားသည့် အမျိုးသားများသည် ကိုယ်တွင်းအဆီစုစည်းမှု ရာခိုင်နှုန်းပုံမှန်ရှိသူ အမျိုးသားများထက် သုက်ကောင်အရေအတွက် ၁၅ ရာခိုင်နှုန်း ပိုမြင့်မားကြောင်း ဒိန်းမတ်သုတေသန ပညာရှင်များက ပြောကြားသည်။

ဒိန်းမတ် သုတေသနပညာရှင်များသည် အမျိုးသား ၂၅၀၀ တို့ကို လေ့လာခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်း ဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# ဘီးတဲလ်ဂျူ့စ်ကြယ်၏ အခြံအရံကြယ်ကို ပြင်သစ်သိပ္ပံပညာရှင်များ ဓာတ်ပုံရိုက်ကူးနိုင်ခဲ့

**ပဲရစ် ဩဂုတ် ၄**

ပြင်သစ်နိုင်ငံ ပါရီနက္ခတ္တရူပ လေ့လာရေးဌာနမှ သိပ္ပံပညာရှင်များသည် နာမည်ကျော် ဘီးတဲလ်ဂျူ့စ်ကြယ်၏ အခြံအရံကြယ်ကို ဓာတ်ပုံရိုက်ကူး အတည်ပြုနိုင်ခဲ့ကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

ပြင်သစ်သိပ္ပံပညာရှင်များသည် ဘီးတဲလ်ဂျူ့စ်အမည်ရှိ အဆိုပါကြယ်ကို ချီလီနိုင်ငံမြောက်ပိုင်းရှိ ဗွီအယ်တီ ရေဒီယိုတယ်လီစကုပ်ဖြင့် ဓာတ်ပုံရိုက်ကူးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အထက်ပါဓာတ်ပုံအထောက်အထားများအရ ဘီးတဲလ်ဂျူ့စ်သည် ဘီးတဲလ်ဂျူ့စ်–အေနှင့် ဘီးတဲလ်ဂျူ့စ်–ဘီ အမည်ရှိ ကြယ်နှစ်စင်းဖြင့်ဖွဲ့စည်းထားသော နှစ်စင်းတွဲကြယ်စနစ်တစ်ခုဖြစ်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဘီးတဲလ်ဂျူ့စ်ကြယ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၆၅၀ အကွာတွင်တည်ရှိပြီး ကမ္ဘာမြေပြင်ပေါ်မှ တစ်ဆင့် သာမန်မျက်စိဖြင့် တွေ့မြင်နိုင်သည့်အနီရောင်ကြယ် တစ်စင်းဖြစ်သည်။

အဆိုပါကြယ်ကို လှည့်ပတ်နေသည့် အခြားကြယ်တစ်စင်းရှိနိုင်ကြောင်း လွန်ခဲ့သောနှစ်ပေါင်း ၁၀၀ ခန့်ကပင် သိပ္ပံပညာရှင်များက အဆိုပြုခဲ့သော်လည်း လက်တွေ့အားဖြင့် အတည်ပြုနိုင်ခဲ့ခြင်းမရှိကြောင်း၊ သို့ရာတွင် ၂၀၂၄ ခုနှစ်တွင် ဘီးတဲလ်ဂျူ့စ်–ဘီ တည်ရှိမှုအထောက်အထားများကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

# Washington Open တင်းနစ်ပြိုင်ပွဲ ချန်ပီယံဆုကို အဲလက်စ် ဆွတ်ခူး

ဝါရှင်တန် ဩဂုတ် ၄

အမေရိကန်နိုင်ငံ ဝါရှင်တန်မြို့တွင် ကျင်းပခဲ့သည့် Washington Open တင်းနစ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် ဖိလစ်ပိုင်တင်းနစ်မယ် အဲလက်စ်နှင့် အမေရိကန်တင်းနစ်မယ် ဗီဂူလာတို့ယှဉ်ပြိုင်ခဲ့ရာ အဲလက်စ်က(၄-၆၊ ၆-၄၊ ၆-၀)ရလဒ်ဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း RTE သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဲလက်စ်သည် ပထမပွဲငယ်၌ ဗီဂူလာကို ရှုံးနိမ့်ခဲ့သော်လည်း ဒုတိယပွဲငယ်တွင် ပြတ်သားသည့်ရလဒ်ဖြင့် ပြန်လည်အနိုင်ရခဲ့သည့်အတွက် အဆုံးအဖြတ်ပွဲစဉ်အဖြစ် တတိယပွဲငယ်ကို ဆက်လက်ယှဉ်ပြိုင်ခဲ့ရာ အဲလက်စ်ကပြတ်သားသည့်ရလဒ်ဖြင့်အနိုင်ရကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အဲလက်စ်သည် အသက် ၂၀ နှစ်သာရှိသေးသော်လည်း ပါရမီရှင်တစ်ဦးကဲ့သို့ ပုံစံကောင်းများပြသကာ ပြိုင်ပွဲတစ်လျှောက် ကမ္ဘာ့အဆင့် ဝါရင့်တင်းနစ်မယ်များကို ကျော်ဖြတ်ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်း ဖြစ်သည်။

အဲလက်စ်က "ပရော်ဖက်ရှင်နယ်လောကကို ဝင်ရောက်လာခဲ့ပြီးနောက်ပိုင်း လျှောက်လှမ်းလာခဲ့တဲ့ ခရီးလမ်းမှာ အောင်မြင်မှုမှတ်တိုင်တစ်ခုကို စိုက်ထူနိုင်ခဲ့ပါပြီ။ ပြိုင်ပွဲရဲ့ ပထမအဆင့်ပွဲစဉ်ကို စတင်ကစားတော့ အဆုံးသတ်မှာ ဆုဖလားကို ကိုင်မြှောက်နိုင်လိမ့် မယ်လို့ လုံးဝထင်မထားပါဘူး။ ကြိုးစားမှုရဲ့ ရလဒ်ကြောင့် အခုလိုအောင်မြင်မှုကို ဆွတ်ခူးနိုင်ခဲ့တာလို့ ကျွန်မယုံကြည်ပါတယ်"ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : RTE

Trs : AZL



# ၃၉ ကြိမ်မြောက် KING'S CUP ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ကွင်းသွင်းခြင်းပြိုင်ပွဲအမျိုးအစား၌ မြန်မာအသင်း ငွေတံဆိပ်နှစ်ခု စတင်ဆွတ်ခူး

ရန်ကုန် ဩဂုတ် ၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပနေသည့် ၃၉ ကြိမ်မြောက် KING'S CUP ပိုက်ကျော်ခြင်းပြိုင်ပွဲ ကွင်းသွင်းခြင်းပြိုင်ပွဲအမျိုးအစား၌ မြန်မာအသင်းသည် ယနေ့တွင် စတင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ငွေတံဆိပ်နှစ်ခု စတင်ဆွတ်ခူးခဲ့ကြောင်း သိရသည်။




မြန်မာအသင်းသည် ယနေ့တွင် အမျိုးသားကွင်းသွင်းခြင်း ပြိုင်ပွဲအမျိုးအစား၌ ဟန်ဝင်းထွဋ်၊ အောင်အောင်၊ အောင်ဖော်ဟိန်း၊ ချစ်မင်းပိုင်၊ကျော်မင်းသူ၊မင်းရန်နိုင်တို့ဝင်ရောက်ကစားခဲ့ရာ စုစုပေါင်း ရမှတ် ၅၁၀ မှတ်ဖြင့် ငွေတံဆိပ်ဆွတ်ခူးခဲ့ခြင်းဖြစ်သည်။

အလားတူ အမျိုးသမီးကွင်းသွင်းခြင်းပြိုင်ပွဲ အမျိုးအစားတွင်လည်း နေခြည်မွေး၊ ဆုမွန်ကျော်၊ နန်းမေသူထွေး၊ နှင်းနှင်းဝေ၊ ရွှန်းလဲ့ဇင်၊ ယဉ်ယဉ်ငွေအစရှိသည့်ကစားသမားများဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ စုစုပေါင်း ရမှတ် ၄၇၀ မှတ်ဖြင့် ငွေတံဆိပ် ဆွတ်ခူးခဲ့ခြင်းဖြစ်ပြီး မြန်မာအသင်းသည် ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်နေ့တွင်ပင် ငွေတံဆိပ်နှစ်ခုဆွတ်ခူးခဲ့ခြင်း ဖြစ်သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် အဆိုပါပြိုင်ပွဲ၌ ဩဂုတ် ၅ ရက်တွင် အမျိုးသမီးနှစ်ယောက်တွဲပြိုင်ပွဲအဖြစ် အိန္ဒိယအသင်း၊ အမျိုးသား လေးယောက်တွဲပြိုင်ပွဲအဖြစ် မလေးရှားအသင်း၊ တောင်ကိုရီးယားသင်း၊ အမျိုးသမီးလေးယောက်တွဲပြိုင်ပွဲအဖြစ် အိန္ဒိယအသင်းနှင့် အုပ်စုပွဲစဉ်များဆက်လက် ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

# ၂၀၂၇ အာရှယူ-၁၇အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲရန် မဲအိုးသတ်မှတ်ချက်တွင် မြန်မာယူ-၁၇အသင်း မဲအိုးနံပါတ်(၂) တွင်ကျရောက်

ရန်ကုန် ဩဂုတ် ၄

၂၀၂၇ အာရှယူ၁၇အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဆင့်အတွက် အုပ်စုမဲခွဲရန် မဲအိုးနံပါတ်သတ်မှတ်ချက်တွင် မြန်မာယူ-၁၇ အသင်း မဲအိုးနံပါတ်(၂)တွင် ကျရောက်နေကြောင်း သိရသည်။

၂၀၂၇ အာရှယူ-၁၇ အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဆင့်ကို ပြိုင်ပွဲဝင်အသင်း ၃၅ သင်းဖြင့် ကျင်းပကာ အုပ်စုတစ်ခုတွင် အိမ်ရှင်နိုင်ငံ တစ်နိုင်ငံကလက်ခံကျင်းပမည်ဖြစ်ပြီး မြန်မာယူ-၁၇ အသင်းပါဝင်သည့် အုပ်စုကို မြန်မာနိုင်ငံ ရန်ကုန်မြို့ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပမည်ဖြစ်ကာ အခြားအိမ်ရှင်နိုင်ငံများအဖြစ် ထိုင်းနိုင်ငံ၊ အိမ်နီနိုင်ငံ၊ မလေးရှားနိုင်ငံ၊ လာအိုနိုင်ငံ၊ ကာဇက်စတန်နိုင်ငံတို့တွင် ကျင်းပမည်ဖြစ်သည်။

မြန်မာယူ-၁၇ အသင်းသည် မဲအိုးနံပါတ်(၂)တွင် မလေးရှားအသင်း၊ အီရတ်အသင်း၊ ဘင်္ဂလားဒေ့ရှ်အသင်း၊ ကူဝိတ်အသင်း၊ လာအိုအသင်းတို့နှင့် ကျရောက်နေသည်။

၂၀၂၇ အာရှယူ-၁၇ အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စုအဆင့်မဲခွဲမှုကို ဩဂုတ် ၂၇ ရက်တွင် ပြုလုပ်မည်ဖြစ်ပြီးအုပ်စုပွဲစဉ်များကို လာမည့်နိုဝင်ဘာ ၈ ရက်မှ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်သည်။

၂၀၂၇ အာရှယူ-၁၇ အမျိုးသားဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအဆင့်တွင် ငါးသင်းပါ ခုနစ်အုပ်စုခွဲခြားကျင်းပမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များအပြီး အုပ်စုပထမနေရာတွင် ရပ်တည်နိုင်မည့် အသင်းခုနစ်သင်းသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ပြီး နောက်ဆုံးအဆင့်ပြိုင်ပွဲကို ဥဇဘက်ကစ္စတန်နိုင်ငံတွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA

# မန်ယူအသင်းက Betway ကုမ္ပဏီနှင့် လေ့ကျင့်ရေးအသင်းအင်္ကျီ စပွန်ဆာစာချုပ် ချုပ်ဆို

မန်ချက်စတာ ဩဂုတ် ၄

မန်ယူအသင်းသည် လေ့ကျင့်ရေးအစီအစဉ်တွင် အသုံးပြုမည့် အင်္ကျီစပွန်ဆာကို Betway ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီနှင့် စာချုပ် ချုပ်ဆိုခဲ့ကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

Betway ကုမ္ပဏီနှင့် ချုပ်ဆိုခဲ့သည့် စပွန်ဆာစာချုပ်ချုပ်တွင် မန်ယူအသင်း၏ အမျိုးသားအသင်းနှင့် အမျိုးသမီးအသင်းတို့က လေ့ကျင့်ရေး အစီအစဉ်များတွင် ကုမ္ပဏီတံဆိပ်ပါ အင်္ကျီများကို ဝတ်ဆင်ရမည်ဖြစ်ပြီး အသင်းအနေဖြင့် တစ်နှစ်လျှင် စပွန်ဆာကြေး စတာလင်ပေါင်သန်း ၂၀ ရရှိမည်ဖြစ်ကာ နှစ်နှစ် သက်တမ်းစာချုပ် ချုပ်ဆိုခဲ့သည့်အတွက် စတာလင်ပေါင်သန်း ၄၀ ထိ ဝင်ငွေရရှိမည်ဖြစ်သည်။

မန်ယူအသင်း၏ လေ့ကျင့်ရေးကွင်း အင်္ကျီစပွန်ဆာစာချုပ်သည် ဥရောပကလပ်အသင်းများထဲတွင် ဝင်ငွေအများဆုံးဖြစ်နေပြီး ယခင်က အသင်းအနေဖြင့် လေ့ကျင့်ရေးအင်္ကျီစပွန်ဆာစာချုပ်ကို Tezos ကုမ္ပဏီနှင့် ချုပ်ဆိုထားသော်လည်း ၂၀၂၅ ခုနှစ် ဇွန်လက စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် စပွန်ဆာစာချုပ် ချုပ်ဆိုမည့် ကုမ္ပဏီမရှိဘဲ ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလိဂ်ပြိုင်ပွဲဝင်ခွင့် ရရှိခဲ့သည့်အတွက် Betway ကုမ္ပဏီ၏ စပွန်ဆာစာချုပ် ကမ်းလှမ်းမှုကို ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

Ref : Goal.com

Trs : ML

# ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း သွင်းဂိုးအများဆုံးကစားသမားစာရင်းတွင် ပြင်သစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းမှ အမ်ဘက်ပီ ထိပ်ဆုံး၌ ဦးဆောင်

မက်ဒရစ် ဩဂုတ် ၄

လက်ရှိ ဘောလုံးလောကတွင် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ပြင်သစ်အသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတိုက်စစ်မှူး အမ်ဘက်ပီက ထိပ်ဆုံး၌ ဦးဆောင်နေကြောင်း 365Scores သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အမ်ဘက်ပီသည် ၂၀၂၀ ပြည့်နှစ်နောက်ပိုင်း မိုနာကိုအသင်း၊ ပီအက်စ်ဂျီအသင်း၊ ရီးရဲလ်မက်ဒရစ်အသင်း၊ လက်ရှေ့စင်ပြင်သစ်အသင်းတို့နှင့်အတူ ပြိုင်ပွဲစုံ ၃၇၇ ပွဲ ပါဝင်ကစားကာ သွင်းဂိုး ၃၁၇ ဂိုးထိ သွင်းယူထားပြီး သွင်းဂိုးအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံး၌ ရပ်တည်နေခြင်းဖြစ်သည်။

၂၀၂၀ ပြည့်နှစ်နောက်ပိုင်း သွင်းဂိုးအများဆုံး ကစားသမားစာရင်း၌ အမ်ဘက်ပီနောက်တွင် နော်ဝေအသင်းနှင့် မန်စီးတီးအသင်းမှ ဟာလန်းက ပွဲ ၃၄၀ ကစားထားပြီး သွင်းဂိုး ၃၀၀ ဖြင့်ဒုတိယ၊ အင်္ဂလန်အသင်းနှင့် ဘိုင်ယန်မြူးနစ်အသင်းမှ ဟယ်ရီကိန်းက ၃၈၁ ပွဲ ကစားထားပြီး၂၉၈ ဂိုးဖြင့် တတိယ၊ ပိုလန်အသင်းနှင့် ချီကာဂိုဖိုင်းယားအသင်းမှ လီဝမ်ဒေါ့စကီးက ၃၅၈ ပွဲကစားထားပြီး၂၇၁ ဂိုးဖြင့် စတုတ္ထ၊ ပေါ်တူဂီအသင်းနှင့် အယ်လ်နာဆာအသင်းမှ စီရော်နယ်ဒိုက ၃၃၉ ပွဲ ကစားထားပြီး ၂၆၄ ဂိုးဖြင့် ပဉ္စမနေရာတွင် အသီးသီးရပ်တည်နေသည်။

အမ်ဘက်ပီသည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီက စပိန်လာလီဂါ ပြိုင်ပွဲတွင် သွင်းဂိုး၃၁ ဂိုးဖြင့် သွင်းဂိုး အများဆုံးကစားသမားဆု၊ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုး၁၅ ဂိုးဖြင့် သွင်းဂိုးအများဆုံးကစားသမားဆု၊ ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်သွင်းဂိုး ၁၀ ဂိုးဖြင့် သွင်းဂိုးအများဆုံး ကစားသမားဆုရရှိခဲ့ပြီး တစ်နှစ်အတွင်း ပါဝင်ယှဉ်ပြိုင်သည့် ပြိုင်ပွဲတိုင်း သွင်းဂိုးအများဆုံး ကစားသမား အဖြစ် ရပ်တည်နိုင်ခဲ့ကြောင်း သိရသည်။

Ref : 365Scores

Trs : STA

# မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈)တွင် ရှေ၀တီအသင်းက ရန်ကုန်စီးတီးအသင်းကို သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရ




ရန်ကုန် ဩဂုတ် ၄

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပနေသည့် မြန်မာ အမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၈) အဖြစ် ယနေ့ညနေ ၃ နာရီခွဲက ရန်ကုန်မြို့ YUSCအားကစားကွင်းတွင် ရန်ကုန်စီးတီးအသင်းနှင့် ရှေ၀တီအသင်းတို့ ကစားခဲ့ရာ ရှေ၀တီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက ရှေ၀တီအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ကာ ပွဲချိန် ၂၃ မိနစ်တွင် မေထက်လူက ရှေ၀တီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူသဖြင့် ပထမပိုင်းအပြီးတွင် ရှေ၀တီအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် ဦးဆောင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင်လည်း ရှေ၀တီအသင်းကပင် ခြေစွမ်းပိုင်းအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားခဲ့ပြီး ပွဲချိန် ၆၂ မိနစ်တွင် ရီတုနှင့် ပွဲချိန် ၇၉ မိနစ်တွင် စန်းသော်သော်တို့က ရှေ၀တီသင်းအတွက် ဦးဆောင်ဂိုးများ ထပ်မံသွင်းယူခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် ရှေ၀တီအသင်းက သုံးဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ခြင်း ဖြစ်သည်။

အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို ရှေ၀တီအသင်းအတွက် အကောင်းဆုံး ခြေစွမ်းပြကစားခဲ့သည့် ခံစစ်ကစားသမား ဖြူဖြူ၀င်းက ဆွတ်ခူးခဲ့သည်။

မြန်မာအမျိုးသမီးလိဂ် ပြိုင်ပွဲ ပွဲစဉ်(၈)ပွဲစဉ်များအဖြစ် ဩဂုတ် ၅ ရက်တွင် ISPEအသင်းနှင့် မြဝတီအသင်း၊ ရတနာပုံအက်ဖ်စီအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ ဆက်လက်ကစားမည် ဖြစ်ကြောင်း သိရသည်။

STA

# ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌသစ်ရာထူးအတွက် ရေပန်းစားသူများစာရင်းတွင် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အယ်လ်ခလီဖာ ပါဝင်လာ

ကွာလာလမ်ပူ ဩဂုတ် ၄

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်(ဖီဖာ) ဥက္ကဋ္ဌသစ်ရာထူးအတွက် ရေပန်းစားသူများစာရင်းတွင် အာရှဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ အယ်လ်ခလီဖာပါဝင်လာကြောင်း FOX Sports သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

ဖီဖာဥက္ကဋ္ဌသစ်ရွေးကောက်ပွဲကို လာမည့် ၂၀၂၇ ခုနှစ် မတ်လတွင်ကျင်းပမည်ဖြစ်ပြီး အစောပိုင်းက ဥက္ကဋ္ဌသစ်ရာထူးအတွက် လက်ရှိဥက္ကဋ္ဌ အင်ဖန်တီနိုက ရေပန်းစားနေသော်လည်း ပြီးခဲ့သည့် ၂၀၂၄ ကမ္ဘာ့ဖလားပြိုင်ပွဲမှ ဖြစ်ရပ်များအပြင် ကမ္ဘာ့ဖလားပြိုင်ပွဲကို ရုပ်ယာများသတ်မှတ်ကာ ရောင်းချရန် စီစဉ်ခဲ့ပြီးနောက် ရာထူးအတွက် မရေမရာဖြစ်လာခဲ့ခြင်းဖြစ်သည်။

လက်ရှိဖီဖာဥက္ကဋ္ဌ အင်ဖန်တီနိုသည် ၂၀၂၆ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဖျော်ဖြေရေး အစီအစဉ်အများအပြားထည့်သွင်းခြင်း၊ ကြော်ငြာအစီအစဉ်များ အများအပြားထည့်သွင်းခြင်းစရှိသည်များဖြင့် ဝေဖန်မှုများမြင့်တက်နေချိန်တွင် ကမ္ဘာ့ဖလားပြိုင်ပွဲကို ရုပ်ယာသတ်မှတ်ရောင်းချရန် စီစဉ်မှုများကြောင့် ပိုမိုဆိုးရွားလာခဲ့ပြီး ထောက်ခံမှုများကျဆင်းလာခဲ့ခြင်း ဖြစ်သည်။

ဖီဖာဥက္ကဋ္ဌသစ်ရာထူးအတွက် ရေပန်းစားသူများ စာရင်းတွင် လက်ရှိ အာရှဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ အယ်လ်ခလီဖာအပြင် ကွန်ကာကက်ဖ် ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဂလီယာနီ၊ လက်ရှိ ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဂရက်စထရွန်း၊ ဥရောပဘောလုံးအဖွဲ့ချုပ် စီဖာရင်တို့က ရေပန်းစားနေကြောင်း သိရသည်။

Ref : FOX Sports
Trs : STA

# ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် အမျိုးသား၊ အမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များ ဆက်လက်ကျင်းပ

တောင်ကြီး ဩဂုတ် ၄

အားကစားရေးရာဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနမြန်မာနိုင်ငံဘတ်စကက်ဘောအဖွဲ့ချုပ်တို့ပူးပေါင်း၍ ၂၀၂၄ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အမျိုးသားအမျိုးသမီး ဘတ်စကက်ဘောပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေးအားကစားရုံ၌ကျင်းပခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် ဘတ်စကက်ဘော ပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် မွန်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို ၆၁ မှတ် ၅၂ မှတ်၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို ၇၁ မှတ် ၂၇ မှတ်၊ ကချင်ပြည်နယ်အသင်းက စစ်ကိုင်းတိုင်းဒေသကြီးအသင်းကို ၈၀ မှတ် ၄၁ မှတ်၊ ရှမ်းပြည်နယ်အသင်းက ရှေ၀တီတိုင်းဒေသကြီးအသင်းကို ၉၂ မှတ် ၆၁ မှတ်၊ ပဲခူးတိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို ၆၁ မှတ် ၅၅ မှတ်ဖြင့် လည်းကောင်း၊ အမျိုးသမီးပြိုင်ပွဲ အုပ်စုပွဲစဉ်များအဖြစ် စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီး အသင်းကို ၅၀ မှတ် ၁၂ မှတ်၊ မကွေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို ၆၉ မှတ် ၃၅ မှတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက ရှေ၀တီတိုင်းဒေသကြီးအသင်းကို ၆၁ မှတ် ၁၆ မှတ်၊ မွန်ပြည်နယ်အသင်းက ကယားပြည်နယ်အသင်းကို ၃၈ မှတ် ၂၄ မှတ်ဖြင့် အသီးသီးအနိုင်ရရှိခဲ့သည်။

တိုင်းဒေသကြီးနှင့်ပြည်နယ် ဘတ်စကက်ဘောပြိုင်ပွဲ အမျိုးသားပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ဩဂုတ် ၅ရက်တွင် တောင်ကြီးမြို့ ပြည်နယ်လေ့ကျင့်ရေး အားကစားရုံတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

STA




# စတီဗင်ဆင်ကို WBO ကမ္ဘာ့လိုက်ဝယ်သာဝိတ်တန်းခါးပတ်ကာကွယ်ပွဲ ထိုးသတ်ရန် WBO အဖွဲ့ချုပ်ညွှန်ကြား

နယူးယောက် ဩဂုတ် ၄

WBO အဖွဲ့ချုပ်က WBO ကမ္ဘာ့ လိုက်ဝယ်သာဝိတ်တန်း ချန်ပီယံ အမေရိကန်လက်ဝှေ့သမား စတီဗင်ဆင်ကို လက်ရှိချန်ပီယံခါးပတ်ကာကွယ်ပွဲထိုးသတ်ရန် လာမည့် နိုဝင်ဘာလတွင် နောက်ဆုံးထား၍ ပွဲစီစဉ်ရန် ညွှန်ကြားခဲ့ကြောင်း Boxing Scene သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

စတီဗင်ဆင်သည် WBC ကမ္ဘာ့ လိုက်ဝိတ်တန်းချန်ပီယံခါးပတ်ကို စွန့်လွှတ်ခဲ့ပြီး လိုက်ဝယ်သာဝိတ်တန်းသို့ ပြောင်းရွှေ့ခဲ့ပြီးနောက် ယခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်တွင် အမေရိကန် လက်ဝှေ့သမား လိုပက်ဇ်ကိုအနိုင်ရကာ WBO ကမ္ဘာ့ လိုက်ဝယ်သာဝိတ်တန်း ချန်ပီယံဖြစ်လာခဲ့သူဖြစ်သည်။

ကမ္ဘာ့ချန်ပီယံ ဖြစ်လာခဲ့ပြီးနောက် စိန်ခေါ်ပွဲထိုးသတ်ရန် သတ်မှတ်ကာလရောက်ရှိနေပြီဖြစ်သည့်အတွက် ချန်ပီယံကို စိန်ခေါ်ခွင့်ရထားသည့် လက်ဝှေ့သမား၏စိန်ခေါ်မှုကို လက်ခံရမည် ဖြစ်သည်။

စတီဗင်ဆင်က "WBOအဖွဲ့ချုပ်က လက်ရှိချန်ပီယံကို ကာကွယ်သွားဖို့အတွက် ညွှန်ကြားလာပါတယ်။ နိုဝင်ဘာလမှာ ချန်ပီယံခါးပတ်ကာကွယ်ပွဲထိုးသတ်သွားဖို့ ညွှန်ကြားလာတဲ့အတွက် ဒီပွဲစဉ်ကို မဖြစ်မနေထိုးသတ်သွားမှာပါ။ အဲ့ဒီအတွက် ကျွန်တော့်ဘက်က အဆင်သင့်ဖြစ်နေပါပြီ။ ပြင်ဆင်မှုတွေလည်းလုပ်နေပါတယ်။ ပြိုင်ဘက်က ဘယ်သူဖြစ်လာမလဲဆိုတာတော့ ကျွန်တော်မသိသေးပါဘူး။ ရွေးချယ်မှုလဲမလုပ်ရသေးပါဘူး။ သီးခြား စိန်ခေါ်လာတာရှိရင်လဲ လက်ခံစဉ်းစားသွားမယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

Ref : Boxing Scene
Trs : AZL




# Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲ ဝင်မည့် Team Europe အသင်းက ကစားသမားသစ် သုံးဦးကို ရွေးချယ်

အမ်စတာဒမ် ဩဂုတ် ၄

နယ်သာလန်နိုင်ငံတွင်ကျင်းပမည့် Solheim Cup ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် Team Europe အသင်းက ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေပြီး အသင်းသားရွေးချယ်မှုကို ပြုလုပ်ခဲ့ပြီးနောက် အတည်ပြုရွေးချယ်ထားသော အသင်းသားစာရင်းကို အသင်းခေါင်းဆောင် ဆိုဇင် ဂေါက်သီးရိုက်မယ် အန်နာက ထုတ်ပြန်ကြေညာခဲ့ကြောင်း TSN သတင်းဌာနက ယနေ့တွင်ဖော်ပြခဲ့သည်။

လူစာရင်း ရွေးချယ်မှုတွင် ထူးခြားမှုတစ်ရပ်အနေဖြင့် အသင်းခေါင်းဆောင် အန်နာက ဝါရင့်အိုင်ယာလန် ဂေါက်သီးရိုက်မယ် မက်ဂွဲယားကို အသင်းခေါင်းဆောင်မှ ရွေးချယ်ခွင့်ရှိသည့် အခွင့်အရေးဖြစ်သော Captain's Pick ဖြင့် အသင်းကစားသမားစာရင်းတွင် ထည့်သွင်းရွေးချယ်ခဲ့သည်။

ထို့ပြင် Captain's Pick အခွင့်အရေးဖြင့် အသင်းသား လေးဦးရွေးချယ်ခွင့်ရှိပြီး အန်နာက မက်ဂွဲယားနှင့်အတူ မျက်နှာသစ်ကစားသမားများဖြစ်ကြသည့် စပိန်ဂေါက်သီးရိုက်မယ် ဂျူလီယာ၊ ပြင်သစ် ဂေါက်သီးရိုက်မယ် နာစတာစီယာ၊ အင်္ဂလန် ဂေါက်သီးရိုက်မယ် မီမီရှောဒက်စ်တို့ကိုလည်း ရွေးချယ်ခဲ့ကြောင်း သိရသည်။

Ref : TSN
Trs : AZL

# ကော်ဖီနှင့် နှလုံးကျန်းမာရေး

ဒေါက်တာအောင်ညွန့်ပိုင်

နှစ်ပေါင်းများစွာတိုင်အောင် ကော်ဖီသောက်သုံးခြင်းသည် သွေးတိုးခြင်း၊ နှလုံးခုန်မမှန်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုးကို ပိုမိုဆိုးရွားစေနိုင်သည်ဟူသော အယူအဆများဖြင့် ဆေးပညာလောကတွင် ဝေဖန်ငြင်းခုံစရာဖြစ်ခဲ့သည်။ သို့သော် အမေရိကန်နှလုံးအဖွဲ့အစည်း၏ ၂၀၂၆ ခုနှစ် သိပ္ပံနည်းကျ ထုတ်ပြန်ချက်နှင့် Circulation ဂျာနယ်ပါ သုတေသနရလဒ်များအရ အသင့်အတင့် ကော်ဖီသောက်သုံးခြင်းသည် နှလုံးနှင့်သွေးကြောစနစ်ကို အမှန်ကာကွယ်ပေးနိုင်သော "နှလုံးကျန်းမာရေးမဟာမိတ်" ဖြစ်ကြောင်း အခိုင်အမာ သက်သေပြလိုက်ပြီဖြစ်သည်။

**ကဖင်းဓာတ်ပမာဏသတ်မှတ်ချက်နှင့် နှလုံးကာကွယ်မှု**

ဆေးပညာအရ သတ်မှတ်ထားသော သင့်တင့်မျှတသည့် ကော်ဖီပမာဏမှာ ကျန်းမာသန်စွမ်းသော လူကြီးတစ်ဦးအတွက် တစ်နေ့လျှင် ကဖင်းဓာတ် 400 mg ထိ သောက်သုံးခြင်းသည် ဘေးဥပဒ်မရှိဘဲ မျှတသော ပမာဏဖြစ်သောကြောင့် ပုံမှန်သောက်သုံးခြင်းဖြင့် နှလုံးသွေးကြောကျဉ်းရောဂါ၊ နှလုံးညှစ်အားကျရောဂါ၊ ဦးနှောက်သွေးကြောပိတ်ခြင်း၊ ပေါက်ခြင်း သို့မဟုတ် လေဖြတ်ခြင်း၊ နှလုံးခုန်မမှန်ခြင်း၊ သွေးတိုးရောဂါ၊ အမျိုးအစား (၂) ဆီးချိုရောဂါနှင့် အကြောင်းအမျိုးမျိုးကြောင့် သေဆုံးနိုင်ခြေရှိမှုများကို လျှော့ချပေးနိုင်သည်။

**ကော်ဖီတွင် ဒြပ်ပေါင်းများပါဝင်ခြင်း**

ကော်ဖီ၏ ကျန်းမာရေးအကျိုးကျေးဇူးများသည် ၎င်းတွင်ပါဝင်သော ကဖင်းဓာတ်တစ်ခုတည်းကြောင့် မဟုတ်ပေ။ ကော်ဖီစေ့ထဲတွင်ပါဝင်သော အခြားသော ဒြပ်ပေါင်းများကလည်း အဓိက အခန်းကဏ္ဍက ပါဝင်နေသည်။ ၎င်းတို့မှာ အစွမ်းထက် အင်တီအောက်ဆီးဒန့်များဖြစ်ပြီး ရောင်ရမ်းမှုကို လျှော့ချပေးသည်။ သွေးကြောများ၏ လုပ်ငန်းဆောင်တာကို ကောင်းမွန်စေသည်။ ကဖင်းဓာတ်ဖယ်ရှားထားသော ကော်ဖီကို သောက်သုံးသူများတွင်လည်း နှလုံးရောဂါကို ကာကွယ်နိုင်စွမ်းရှိသည်ကို တွေ့ရှိရသည်။

**သွေးဖိအားအပေါ် သက်ရောက်မှု**

သွေးတိုးရောဂါအခံရှိသူများနှင့် ကော်ဖီသောက်သုံးမှုအပေါ် သတိပြုရမည့်အချက်နှစ်ချက်ရှိသည်။ ကော်ဖီသောက်ပြီးစတွင် သွေးဖိအား ခေတ္တခဏ ယာယီမြင့်တက်သွားနိုင်သည်။ အမြဲတမ်း ပုံမှန်သောက်သုံးသူများတွင်မူ ခန္ဓာကိုယ်မှ ယဉ်ပါးသွားခြင်းကြောင့် ရေရှည်သွေးဖိအားအပေါ် သက်ရောက်မှုမရှိသလောက်နည်းပါးသည်။

ကော်ဖီလုံးဝမသောက်သူများနှင့် အလွန်အကျွံသောက်သူများတွင် ရောဂါဖြစ်နိုင်ခြေမြင့်မားပြီး အသင့်အတင့်သောက်သူများတွင် ရောဂါဖြစ်နိုင်ခြေအနိမ့်ဆုံးဖြစ်သည်။

စွမ်းအင်ဖြည့်အဖျော်ယမကာ (Energy Drinks) များသည် အပေါ်သွေး (Systolic) နှင့် အောက်သွေး (Diastolic) ကို သိသိသာသာ ဆိုးရွားစွာ မြင့်တက်စေသဖြင့် ၎င်းတို့ကို သဘာဝကော်ဖီနှင့် လုံးဝတန်းတူ မသတ်မှတ်သင့်ပေ။

**ဆီးချိုရောဂါနှင့် အင်ဆူလင် တုံ့ပြန်မှု**

ကော်ဖီကို ပုံမှန်သောက်သုံးခြင်းသည် အမျိုးအစား (၂) ဆီးချိုရောဂါဖြစ်ပွားနိုင်ခြေကို ၂၀ ရာခိုင်နှုန်းမှ ၃၀ ရာခိုင်နှုန်းထိ တစ်သမတ်တည်း



လျှော့ချပေးသည်။ ကော်ဖီသောက်ခါစတွင် အင်ဆူလင်တုံ့ပြန်နိုင်စွမ်း ယာယီကျဆင်းသွားနိုင်သော်လည်း ရေရှည်လေ့လာမှုဆိုင်ရာ အချက်အလက်များအရ ဆီးချိုရောဂါကို ကာကွယ်ပေးသည်က အမှန်ဖြစ်ကြောင်း သက်သေပြနေသည်။

**သွေးတွင်းအဆီဓာတ်အပေါ် သက်ရောက်မှုနှင့် Cafestol ၏ အခန်းကဏ္ဍ**

သွေးတွင်းကိုလက်စထရောမြင့်တက်ခြင်း၏ တရားခံမှာ ကဖင်းဓာတ်မဟုတ်ဘဲ Cafestol ဟုခေါ်သော ကော်ဖီဆီဒြပ်ပေါင်းကြောင့်ဖြစ်သည်။ ပြင်သစ်ကော်ဖီ၊ ဂရိကော်ဖီ၊ တူရကီကော်ဖီတို့တွင် Cafestol မြင့်မားစွာပါဝင်သဖြင့် မကောင်းသော ကိုလက်စထရော (LDL) ကို သိသိသာသာ မြင့်တက်စေနိုင်သည်။

အက်စ်ပရက်ဆိုကော်ဖီများတွင် Cafestol ပါဝင်မှုပမာဏအနည်းငယ်ရှိပြီး သွေးတွင်းကိုလက်စထရောကို အနည်းငယ်မြင့်တက်စေနိုင်သည်။

ကော်ဖီစစ်စက္ကူသုံး၍ စစ်ထားသော ကော်ဖီ သို့မဟုတ် အသင့်ဖျော်ကော်ဖီများတွင် Cafestol ဒြပ်ပေါင်း သိသိသာသာ မပါဝင်တော့သဖြင့် မကောင်းသောကိုလက်စထရော (LDL) မြင့်တက်ခြင်းမရှိပေ။ သွေးတွင်းအဆီဓာတ်မြင့်မားနေသော လူနာများသည် ဖျော်ရည်စစ်စက္ကူသုံးပြီး စစ်ထားသည့်ကော်ဖီ (Filtered Coffee)သာ သောက်သုံးသင့်သည်။

**နှလုံးခုန်မမှန်ခြင်းဆိုင်ရာ ပြဿနာများ**

အသင့်အတင့် ကော်ဖီသောက်ခြင်းသည် နှလုံးအပေါ်ခန်းခုန်နှုန်းမမှန်သော ရောဂါဖြစ်ပွားမှုကို လျှော့နည်းစေရုံသာမက ဆေးပညာစမ်းသပ်ချက်များအရ ပုံမှန်ကော်ဖီသောက်သူများတွင် နှလုံးအပေါ်ခန်း ခုန်နှုန်းမမှန်သော ရောဂါပြန်လည်ဖြစ်ပွားခြင်းကို လျှော့ချပေးနိုင်ကြောင်း တွေ့ရသည်။ သို့သော် အချို့သော အကြိုနှလုံးခုန်မမှန်ခြင်း (PVCs) ဝေဒနာရှင်များတွင်မူ ကဖင်းဓာတ်ကြောင့် နှလုံးတုန်ခြင်းကို ပိုမိုခံစားရနိုင်သည်။ ကဖင်းအမှုန့်များ၊ ကဖင်းဆေးပြားများနှင့် စွမ်းအင်ဖြည့်အဖျော်ယမကာများကဲ့သို့ ကဖင်းဓာတ်အလွန်အကျွံပါဝင်မှုများသည် နှလုံးတုန်ခြင်းနှင့် ရုတ်တရက် နှလုံးရပ်သေဆုံးခြင်းတို့နှင့် တိုက်ရိုက်ဆက်စပ်နေသည်။

**နှလုံးသွေးကြောကျဉ်းနှင့် နှလုံးအားနည်းခြင်း**

နှလုံးသွေးကြောကျဉ်းရောဂါကို ကာကွယ်ရာတွင် တစ်နေ့လျှင် ကော်ဖီနှစ်ခွက်မှ သုံးခွက်သောက်သုံးခြင်းသည် အထိရောက်ဆုံးပမာဏပင်ဖြစ်သည်။ များစွာသော သုတေသနအဖွဲ့များ၏ လေ့လာချက်အရ ကော်ဖီသောက်ခြင်းကြောင့် နှလုံးညှစ်အားကျရောဂါဖြစ်နိုင်ခြေမရှိပေ။

**လေဖြတ်ခြင်းအန္တရာယ်**

ကော်ဖီကို တစ်နေ့လျှင် သုံးခွက်မှ လေးခွက်ခန့် သောက်သုံးခြင်းသည် လေဖြတ်ခြင်းဖြစ်ပွားနိုင်ခြေကို ၂၁ ရာခိုင်နှုန်းထိ သိသိသာသာ လျှော့ချပေးနိုင်သည်။ ကော်ဖီသာမက သဘာဝလက်ဖက်ရည် သောက်သုံးခြင်းသည်လည်း ဦးနှောက်သွေးကြောရောဂါများက ကာကွယ်ပေးနိုင်သည်။

**မျိုးရိုးဗီဇနှင့် တစ်ဦးချင်း ကွဲပြားမှုများ**

လူနာတစ်ဦးနှင့်တစ်ဦး ကော်ဖီသောက်ပြီးနောက် တုံ့ပြန်ပုံချင်းမတူညီရခြင်းမှာ ခန္ဓာကိုယ်တွင်း ကဖင်းဓာတ်ကို ချေဖျက်သည့် မျိုးရိုးဗီဇကွဲပြားမှုများကြောင့် ဖြစ်သည် ။

၎င်းမျိုးရိုးဗီဇပြောင်းလဲမှုများသည် လူတစ်ဦးချင်းစီ၏ ကဖင်းဓာတ်ခံနိုင်ရည်ရှိမှုနှင့် ခန္ဓာကိုယ်မှ စွန့်ထုတ်နိုင်စွမ်းကို ဆုံးဖြတ်ပေးသည်။

အချို့သူများသည် ကော်ဖီတစ်ခွက်သောက်ရုံဖြင့် အိပ်မပျော်ခြင်း၊ ရင်တုန်ခြင်းဖြစ်တတ်ပြီး အချို့မှာမူ မည်သို့မျှမဖြစ်ပေ။ ထို့ကြောင့် နောင်အနာဂတ်တွင် လူနာတစ်ဦးချင်းစီအလိုက် သီးသန့်လမ်းညွှန်ချက်ပေးသောစနစ်သည် ပိုမိုအရေးပါလာမည်ဖြစ်သည်။

**လက်တွေ့အသုံးချဆေးပညာပေးလမ်းညွှန်ချက်များ**

နှလုံးသွေးကြောရောဂါရှိသည့် လူနာအများစုတွင် ကော်ဖီသောက်ခြင်းကို အားမပေးခြင်း၊ တားမြစ်ခြင်း မပြုလုပ်သင့်ပေ။ သွေးတွင်း ကိုလက်စထရောတက်ခြင်းကို ကာကွယ်ရန်အတွက် Unfiltered Coffee (ဥပမာ – French Press) များထက် စက္ကူဖြင့် စစ်ထုတ်ထားသော Filtered Coffee ကိုသာ သောက်သုံးသင့်သည်။

သွေးတိုးရောဂါနှင့် နှလုံးခုန်မမှန်သည့် ရောဂါအခံရှိသော လူနာများတွင် ကဖင်းဓာတ်အပြင်းစားများပါဝင်သည့် စွမ်းအင်ဖြည့်အဖျော်ယမကာများ၊ ကဖင်းဆေးပြားများနှင့် ဖြည့်စွက်စာများကို လုံးဝရှောင်ကြဉ်သင့်သည်။ လူနာတစ်ဦးချင်းစီ၏ ကဖင်းဓာတ်အာရုံခံနိုင်စွမ်း၊ အိပ်စက်မှုအရည်အသွေး၊ ကိုယ်ဝန်ဆောင်အခြေအနေနှင့် မျိုးရိုးဗီဇကွဲပြားမှုများကို ထည့်သွင်းတွက်ချက်စဉ်းစားသင့်သည်။

**နိဂုံး**

သဘာဝအတိုင်း စိုက်ပျိုးထုတ်လုပ်ထားသော ကော်ဖီကို အသင့်အတင့် သောက်သုံးခြင်းသည် ကျန်းမာရေးအတွက် ရန်သူမဟုတ်ဘဲ ရောဂါများကို ကာကွယ်ပေးမည့် မဟာမိတ်ဖြစ်သည်။ အဓိက စိုးရိမ်ရသည့် အန္တရာယ်မှာ သဘာဝကော်ဖီ မဟုတ်ဘဲ စွမ်းအင်ဖြည့်အဖျော်ယမကာများနှင့် ဖြည့်စွက်ဆေးဝါးများတွင် အတုအယောင်ကဖင်းဓာတ်များ အလွန်အကျွံပါဝင်ခြင်းနှင့် ကော်ဖီဖျော်စပ်ပုံများယွင်းခြင်းတို့သာဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

မြောင် ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲလွမ်း ၃၅၅၉ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြောင်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ပဲလွမ်း ၆၀၀၄ ဧကစိုက်ပျိုးရန်လျာထားပြီး ယခုနှစ် မေလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြောင်မြို့နယ်မှာ ပဲလွမ်း ၆၀၀၄ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၅၅၉ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ပဲလွမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ အသိပညာပေးတာတွေရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်"ဟု မြောင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြသည်။

ပဲလွမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲလွမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်



ဖြစ်ကြောင်း မြောင်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြင့်သူက ပြောပြ၍ သိရသည်။

(၂၀၆)

# Shwe Stream Application မှ အောင်မြတ်သာနှင့် ဝိညာဉ်လေးကောင် ဇာတ်လမ်းကို ဩဂုတ်လဒုတိယပတ်တွင် ထုတ်လွှင့်သွားမည်ဖြစ်




**ရန်ကုန် ဩဂုတ် ၄**

Shwe Stream Application မှ အောင်မြတ်သာနှင့် ဝိညာဉ်လေးကောင် ဇာတ်လမ်းကို ဩဂုတ်လ ဒုတိယပတ်တွင် ထုတ်လွှင့်တင်ဆက်သွားမည် ဖြစ်ကြောင်း အောင်မြတ်သာနှင့် ဝိညာဉ်လေးကောင် ဇာတ်လမ်းကို ပုံဖော်ရိုက်ကူးထားသူ ဒါရိုက်တာ သီဟမင်းညီထံမှ သိရသည်။

အဆိုပါ အောင်မြတ်သာနှင့် ဝိညာဉ်လေးကောင် အမည်ရှိ ဇာတ်လမ်းကို ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယနာ(ရာမည)၏ဝတ္ထုကိုဖိုးကျော်(သန်လျင်)က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာ သီဟမင်းညီက ပုံဖော် ရိုက်ကူးထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဇာတ်လမ်းကလဲ အောင်မြတ်သာစီးရီးထဲက ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ သည်းထိပ်ရင်ဖို လျှို့ဝှက်ဆန်းကြယ် ဇာတ်လမ်းတစ်ပုဒ်ပါပဲ။ အောင်မြတ်သာ ရုပ်သံဇာတ်လမ်းတွေကို Shwe Stream Youtube Channel နဲ့ Channel K ရုပ်မြင်သံကြားလိုင်းကနေ ထုတ်လွှင့်နေပါတယ်။ ရေတွင်းဟောင်းထဲက ရတနာသေတ္တာကို လိုချင်တဲ့ ကျော်ကြီးတို့ သူငယ်ချင်းလေးဦး ရေတွင်းထဲကိုကျသွားပြီး သရဲဘဝသို့ ရောက်ရှိသွားခဲ့ကြပါတယ်။ ရေတွင်းအနီး အနှောက်အယှက်ပေးနေတဲ့ ကျော်ကြီးတို့ လေးဦးကို ကျွတ်လွတ်သွားစေဖို့ အောင်မြတ်သာတို့ ဆရာတပည့် သုံးဦးက ဘယ်လိုလုပ်ဆောင်ပေးမယ်ဆိုတာ ရှုစားပေးကြပါဦး။ ဒီဇာတ်လမ်းကိုတော့ ဩဂုတ်လ ဒုတိယပတ်မှာ Shwe Stream Application က ထုတ်လွှင့်ပြသပေးမှာဖြစ်ပါတယ်"ဟု ဒါရိုက်တာ သီဟမင်းညီက ပြောပြသည်။

အဆိုပါ အောင်မြတ်သာနှင့် ဝိညာဉ်လေးကောင် အမည်ရှိ ဇာတ်လမ်းတွင် သရုပ်ဆောင်များအဖြစ် သရုပ်ဆောင် စစ်နိုင်၊ လင်းအောင်၊ မျိုးကို၊ ကျော်ဝင်းထွဋ်၊ မိုးဝါလေးနှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# Blade ဇာတ်ကားသစ်တွင် ပါဝင်တော့မည် မဟုတ်ကြောင်း မာဟာရှာလာအလီပြောကြား

**နယူးယောက် ဩဂုတ် ၄**

မာဗယ်စတူဒီယို၏ Blade ဇာတ်ကားသစ်တွင် မိမိအနေဖြင့် ပါဝင် သရုပ်ဆောင်တော့မည် မဟုတ်ကြောင်း နှစ်ထပ်ကွမ်းအော်စကာဆုရှင် မင်းသား မာဟာရှာလာအလီက ဩဂုတ် ၃ ရက်တွင် ထုတ်ဖော်ပြောကြားလိုက်သည်။

မာဗယ်စတူဒီယိုသည် Blade ဇာတ်ကားသစ် ရိုက်ကူးမည့်အစီအစဉ်ကို ၂၀၁၉ ခုနှစ်တွင် စတင်ကြေညာထားသည်။

အဆိုပါ ဇာတ်ကားသစ်တွင် မင်းသား မာဟာရှာလာအလီပါဝင် သရုပ်ဆောင်မည် ဖြစ်ကြောင်း မာဗယ်စတူဒီယို၏ကြေညာချက်၌ ဖော်ပြထားသည်။

သို့ရာတွင် မာဗယ်စတူဒီယို အနေဖြင့် လက်ရှိအချိန်ထိ Blade ဇာတ်ကားသစ် ရိုက်ကူးရေး အစီအစဉ်ကို စတင်နိုင်ခြင်းမရှိသေးကြောင်း သိရသည်။

သို့ဖြစ်ရာ မိမိအနေဖြင့်ကာလကြာမြင့်နေပြီဖြစ်သော မာဗယ်၏ Blade ဇာတ်ကား၌ ပါဝင်သရုပ်ဆောင်တော့မည် မဟုတ်ကြောင်း မင်းသား မာဟာရှာလာအလီက ထုတ်ဖော်ပြောကြားခဲ့သည်။

မာဗယ်စတူဒီယိုအနေဖြင့် Blade ဇာတ်ကားသစ်ကိုရိုက်ကူးထုတ်လုပ်လိုသည့် ဆန္ဒမရှိကြောင်း မာဟာရှာလာအလီက ဝေဖန်ထားသည်။

Ref : Russia Today
Trs : KKO



# တေးသံရှင် ဘိုဖြူ၊ ဟန်ထွန်းနှင့် ဆုန်သင်းပါရ်တို့၏ ချယ်ရီမြို့က မြေနီလမ်းမှာ ရှိနေမယ် တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theater Bar ၌ ပြုလုပ်မည်

**မန္တလေး ဩဂုတ် ၄**

တေးသံရှင် ဘိုဖြူ၊ ဟန်ထွန်းနှင့် ဆုန်သင်းပါရ်တို့၏ ချယ်ရီမြို့က မြေနီလမ်းမှာရှိနေမယ် အမည်ရှိ တေးဂီတဖျော်ဖြေပွဲကို မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ The Square Theater Bar ၌ ဩဂုတ် ၁၅ ရက်တွင် ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ တေးသံရှင် ဘိုဖြူ၊ ဟန်ထွန်းနှင့် ဆုန်သင်းပါရ်တို့၏ ချယ်ရီမြို့က မြေနီလမ်းမှာရှိနေမယ် တေးဂီတဖျော်ဖြေပွဲတွင် တေးသံရှင်များ၏ သီဆိုဖျော်ဖြေမှုများကို Mercury IX Music Band က အကောင်းဆုံး ပံ့ပိုးတီးခတ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"တောင်ပေါ်သား နှစ်ယောက်နဲ့ တောင်ပေါ်သူ တစ်ယောက်တို့ရဲ့ ဆုံစည်းမှုပါ။ ကျွန်တော်တို့ သုံးယောက်ဆုံစည်းမှုကို ပရိသတ်တွေ အမှတ်ရစေမဲ့ ကျွန်တော်တို့ရဲ့သီချင်းတွေနဲ့ ခေါင်းစဉ်ပေးထားပါတယ်။ ရင်ထဲမှာ အမှတ်တရဖြစ်စေမဲ့ တေးသီချင်းလေးတွေကို အကောင်းဆုံးဖြစ်အောင် ပံ့ပိုးပေးမယ့် Mercury IX ရဲ့ တီးခတ်မှုတွေကို နားဆင်ဖို့ ဩဂုတ် ၁၅ ရက်မှာ ပြုလုပ်မဲ့ ချယ်ရီမြို့က မြေနီလမ်းမှာ ရှိနေမယ်ဆိုတဲ့ ဂီတညကို လာဖြစ်အောင်လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ် "ဟု တေးသံရှင် ဟန်ထွန်းက ပြောပြသည်။




ချယ်ရီမြို့က မြေနီလမ်းမှာရှိနေမယ် တေးဂီတဖျော်ဖြေပွဲကို The Square Theater Bar ၌ ဩဂုတ် ၁၅ ရက် ည ၆ နာရီတွင် စတင်မည်ဖြစ်ကြောင်း သိရသည်။

ASH

# Spider Man: Brand New Day ဇာတ်ကား၏ ပထမသီတင်းပတ်ကုန် ဝင်ငွေ ဒေါ်လာ ၃၂၅ သန်း ရရှိနိုင်

**နယူးယောက် ဩဂုတ် ၄**

ဆိုနီရုပ်ရှင်ကုမ္ပဏီ၏ Spider Man: Brand New Day ဇာတ်ကားသည် မျှော်လင့်ထားသည်ထက်ပို၍ အောင်မြင်ခဲ့ပြီး စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန်ချိန်တွင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၃၂၅ သန်းထိ ရရှိနိုင်ကြောင်း ဩဂုတ် ၃ ရက် သတင်းများအရ သိရသည်။

ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Spider Man: Brand New Day ဇာတ်ကားကို ဇူလိုင် ၃၁ ရက်တွင် ရုံတင်ပြသခဲ့ရာ ထိုနေ့တစ်နေ့တည်းမှာပင် ပြည်တွင်းဝင်ငွေ အမေရိကန်ဒေါ်လာ ၁၆၈ သန်းထိ ရရှိခဲ့သည်။

အထက်ပါဝင်ငွေ အတိုင်းအဆအရ Spider Man: Brand New Day ဇာတ်ကား၏ စတင်ရုံတင်ပြီး ပထမသီတင်းပတ်ကုန် ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ ၃၂၅ သန်းထိ ရှိလာနိုင်ကြောင်း ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။

လက်ရှိအချိန်တွင် ဆိုနီရုပ်ရှင်ကုမ္ပဏီသည် Spider Man: Brand New Day ဇာတ်ကားကို မြောက်အမေရိကရုပ်ရှင်ရုံပေါင်း ၄၄၈၇ ရုံတို့တွင် ပြသနေခြင်းဖြစ်သည်။

Spider Man: Brand New Day ဇာတ်ကားကို ဒါရိုက်တာ ဒက်စတင်းဒန်နီယယ် ခရက်တန်က တာဝန်ယူရိုက်ကူးပေးထားသည်။

Ref : Sputnik News
Trs : KKO



# ဩဂုတ် ၇ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် လမ်းသရဲအမည်ရှိ ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲ ပြုလုပ်

**ရန်ကုန် ဩဂုတ် ၄**

ဩဂုတ် ၇ ရက်မှ စတင်ကာ နိုင်ငံတစ်ဝန်း ရုပ်ရှင်ရုံများတွင် ရုံတင်ပြသမည့် လမ်းသရဲအမည်ရှိ ရုပ်ရှင်ဇာတ်ကား စာနယ်ဇင်းမိတ်ဆက်ပွဲ အခမ်းအနားကို ဩဂုတ် ၃ ရက်က ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ သမ္မတအဆင့်မြင့်ရုပ်ရှင်ရုံတွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

လမ်းသရဲအမည်ရှိ ရုပ်ရှင်ဇာတ်ကား၏ ဝတ္ထုဇာတ်လမ်းကို ညီရဲမင်းက ရေးသားထားပြီး ဒေါင်းဒင်္ဂါးက ဇာတ်ညွှန်းရေးသားထားကာ ဒါရိုက်တာ ညီမြင်းလွင်နှင့် တွဲဖက်ဒါရိုက်တာ ဇော်ဂျီတို့က အောင်ဟိတ်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် တာဝန်ယူပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"ညဉ့်နက်သန်းခေါင် လမ်းမတွေပေါ်မှာ ဆိုင်ကယ်တွေနဲ့ အထာကျကျအုပ်စုဖွဲ့ စီးနင်းနေကြတဲ့ လမ်းသရဲလူငယ်လေးတွေနဲ့ လမ်းမပေါ်က မကျွတ်မလွတ်သေးတဲ့ နာနာဘာဝ လမ်းသရဲတွေ သူတို့နဲ့အတူ ကပ်ပါလာတဲ့အခါ ဘယ်လို ခြောက်လှန့်မှုတွေနဲ့ ကြုံတွေ့ရမလဲဆိုတာ ရင်တထိတ်ထိတ်နဲ့ကြည့်ရှုရမဲ့ ရုပ်ရှင်ဇာတ်ကားဖြစ်ပါတယ်"ဟု လမ်းသရဲ ရုပ်ရှင်ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ထားသူ ကျော်ထက်ဇော်က ပြောပြသည်။

အောင်ဟိတ်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် လမ်းသရဲ ရုပ်ရှင်ဇာတ်ကားတွင် သရုပ်ဆောင်များအဖြစ် ကျော်ထက်ဇော်၊ သျှင်းမြတ်၊ အောင်ခိုင်၊ သီဟအောင်၊ နေဝန်း၊ ထူးနိုင်လင်း၊ ခြူးလေး၊ သွန်းသစ္စာဇော်၊ ဆက်ယွန်းတွယ်တာ၊ ဝါဝါအောင်၊ စိုးမိုးကြည်နှင့် သရုပ်ဆောင်များစွာ ပါဝင်ထားကြောင်း သိရသည်။

ASH

# A delegation led by Vice-Chairman U Xiao Guoan of UWSP calls on President of the Republic of the Union of Myanmar U Min Aung Hlaing



President U Min Aung Hlaing receives the delegation led by Vice-Chairman U Xiao Guoan of UWSP.

**Nay Pyi Taw August 4**

A delegation led by Vice-Chairman U Xiao Guoan from the United Wa State Party (UWSP) paid a courtesy call on President of the Republic of the Union of Myanmar U Min Aung Hlaing at the Presidential Palace Reception Hall in Nay Pyi Taw this morning.

Also present at the call together with the President were Vice President U Nyo Saw, Chairman of the National Solidarity and Peacemaking Negotiation Committee Lt-Gen Yar Pyae, Secretary Lt-Gen Min Naing and Lt-Gen Kyaw Ko Htaik from the Office of the Commander-in-Chief. The UWSP Vice-Chairman was accompanied by Deputy General Secretary U Bao Aik Kham and officials.

The meeting focused on the new government's efforts in its term to implement the peace and stability of the State and restoration of lasting peace nationwide by adopting a firm pledge, and extending the invitation to all ethnic armed groups to the peace talks so as to forge the durable peace, the activities of the United Wa State Party (UWSP) meeting with the government as a great efforts for the future of the State, conducting the peace talks between Tatmadaw and Wa group in 1989, the efforts of the State in accordance with Section 50 (f) of the 2008 Constitution to achieve lasting peace, which is essential for building a new nation based on the democratic and a federal system desired by the people, the concept of UWSA that the State is its parent in carrying out development of their region under care of the State, and the State fulfilments for the Wa region through the deployment of teachers and infrastructure development, the upgrade of hospitals to improve the healthcare sector in addition to appointment of health staff, and providing necessary materials for construction projects in order to develop the transport sector better, the State's endeavours in accelerating measures to completely eliminate online scams and online gambling activities across the country, as well as intensifying efforts to prevent and suppress narcotics-related crimes, the efforts of UWSA in strictly supervising and taking effective action to eradicate online gambling activities and combat narcotics in its region.

After the meeting, the President presented commemorative gifts to the UWSP Vice Chairman and party. The UWSP Vice Chairman also returned the commemorative gifts to the President.

Afterwards, the President and the UWSP Vice Chairman posed for documentary photos together with the attendees.

MNA

# Kangyidaunt Township dispatches Aung Naing Toe paddy to Yangon market in July

**Kangyidaunt August 4**

Local businesspersons from Kangyidaunt Township of Ayeyawady Region sent a large volume of Aung Naing Toe paddy to Yangon market in July, said Daw Moe Moe Lwin, the owner of rice, paddy and bran trading depot in Kangyidaunt Township.

Kangyidaunt Township exported 45,000 baskets of Aung Naing Toe paddy to the Yangon market during the one-month period of July this year, up from only 35,000 baskets exported in June. The market price of the variety has reached K1.55 million per 100 baskets, according to reports.

"We exported a considerable volume of Aung Naing Toe paddy over the past month. Most of the agricultural produce from this area is shipped to the Yangon market. Aung Naing Toe is classified as a coarse rice variety. Although it is a coarse variety, it is popular among consumers and is regarded as good-quality eating rice. There has also been strong demand from the Yangon market this month, with many buyers contacting us to purchase Aung Naing Toe paddy," said Daw Moe Moe Lwin.

The selling of 45,000 baskets of Aung Naing Toe paddy to the Yangon market during the past month has created employment opportunities for farmers, traders, cargo handlers, and transport operators engaged in the hiring of freight vehicles.

Kyaw Kyaw Lin

# More than 5,000 acres of rainfed paddy grown in Mawlaik Township this year

**Mawlaik August 4**

Local farmers have planted more than 5,000 acres of rainfed paddy in Mawlaik Township of Sagaing Region this year, according to the township Agriculture Department.

During the 2026-2027 monsoon cropping season, authorities of Mawlaik Township have targeted the cultivation of 19,510 acres of rainfed paddy. Planting began in July this year, and as of today, a total of 5,742 acres have been successfully planted.

"This year's monsoon cropping plan for Mawlaik Township targets the cultivation of more than 19,000 acres of rainfed paddy. As of today, more than 5,000 acres have already been planted. We are working to ensure that the target acreage is fully achieved. We will provide farmers with the necessary cultivation techniques and quality seed varieties required for rainfed paddy cultivation. We are also conducting field visits to help farmers complete planting on schedule," said U Kyaw Sein Oo, Head of the Mawlaik Township Department of Agriculture.

During this year's monsoon cropping season, the Township Department of Agriculture and local farmers are working together to ensure that rainfed paddy is cultivated systematically and without difficulties.

In Mawlaik Township, the Department of Agriculture is providing farmers with technical guidance on paddy cultivation, raising awareness on pest prevention and control, helping minimize crop losses, and advising farmers to ensure that harvested paddy is moved under shelter in a timely manner.

To ensure successful crop establishment and high yields from this year's rainfed paddy fields, staff from the Township Department of Agriculture are conducting field visits to provide technical assistance, including the selection of high-quality certified seed, pest surveillance, proper land preparation and weeding, rouging of off-type plants, and the systematic application of chemical fertilizers.

206



A thriving monsoon paddy plantation.

# Online scam operators arrested with weapons, ammunition, and equipment in Namhsan Township



The building used for committing online gambling and scam operations near Narai New Village, Namhsan Township, Southern Shan State.

Record photo of the arrest of those who committed online gambling and scam operations near Narai New Village, Namhsan Township, Southern Shan State.



Two Chinese national females.



Three Myanmar national males.

Record photo of the arrest of those who committed online gambling and scam operations near Narai New Village, Namhsan Township, Southern Shan State.



Four Myanmar national females.

Related operational equipment used in committing online gambling and scam operations near Narai New Village, Namhsan Township, Southern Shan State.



Four All-in-One computers.



One CPU unit.

**Nay Pyi Taw August 4**

The state is actively co-operating with neighbouring countries, regional nations, and international organizations to eradicate online gambling and scam operations and prevent them from taking root in Myanmar, with special emphasis on anti-scam efforts.

As part of these ongoing operations, Tatmadaw columns conducting security operations in Namhsan Township, Southern Shan State, carried out necessary searches and inspections following intelligence reports of online gambling and scam activities in the area. Today at approximately 2:30 PM, about 250 meters south of Narai New Village in Namhsan Township, authorities raided a single-story structure measuring 80 feet long by 60 feet wide, which was brick-walled with corrugated zinc roofing and used for online scam operations. During the raid, they arrested a total of 43 males and 6 females, comprising 36 Chinese male nationals, 2 Chinese female nationals, 7 Myanmar male nationals, and 4 Myanmar female nationals. Seized items included one P-365 type pistol with two magazines and five rounds of 9mm ammunition, one UZI type pistol with one magazine and nine rounds of .38 ammunition, two AK-47 assault rifles with two magazines and fifty rounds of 7.62mm ammunition, sixty-seven mobile phones of various types, four All-in-One computers, one CPU unit, and six StarLink satellite internet systems.

The detained individuals are currently undergoing necessary interrogations, and upon completion of investigations, authorities will take effective and stringent legal action in accordance with existing laws. The confiscated equipment will be processed following proper procedures. Investigations will continue to identify and take action against those behind the operations.

The state reaffirms its commitment to continuing active cooperation with neighbouring countries, regional nations, and international organizations to eliminate online gambling and scam activities and prevent them from establishing a foothold in Myanmar.

100

# All sown acreage of summer paddy harvested in Shwebo Township

**Shwebo August 4**

Local farmers have reaped all plantations of summer paddy in Shwebo Township of Sagaing Region this year, according to the township Agriculture Department.

During this year's summer cropping season, Shwebo Township cultivated 27,003 acres of summer paddy. Harvesting of the crop began in June, and as of today, harvesting has been completed on 100 percent of the cultivated area, with an average yield of 87.48 baskets per acre, according to reports.

"During this year's summer cropping season, Shwebo Township cultivated 27,003 acres of summer paddy. At present, harvesting has been completed on all of the cultivated acreage. We have provided summer paddy farmers with agricultural technical assistance, raised awareness on pest prevention and control, advised them on measures to minimize crop losses, and encouraged them to move harvested paddy under shelter in a timely manner," said U Hsan Oo, Head of the Shwebo Township Department of Agriculture.

To help increase per-acre productivity and achieve the target yield, the Township Department of Agriculture supported summer paddy farmers by distributing quality certified seed, providing agricultural extension pamphlets, organizing farmer training courses and educational workshops, and ensuring the timely availability of the necessary agricultural inputs.

Local farmers have been advised to cooperate with the Agriculture Department to make preparations on prevention of pests, fulfilment of fertile soil and collection of quality seeds of crops to be able to grow summer paddy and other crops in time.

206

# Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# အီရန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်မြှင့်တင်နိုင်ရန် MANPADS ဒုံးကျည်များ တရုတ်နိုင်ငံက ပံ့ပိုးမည်



အီရန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်မြှင့်တင်နိုင်ရန် MANPADS ဒုံးကျည်များ တရုတ်နိုင်ငံက ပံ့ပိုးမည်ဖြစ်ကြောင်း Army Recognition သတင်းဌာနက ဇူလိုင် ၂၉ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

အီရန်နိုင်ငံ၏ လေကြောင်းရန်ကာကွယ်ရေးစွမ်းရည် အဆင့်မြှင့်တင်နိုင်ရေးအတွက် တရုတ်နိုင်ငံက QW-12 နှင့် FN-16 ပုခုံးထမ်းလေကြောင်းရန်ကာကွယ်ရေးဒုံးကျည် (Man-Portable Air Defense Systems - MANPADS) အစင်းရေ ၃၀၀ မှ ၄၀၀ ထိ ပံ့ပိုးပေးသွားမည်ဟု သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒုံးကျည်များသည် အမေရိကန်ဒေါ်လာ သန်း ၆၀ မှ ၇၀ ကြားရှိကြောင်းသိရပြီး ပထမအသုတ်ကို လာမည့် ရက်သတ္တပတ်များအတွင်း အီရန်သို့ ပေးပို့ဖွယ်ရှိကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။

စစ်ရေးလေ့လာသုံးသပ်သူများ၏ အဆိုအရ ၎င်းလက်နက်ဝယ်ယူမှု၏ အဓိကရည်ရွယ်ချက်မှာ မကြာသေးမီက အမေရိကန်၊ အစ္စရေးတို့နှင့် ဖြစ်ပွားခဲ့သည့် စစ်ရေးထိတွေ့မှုများအတွင်း ပေါ်ပေါက်ခဲ့သော အီရန်၏ အခြေစိုက် လေကြောင်းရန် ကာကွယ်ရေးကွန်ရက် အားနည်းချက်များကို ဖြည့်ဆည်းနိုင်ရန် ဖြစ်ကြောင်း သိရသည်။

QW-12 နှင့် FN-16 ပခုံးထမ်းလေကြောင်းရန် ကာကွယ်ရေးဒုံးကျည်စနစ်များသည် အနီအောက်ရောင်ခြည်ဖြင့် ပစ်မှတ်ရှာဖွေသည့် Fire-and-Forget စနစ်ကို အသုံးပြုထားသည့်အတွက် ရေဒါလှိုင်းထုတ်လွှတ်ရန် မလိုအပ်ဘဲ အနိမ့်ပျံလေယာဉ်များ၊ ခရုဇ်ဒုံးကျည်များနှင့် မောင်းသူမဲ့လေယာဉ်များကို ကြားဖြတ်ပစ်ခတ်နိုင်သည့်စွမ်းရည်ရှိသည်။

အဆိုပါ လက်နက်စနစ်များကို ဒုံးကျည်အခြေစိုက်စခန်းများ၊ နျူကလီးယားအဆောက်အအုံများ၊ ရေနံချက်စက်ရုံများ၊ လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ စစ်ရေးအမိန့်ပေးဌာနများနှင့် အခြားအရေးပါသော အခြေခံအဆောက်အအုံများ၌ ဖြန့်ကြက်ထားရှိခြင်းဖြင့် အနိမ့်ပျံလေကြောင်း ခြိမ်းခြောက်မှုများကို ပိုမိုကျယ်ပြန့်စွာ တန်ပြန်ကာကွယ်နိုင်မည်ဖြစ်သည်။

FN-16 သည် ယခုဝယ်ယူမည့် ဒုံးကျည်များအနက် စွမ်းဆောင်ရည်အမြင့်ဆုံးအမျိုးအစားဖြစ်ပြီး အကွာအဝေး ၅ ဒသမ ၅ ကီလိုမီတာမှ ၆ ကီလိုမီတာထိရှိသော ပစ်မှတ်များကို ကြားဖြတ်ပစ်ခတ်နိုင်သကဲ့သို့ အမြင့် မီတာ ၄၀၀၀အတွင်း ပျံသန်းနေသည့်ပစ်မှတ်များကိုလည်း တိုက်ခိုက်နိုင်သည်။ ထို့ပြင် အပူငွေ့လှည့်စားပစ္စည်းများကို ခွဲခြားသိရှိနိုင်သော Dual-band Optical Seeker ပါဝင်သည့်အတွက် ယခင်မျိုးဆက် MANPADS များထက် ပိုမိုထိရောက်ကြောင်း စစ်ရေးလေ့လာသုံးသပ်ချက်များတွင် ဖော်ပြထားသည်။

စစ်ရေးကျွမ်းကျင်သူများကမူ MANPADS စနစ်များသည် အီရန်၏အမျိုးသားအဆင့် လေကြောင်းရန်ကာကွယ်ရေးစွမ်းရည်ကို အပြည့်အဝပြန်လည်ဖြည့်ဆည်းပေးနိုင်မည်မဟုတ်သော်လည်း အလွန်ရွေ့လျားနိုင်ခြင်း၊ ရေဒါထုတ်လွှတ်မှုမရှိခြင်းနှင့် ပစ်ခတ်ပြီးနောက် လျင်မြန်စွာ နေရာရွှေ့ပြောင်း နိုင်ခြင်းတို့ကြောင့် အမေရိကန်နှင့် အစ္စရေးတို့၏ အနိမ့်ပျံလေကြောင်း စစ်ဆင်ရေးများကို ပိုမိုရှုပ်ထွေးစေနိုင်ကြောင်း သုံးသပ်ထားသည်။

အဆိုပါလက်နက်များကို တရုတ်နိုင်ငံ Xinjiang ဒေသရှိ Urumqi မြို့မှ ပါကစ္စတန်နိုင်ငံကိုဖြတ်သန်း၍ အီရန်သို့ ပေးပို့ဖွယ်ရှိကြောင်း၊ သယ်ယူပို့ဆောင်ရေးနှင့်ငွေကြေးဆိုင်ရာ ဆောင်ရွက်မှုများတွင် ဟောင်ကောင်အခြေစိုက်ကုမ္ပဏီတစ်ခုကြားခံအဖြစ် ပါဝင်ဖွယ်ရှိကြောင်း သတင်းများတွင် ဖော်ပြထားသည်။

တရုတ်နိုင်ငံသည် ယခုကဲ့သို့ ပံ့ပိုးပေးခြင်းဖြင့် အီရန်နှင့် မဟာဗျူဟာ မြောက်ပူးပေါင်းဆောင်ရွက်မှုကို ဆက်လက် ထိန်းသိမ်းထားနိုင်သည့်အပြင် အမေရိကန်နှင့် တိုက်ရိုက်စစ်ရေးပဋိပက္ခ ဖြစ်ပွားနိုင်သည့် အခြေအနေကိုလည်း ရှောင်ရှားနိုင်မည်ဖြစ်ကြောင်း စစ်ရေးလေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။

**China reportedly supplies Iran with hundreds of MANPADS air defense missiles to counter US air strikes** ကို ဘာသာပြန်ဆိုထားပါသည်။

# ရုရှားနိုင်ငံက Starlink ဂြိုဟ်တုဆက်သွယ်ရေးကို ဟန့်တားနှောင့်ယှက်နိုင်သည့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သစ်ကို ထုတ်ဖော်ပြသ

ရုရှားနိုင်ငံသည် SpaceX ကုမ္ပဏီ၏ Starlink ဂြိုဟ်တုအင်တာနက်ကွန်ရက်နှင့် မြေပြင်ဂိတ်များကြား ဆက်သွယ်ရေးကို ဟန့်တားနှောင့်ယှက်နိုင်သည့် အီလက်ထရွန်နစ်စစ်ဆင်ရေးစနစ်သစ်ကို ထုတ်ဖော်ပြသခဲ့ကြောင်း Y Net News သတင်းဌာနက ဩဂုတ် ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

၎င်းသည် ခေတ်သစ်စစ်ပွဲများတွင် ဂြိုဟ်တုအင်တာနက် ဆက်သွယ်ရေးကွန်ရက်များ၏ အရေးပါမှုပိုမိုမြင့်တက်မှုကို ထပ်မံထင်ဟပ်စေသည့်ဖွံ့ဖြိုးတိုးတက်မှုတစ်ရပ်ဖြစ်ကြောင်း သိရသည်။

ရုရှားနှင့်ယူကရိန်းသတင်းအရင်းအမြစ်များကို ကိုးကား၍ TechRadar နည်းပညာမီဒီယာဖော်ပြချက်အရ "Volna Kupol Garant" ဟု အမည်ပေးထားသော အဆိုပါစနစ်သည် Starlink အသုံးပြုသူများ၏ မြေပြင်ဂိတ်များကို တိုက်ရိုက်ပစ်မှတ်ထားခြင်းမဟုတ်ဘဲ၊ ကမ္ဘာမြေနိမ့်ပတ်လမ်းတွင် လှည့်ပတ်လျက်ရှိသော Starlink ဂြိုဟ်တုများသို့ အားပြင်းသော ကြိမ်နှုန်းမြင့်ရေဒီယိုလှိုင်းများကို ဦးတည်ပို့လွှတ်ကာ ဂြိုဟ်တုနှင့် မြေပြင်ကြားဆက်သွယ်ရေးလမ်းကြောင်းကို ဟန့်တားနှောင့်ယှက်နိုင်သည့် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ်ကြောင်း သိရသည်။

Starlink ဂြိုဟ်တုသည် ကမ္ဘာမြေနိမ့်ပတ်လမ်းတွင် လှည့်ပတ်လျက်ရှိသော ဂြိုဟ်တုထောင်ပေါင်းများစွာဖြင့် ဖွဲ့စည်းထားသည့်ဂြိုဟ်တုအင်တာနက်ဝန်ဆောင်မှုစနစ်ဖြစ်သည်။ အဆိုပါဝန်ဆောင်မှုကို ဝေးလံခေါင်သီသောဒေသများ၊ သဘာဝဘေးအန္တရာယ်ကျရောက်သည့် နေရာများ၌ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိသည်။

အဆိုပါစနစ်တွင် နောက်တွဲယာဉ်တပ်ဆင်ထားသော မော်ဂျူးခြောက်ခုပါဝင်ပြီး မော်ဂျူးတစ်ခုစီတွင် ဦးတည်ရာကို ပြောင်းလဲထိန်းချုပ်နိုင်သော ဂြိုဟ်တုအင်တင်နာနှစ်ခုကို အကာအကွယ်ပေးထားသည့် Radomeအဖုံးများအောက်တွင် တပ်ဆင်ထားသည်။ အဆိုပါ အင်တင်နာများကို နောက်တွဲယာဉ်ပေါ်မှ တိုက်ရိုက်အသုံးပြုနိုင်သကဲ့သို့ လိုအပ်ပါက အမြဲတမ်းတပ်ဆင်ထားသည့် စနစ်အဖြစ်လည်း ပြောင်းလဲအသုံးပြုနိုင်သဖြင့် စစ်ဆင်ရေးလိုအပ်ချက်များနှင့်အညီ ပိုမိုလွယ်ကူစွာ နေရာချထားအသုံးပြုနိုင်မည်ဖြစ်သည်။

Volna Kupol Garant စနစ်တစ်ခုသည် အကျယ်အဝန်း စတုရန်းကီလိုမီတာ ၂၀ ခန့်အတွင်းရှိ Starlink ဂြိုဟ်တုဆက်သွယ်မှုကို ဟန့်တားနှောင့်ယှက်နိုင်သည်။ ထို့ကြောင့် အဆိုပါစနစ်ကို ကျယ်ပြန့်သော နယ်မြေဒေသများ တစ်လျှောက်ကာကွယ်ရန်ထက် စစ်အခြေစိုက်စခန်းများ၊ ထောက်ပံ့ပို့ဆောင်ရေး ဗဟိုဌာနများနှင့် အခြားမဟာဗျူဟာအရ အရေးပါသည့် အဆောက်အအုံများကို ကာကွယ်ရန်အတွက် ပိုမိုသင့်လျော်ကြောင်း သိရသည်။

Starlink ဂြိုဟ်တုကွန်ရက်ကို ရည်ရွယ်၍ အထူးဒီဇိုင်းထုတ်ထားသော စနစ်များ ပေါ်ထွက်လာခြင်းသည် ရုရှား-ယူကရိန်းပဋိပက္ခအတွင်း အီလက်ထရွန်နစ်စစ်ဆင်ရေး၏ အခန်းကဏ္ဍပိုမိုအရေးပါလာနေကြောင်း ထင်ဟပ်စေလျက်ရှိသည်။ လက်ရှိတွင် ရုရှားနှင့် ယူကရိန်း နှစ်ဖက်စလုံးသည် ဒရုန်းစနစ်များ၊ ဂြိုဟ်တုဆက်သွယ်ရေးကွန်ရက်များနှင့် တိကျညှိနှိုင်းတိုက်ခိုက်နိုင်သော လက်နက်စနစ်များကို အသုံးပြုနေကြသဖြင့် စစ်မြေပြင်နည်းပညာသစ်များနှင့် ၎င်းတို့ကိုတန်ပြန်နိုင်မည့် နည်းပညာများကြား အပြိုင်အဆိုင်ဖွံ့ဖြိုးတိုးတက်လာနေသည်ဟု လေ့လာသူများက သုံးသပ်ထားကြောင်း သိရသည်။



**Russia unveils ground-based anti-Starlink electronic warfare system** ကို ဘာသာပြန်ဆိုထားပါသည်။

**မင်းမျိုး**

# ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၂၃၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစုစုပေါင်း ၂၃၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၂၃၃ ဧကနှင့် ဖူးစားပြောင်း ၂၅၄၆ ဧက စုစုပေါင်း ၂၇၇၉ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဇွန်လပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစုစုပေါင်း ၂၃၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း ၂၇၇၉ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့မှာ ၂၃၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေ ပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက် တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။ (၂၀၆)

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတံခွန်ခြောက်ပိဿာချိန် အများအပြားတင်ပို့ရောင်းချနိုင်ခဲ့

**လပွတ္တာ ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ငါးတံခွန်ခြောက်ပိဿာချိန် အများအပြား တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးပိ၊ ငံပြာရည်နှင့် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လအတွင်းက ငါးတံခွန်ခြောက် ပိဿာချိန် ၄၀၀၀၀ သာ ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လအတွင်း ငါးတံခွန်ခြောက် ပိဿာချိန် ၄၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဒေသကထွက်တဲ့ ငါးတံခွန်ခြောက်တွေကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိက တင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့တစ်လအတွင်း ငါးတံခွန်ခြောက်ပိဿာချိန် ၄၆၀၀၀ ထိ ရောင်းချခဲ့ရပါတယ်။ လပွတ္တာမြို့နယ်ကနေထွက်ရှိတဲ့ ငါးတံခွန်ခြောက်တွေကို ရန်ကုန်ဈေးကွက်အပြင် အခြားဒေသတွေကိုပါ တင်ပို့ရောင်းချနေပါတယ်။ အခုလက်ရှိမှာလဲ ငါးတံခွန်ခြောက်တွေကို ရန်ကုန်ဈေးကွက်က မှာယူမှုတွေ ရှိပါတယ်"ဟု လပွတ္တာမြို့နယ် ငါးပိ၊ ငံပြာရည်နှင့် ငါးခြောက်မျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပြသည်။



လပွတ္တာမြို့နယ်မှ ထွက်ရှိသည့် ငါးတံခွန်ခြောက် တစ်ပိဿာလျှင် ငွေကျပ် ၂၂၀၀၀ မှ ၂၅၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ ငါးတံခွန်ခြောက်များ အရောင်းအဝယ်ကောင်းမွန်လာသောကြောင့် ငါးပိ၊ ငံပြာရည်နှင့်ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အလုပ်အကိုင် အဆင်ပြေလျက်ရှိကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# နောင်မွန်မြို့နယ် ကွမ်လင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**နောင်မွန် ဩဂုတ် ၄**

ကချင်ပြည်နယ် ပူတာအိုခရိုင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ကွမ်လင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် နောင်မွန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်နှင့် မြို့နယ်စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၂၈ ဒသမ ၃ သန်းဖြင့် ဆောင်ရွက်ထားရှိသောစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အရောင်းအဝယ်လုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လွင်က စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကွမ်လင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၂၃ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃ ဦး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ငါးဦး၊ အခြားလုပ်ငန်းလုပ်ကိုင်သူလေးဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၄၅ ဦးကို ရန်ပုံငွေကျပ် ၂၈ ဒသမ ၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ အောင်မြင်စွာ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ရဲကျော်**




# ကျောက်တံခါးမြို့နယ် ကံကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး



**ကျောက်တံခါး ဩဂုတ် ၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကံကလေးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ် ရန်ပုံငွေ ထုတ်ချေးခြင်းကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စုစုလှိုင်က ကံကလေးကျေးရွာရှိ ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေး အခက်အခဲများကို ကုစားပေးနိုင်ရန်နှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန် ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ဦးစီးအရာရှိနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်း အကြောင်းအရာများ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး ဦးစီးအရာရှိက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၂၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကံကလေးကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၈၄ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၆၆ ဦး စုစုပေါင်း အသင်းသား၊ အသင်းသူဦးရေ ၁၅၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၄၂၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**နီလာ**



ရှေ့ဖုံးမှအဆက်

ဒုတိယသမ္မတ ဦးညိုစော၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ကိုထိုက်တို့တက်ရောက်ကြပြီး "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့်အတူ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်းနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ယခုနိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် သန္နိဋ္ဌာန်ချမှတ်ပြီး မဖြစ်မနေကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ထိုသို့ဖိတ်ခေါ်ဆွေးနွေးဆောင်ရွက်ချိန်တွင် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ယခုကဲ့သို့လာရောက်တွေ့ဆုံခဲ့ခြင်းသည် နိုင်ငံတော်၏အနာဂတ်အတွက် ကောင်းမွန်သည့်လုပ်ဆောင်ချက်ဖြစ်မှုအခြေအနေများ၊ ၁၉၈၉ ခုနှစ်တွင် တပ်မတော်နှင့် "ဝ" အဖွဲ့တို့ငြိမ်းချမ်းရေးဆွေးနွေးနိုင်ခဲ့မှု အခြေအနေများ၊ နိုင်ငံတော်အနေဖြင့် ပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် နိုင်ငံတော်သစ်ကိုတည်ဆောက်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရန် လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဦးတည်လျှောက်လှမ်းကြိုးပမ်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ (UWSA) "ဝ"အဖွဲ့အနေဖြင့် နိုင်ငံတော်ကို မိဘကဲ့သို့သဘောထားမှုနှင့် မိဘဖြစ်သည့် နိုင်ငံတော်၏စောင့်ရှောက်မှုအောက်တွင် မိမိတို့သားသမီးများက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်အောင် ဝိုင်းဝန်းပူးပေါင်းကြိုးပမ်းလုပ်ဆောင်ရန် ခံယူချက်ထားဆောင်ရွက်နေမှုအခြေအနေများ၊ "ဝ" ဒေသအတွင်းပညာရေးကဏ္ဍတိုးတက်ရေး ဆရာ၊ ဆရာမများနှင့် အခြေခံအဆောက်အအုံများ ဖြည့်ဆည်းပေးခြင်း၊ ကျန်းမာရေးကဏ္ဍတိုးတက်ရေးဆေးရုံများအဆင့်မြှင့်တင်ခြင်း၊ ကျန်းမာရေးဝန်ထမ်းများဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် လမ်းပန်းဆက်သွယ်မှုကဏ္ဍများ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရေးဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သည်များကို နိုင်ငံတော်အစိုးရက ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည့်အခြေအနေများ၊ နိုင်ငံတော်အနေဖြင့် နိုင်ငံတစ်ဝန်း အွန်လိုင်းငွေကြေးလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများအပြီးတိုင်ချုပ်ငြိမ်းပပျောက်စေရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကိုအရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့(UWSA) "ဝ"အဖွဲ့အနေဖြင့်လည်း ဒေသအတွင်း အွန်လိုင်းလောင်းကစားမှုများပပျောက်စေရေးနှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးလုပ်ငန်းများကို ဖိဖိစီးစီးကြပ်မတ်နှိမ်နင်း ဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအောင်မြင်စေရေးအတွက် ရှေ့ဆက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်"ဝ" ဒေသဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးဆောင်ရွက်သွားမည့်အခြေအနေများနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတက "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး နိုင်ငံတော်သမ္မတထံ "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌက အမှတ်တရလက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌတို့သည် တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းတို့ ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် "ဝ" ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)မှ ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။

# ငါးနှစ်ပြည့် နိုင်ငံတကာပို့ဆောင်ရေးထိပ်သီးအစည်းအဝေး-၂၀၂၆ ဖွင့်ပွဲကျင်းပ
# မြန်မာနိုင်ငံ နေပြည်တော်နှင့် ရန်ကုန်မြို့အပါအဝင် နိုင်ငံတကာမှ မြို့ပေါင်း ၁၉မြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလျှောက်ထားလွှာကို လက်မှတ်ရေးထိုး




ရန်ကုန် ဩဂုတ် ၄

ငါးနှစ်ပြည့် နိုင်ငံတကာပို့ဆောင်ရေးထိပ်သီးအစည်းအဝေး-၂၀၂၆ (5th Anniversary International Transport Summit-2026)ဖွင့်ပွဲကို ယမန်နေ့နံနက် ၁၀ နာရီက ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ The Carlton Hotel Ballroom ၌ ကျင်းပခဲ့ပြီး သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာလျှောက်ထားလွှာ(Application of Transport Cooperation) လက်မှတ်ရေးထိုးပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ နေပြည်တော်နှင့် ရန်ကုန်မြို့အပါအဝင် နိုင်ငံတကာမှ မြို့ပေါင်း ၁၉ မြို့နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့အကြား သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လျှောက်ထားလွှာကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

မြန်မာနိုင်ငံ နေပြည်တော်ကိုယ်စားပြု၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးကံမြင့်သန်း၊ ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမျိုးမြင့်အောင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့အစိုးရ ဒုတိယမြို့တော်ဝန် မော်စကိုအစိုးရ၏ သယ်ယူပို့ဆောင်ရေးနှင့် လမ်းအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရေးဌာန အကြီးအကဲ မစ္စတာ မက်စင်မ်လစ်ကဆူတော့တို့က လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်သည်။

အလားတူ အိန္ဒိယနိုင်ငံ Visakhapatnam မြို့၊ဂါနာနိုင်ငံ Accra မြို့၊ Turkiye နိုင်ငံ Ankara မြို့၊ Brazil နိုင်ငံ Belo Horizonte မြို့၊ Curitiba မြို့၊ Fortaleza မြို့၊ Goiania မြို့၊ Montes Claros မြို့၊ Porto Alegre မြို့၊ Lebanese နိုင်ငံ Beirut မြို့၊ Serbia နိုင်ငံ Belgrade မြို့၊ Sri Lanka နိုင်ငံ Colombo မြို့၊ Tanzania နိုင်ငံ Dar es Salaam မြို့၊ Nicaragua နိုင်ငံ Managua မြို့၊ Uruguay နိုင်ငံ Montevideo မြို့၊ Ecuador နိုင်ငံ Quito မြို့၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ Vladivostok မြို့ စသည့်မြို့များနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့တို့ကြား သယ်ယူပို့ဆောင်ရေး ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ လျှောက်ထားလွှာကို လက်မှတ်ရေးထိုးခဲ့ကြသည်။

အဆိုပါ ငါးနှစ်ပြည့်နိုင်ငံတကာပို့ဆောင်ရေးထိပ်သီးအစည်းအဝေး-၂၀၂၆(5th Anniversary International Transport Summit-2026)ကို ဩဂုတ် ၂ ရက်မှ ၆ ရက်ထိ ကျင်းပမည်ဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားတွင် Mr. Maksim Liksutov မော်စကိုမြို့ ဒုတိယမြို့တော်ဝန်(သယ်ယူပို့ဆောင်ရေးနှင့်စက်မှုလုပ်ငန်း)၊ Mr. Dmitry Zverev ရုရှားဖက်ဒရေးရှင်းနိုင်ငံ သယ်ယူပို့ဆောင်ရေး ဒုတိယဝန်ကြီးနှင့် State Secretary၊ Mr. Vladimir Efimov မော်စကိုမြို့ ဒုတိယမြို့တော်ဝန်(မြို့ပြစီမံကိန်း မူဝါဒနှင့်ဆောက်လုပ်ရေး)တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ယင်း ထိပ်သီးအစည်းအဝေးသည် မိတ်ဖက်မြို့ပြများအကြား သယ်ယူပို့ဆောင်ရေးစနစ် ခေတ်မီဆန်းသစ်ရေးနှင့် ဒစ်ဂျစ်တယ်နည်းပညာဆိုင်ရာတီထွင်ဆန်းသစ်မှုများတွင် အဆင့်မြင့်ကျွမ်းကျင်မှုများကို အပြန်အလှန်မျှဝေရန်၊ မြို့ပြသယ်ယူပို့ဆောင်ရေးကဏ္ဍ တိုးတက်ကောင်းမွန်စေရန်နှင့် လူနေမှုဘဝအရည်အသွေးကို မြှင့်တင်ရန်အတွက် ပူးပေါင်းဆောင်ရွက်မည့် မဟာဗျူဟာများကို ဖော်ဆောင်ပေးရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌမြို့တော်ဝန်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ဒုတိယနေ့ တွေ့ဆုံဆွေးနွေး

နေပြည်တော် ဩဂုတ် ၄

အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီနှင့် “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ(UWSP)တို့ ဒုတိယနေ့တွေ့ဆုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။



တွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်၊ အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်နှင့် ညှိနှိုင်းရေးကော်မတီဝင်များ၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်း၊ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် ဦးပေါက်အိုက်ခမ်း၊ ၁၇၁ စစ်ဒေသနိုင်ငံရေးမှူး ဦးထင်ဆမ်ရုန်း၊ တပ်မဟာ ၄၈၅ တပ်မဟာမှူး ဦးပေါက်ကျွင်းလုံ၊ တပ်မဟာ ၄၆၈ နိုင်ငံရေးမှူး ဦးကျောက်ရှောက်ဖူ၊ ဒုတိယစစ်ဦးစီးမှူး ဦးလီကော်ဖျင်နှင့် လားရှိုးဆက်ဆံရေးရုံးတာဝန်ခံ ဦးကျောက်ညီရုန်းတို့ပါဝင်သည့် ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဆက်လက်၍ ဆွေးနွေးပွဲ ပထမရက်၌ ဆက်လက်ဆွေးနွေးရန် ကျန်ရှိသည်များကို ဆွေးနွေးပြီးနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းရရှိမှုများကို မှတ်တမ်းတင်ကြသည်။

ထို့နောက် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးမင်းနိုင်က နှစ်ရက်တာဆွေးနွေးချက်များမှ ပြည်ထောင်စုမပြိုကွဲရေးနှင့် ခွဲမထွက်ရေး၊ ဒေသတည်ငြိမ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ ကျန်းမာရေး၊ စိုက်ပျိုးမွေးမြူရေးနှင့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာကိစ္စရပ်များ၊ လက်တွေ့ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ဖော်ဆောင်နိုင်ရေး၊ နှစ်ဖက်ခေါင်းဆောင်များ သီးသန့်တွေ့ဆုံဆွေးနွေးမှုမှ နှစ်ဖက်ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးနိုင်မှုအခြေအနေများကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် နှစ်ရက်တာဆွေးနွေးညှိနှိုင်းချက်များအရ ညှိနှိုင်းရရှိချက်များကို မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။ ဆက်လက်၍ “ဝ”ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP) ဒုတိယဥက္ကဋ္ဌ ဦးကျောက်ကော်အန်းက ကျေးဇူးတင်စကားပြောကြားရာတွင် ယနေ့ဆွေးနွေးပွဲသည် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးပြီး နှစ်ဦးနှစ်ဖက်မှ နိုင်ငံတော်ငြိမ်းချမ်းရေးတည်ဆောက်မှု၊ ဒေသတည်ငြိမ်ရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့်အကြောင်းအရာများကို ဆွေးနွေးခဲ့ကြပြီး ကောင်းမွန်သော ဆွေးနွေးညှိနှိုင်းမှုရလဒ်များရရှိခဲ့ပါကြောင်း၊ နိုင်ငံရေးနည်းလမ်းဖြင့် သဘောထားကွဲလွဲမှုများကို ဖြေရှင်းရန်၊ ငြိမ်းချမ်းသော နည်းလမ်းဖြင့် သဘောတူညီမှုများ တည်ဆောက်ရန်နှင့် ငြိမ်းချမ်းရေးလမ်းစဉ်ကို မြဲမြံစွာလျှောက်လှမ်းရန်ထောက်ခံပါကြောင်း၊ မိမိတို့အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ တိုင်းရင်းသားလူမျိုးများနှင့် လူမှုအဖွဲ့အစည်းအားလုံးက အချင်းချင်းသည်းခံမှု၊ အတူယှဉ်တွဲနေထိုင်မှု အယူအဆကိုလက်ကိုင်ထားကာ အပြန်အလှန်လေးစားမှု၊ အပြန်အလှန်ကူညီဖေးမမှုတို့ဖြင့်နေထိုင်ကြရန် စိတ်ရင်းမှန်ဖြင့် မျှော်လင့်ပါကြောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် အတူယှဉ်တွဲနေထိုင်မှုသည် နိုင်ငံတော်၏ရေရှည်တည်ငြိမ်အေးချမ်းရေးအတွက် အခြေခံအုတ်မြစ်ဖြစ်ပါကြောင်း၊ သည်းခံမှု၊ အပြန်အလှန်ယုံကြည်မှုနှင့် စည်းလုံးညီညွတ်မှုကို အမြဲတစေလိုက်နာပြီး အမျိုးသား စည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေး ဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီနှင့် ပုံမှန်ဆက်သွယ်မှုထားရှိကာ နိုင်ငံတစ်ဝန်းတည်ငြိမ်အေးချမ်းပြီး စည်းလုံးညီညွတ်မှုရှိသောအခင်းအကျင်းကို အတူတကွထိန်းသိမ်းသွားရန်ဆန္ဒရှိပါကြောင်း၊ မြန်မာနိုင်ငံအတွက် ရေရှည်တည်တံ့သော ငြိမ်းချမ်းရေး၊ ရေရှည်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို အတူတကွတွန်းအားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် နှစ်ရက်တာဆွေးနွေးမှုများကို နက်နက်ရှိုင်းရှိုင်းဆွေးနွေးနိုင်ခဲ့ပြီး အောင်မြင်သည့်ဆွေးနွေးပွဲတစ်ရပ်ဖြစ်ကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSP)သည် မြန်မာ -တရုတ် နယ်နိမိတ်အနီးတွင် တည်ရှိပြီး သံတမန်ဆက်ဆံရေးအတွက်လည်း အရေးကြီးသည့် နေရာတစ်ခုဖြစ်ပါကြောင်း၊ မိမိတို့အဖွဲ့နှစ်ဖွဲ့ အမြဲမပြတ်ထိတွေ့ဆက်ဆံခြင်းသည် မြန်မာ–တရုတ်ဆက်ဆံရေးအတွက် အရေးကြီးသည့်အထောက်အပံ့ဖြစ်ပါကြောင်း၊ “ဝ” ပြည်သွေးစည်းညီညွတ်ရေးပါတီနှင့် NSPNC အမြဲထိတွေ့ဆက်ဆံပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင် ပါဝင်ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း၊ “ဝ” တိုင်းရင်းသားများသည်လည်း မြန်မာနိုင်ငံ တိုင်းရင်းသားများဖြစ်သည့်အတွက် ဆက်လက်ပြီး ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ NSPNC အနေဖြင့် မည်သည့်တိုင်းရင်းသားမဆို တိုင်းရင်းသားညီအစ်ကိုရင်းချာသဖွယ် သတ်မှတ်ပြီး တန်းတူဆွေးနွေးဆောင်ရွက်ပါကြောင်း၊ယနေ့ဆွေးနွေးပွဲသည် အလွန်တန်ဖိုးရှိသည့်ခြေလှမ်းတစ်ခုဖြစ်ပြီး အနာဂတ်အတွက်မျှော်လင့်ချက်များစွာရှိသည့်ခြေလှမ်းများကို ရှေ့ဆက်လက်လျှောက်လှမ်းနိုင်ရေး အစပြုခြင်းဖြစ်ပါကြောင်းပြောကြားကာ အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်၍ ဆွေးနွေးပွဲကိုရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ရှေးဟောင်းဝတ္ထုပစ္စည်းအပ်နှံခဲ့ခြင်းအတွက် ဆုကြေးငွေကျပ် ၁၀၄၉ သိန်းကျော် ပေးအပ်ချီးမြှင့်




နေပြည်တော် ဩဂုတ် ၄

ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်၊ ပျူခေတ်၊ ကုန်းဘောင်ခေတ်၊ ဝေသာလီခေတ်နှင့် မြောက်ဦးခေတ်လက်ရာများဖြစ်သည့် ရွှေပန်းကနုတ်အပိုင်းအစ၊ ငွေဒင်္ဂါး၊ ကျောက်ကွင်း၊ကျောက်ပုတီးစေ့၊ကြေးအလေး၊ကြေးခလောက်၊ ကြေးသတ္တုစပ်ပြား၊ မြေထည်ပစ္စည်းများ စသည့်ရှေးဟောင်းဝတ္ထုပစ္စည်းအရေအတွက် စုစုပေါင်း ၁၁၇၃ ခုကို အပ်နှံခဲ့ခြင်းအတွက် အပ်နှံပေးသူများကို ဆုကြေးချီးမြှင့်ငွေကျပ် ၁၀၄၉ သိန်းကျော်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နေပြည်တော် ပျဉ်းမနားမြို့နယ် ပန်းခင်း (၃)လမ်းနေ ဦးဝင်းကိုကို၊ နေပြည်တော် ပျဉ်းမနားမြို့နယ် သဲကျွန်းကျေးရွာမှ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ် ကျောက်တိုင်ကျေးရွာမှ ဦးရဲရင့်ဇော်၊ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာမှ ဦးဝင်းမင်းထွန်း၊မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပုတီးကုန်းကျေးရွာမှ ဦးစိုးမင်း၊ မွန်ပြည်နယ် ရေးမြို့နယ် ခေါဇာမြို့ ရာဇာဓိရာဇ်လမ်းနေ ဦးဉာဏ်လင်းထက်တို့က ရှေးဟောင်းဝတ္ထုပစ္စည်းများ လာရောက်အပ်နှံခဲ့သည့်အတွက် ဆုကြေးငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လောကနတ်ခန်းမ၌ ကျင်းပသည်။

ရှေးဟောင်းဝတ္ထု ပစ္စည်းများကို အကြောင်းအမျိုးမျိုးဖြင့် တွေ့ရှိခြင်းဖြင့်သော်လည်းကောင်း၊ ဝါသနာအလျောက် စုဆောင်းထားခြင်းဖြင့်သော်လည်းကောင်း ရရှိသိမ်းဆည်းထားပြီး နိုင်ငံတော်သို့အပ်နှံပါက ရှေးထည်ပစ္စည်းများဖြစ်ပါက ပညာရှင်အဖွဲ့၏ စိစစ်သုံးသပ်ချက်အရ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသို့ အရည်အသွေးစစ်ဆေး၍ အရည်အသွေးနှင့် အလေးချိန်ကို ယင်းနေ့ပြင်ပပေါက်ဈေးဖြင့် မူလတန်ဖိုးတွက်ချက်၍ ပျူခေတ်လက်ရာပစ္စည်းများဆိုပါက မူလတန်ဖိုးများအပြင် ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၈၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၈၀ ထိအပြင် ထပ်ဆောင်းတန်ဖိုးပါချီးမြှင့်မည်ဖြစ်ကြောင်း၊ ပုဂံခေတ်လက်ရာပစ္စည်းများဖြစ်ပါက ခေတ်ကာလတန်ဖိုး ရာခိုင်နှုန်း ၇၀၊ ခေတ်လက်ရာတန်ဖိုး ရာခိုင်နှုန်း ၄၀ မှ ၇၀ ထိအပြင် ထူးခြားရှားပါးသည့် ရှေးဟောင်းဝတ္ထုပစ္စည်းများကို ထပ်ဆောင်းတန်ဖိုးအဖြစ် ကာလတန်ဖိုး၏ ရာခိုင်နှုန်း ၄၀ မှ ၈၀ ထိ ထပ်မံချီးမြှင့်ပေးသည့်အတွက် ရှေးဟောင်းဝတ္ထုပစ္စည်းများကို အနည်းဆုံးခေတ်ကာလပေါက်ဈေး၏ နှစ်ဆခွဲမှ သုံးဆခွဲကျော်ထိ ဆုကြေးငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များသည် တိုင်းပြည်၏ ဂုဏ်သိက္ခာနှင့် ခိုင်မာသည့် သမိုင်းသက်သေများဖြစ်သဖြင့် ရေရှည်တည်တံ့အောင်ထိန်းသိမ်းရန် အရေးကြီးကြောင်း၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရာတွင် ပြည်သူလူထု၏ တာဝန်သိစိတ်နှင့် ပူးပေါင်းပါဝင်မှုသည် ပဓာနကျပြီး ယခုကဲ့သို့ စီးပွားရေးအကျိုးအမြတ်ထက် နိုင်ငံတော်အတွက် ရှေးဟောင်းပစ္စည်းများကို စေတနာအပြည့်ဖြင့် လာရောက်အပ်နှံခဲ့ကြသည့် ပြည်သူများ၏ အမျိုးသားရေးအသိကို လေးစားဂုဏ်ယူပါကြောင်း၊ အပ်နှံခဲ့သည့်ပစ္စည်းများကို အမျိုးသားပြတိုက်များတွင် စနစ်တကျ ထိန်းသိမ်းပြသသွားမည်ဖြစ်ပြီး ပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ရှေးဟောင်းပစ္စည်းများ တွေ့ရှိပါက သက်ဆိုင်ရာဌာနသို့ ဆက်သွယ်အပ်နှံကြရန်နှင့် သတင်းပေးပို့ကြရန် တိုက်တွန်းလိုကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

**တစ်အိမ်လုံးတွင် မည်သူမျှ မရှိနေချိန်၌ မလိုအပ်သော လျှပ်စစ်အသုံးပြုမှုအားလုံးကို ပိတ်ခြင်းဖြင့် လျှပ်စစ်ကို ချွေတာသုံးစွဲပါ။**

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့ လို

**ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန်အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။**

**(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၄ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)**

## တောင်သူများ ဓာတ်မြေသြဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ



**နေပြည်တော် ဩဂုတ် ၄**

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအနေဖြင့် တောင်သူများဓာတ်မြေသြဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရန် တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့် ပူးပေါင်းစီစဉ်ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါကော်မတီ အစည်းအဝေးမှ သိရသည်။

အဆိုပါအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပခြင်းဖြစ်ပြီး ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမျိုးဇော်သိမ်း၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အနေဖြင့် တောင်သူများ ဓာတ်မြေသြဇာသုံးစွဲရာတွင် သက်သာသောဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်ရေးအတွက် နိုင်ငံခြားငွေလဲလှယ်နှုန်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ဈေးနှုန်းဖြင့်ရောင်းချပေးခဲ့ရာ ဦးဆောင်ကော်မတီအနေဖြင့် ယူရီးယားမြေသြဇာ တစ်အိတ်လျှင် ငွေကျပ် ၁၂၀၀၀၀ နှုန်းဖြင့် ရန်ကုန်အထိုင် ရည်ညွှန်းဈေးနှုန်း သတ်မှတ်ပေးထားကြောင်း၊ ရည်ညွှန်းဈေးနှုန်းကိုအခြေခံ၍ သယ်ယူစရိတ်နှင့် တင်ချခတို့ကိုထည့်ပေါင်းပြီး အမြတ်မယူဘဲ တောင်သူလက်ဝယ်အရောက် တိုက်ရိုက် ရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့များနှင့်ပူးပေါင်း၍ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယူရီးယားဓာတ်မြေသြဇာ တင်သွင်းသောကုမ္ပဏီများကို တင်ဒါ၊ ယှဉ်ပြိုင်စနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီသည် ပြည်ပတွင် ယူရီးယားမြေသြဇာဈေးနှုန်းများ မတည်ငြိမ်မှုကြောင့် ပြည်တွင်းကုမ္ပဏီတစ်ခုချင်းအလိုက် တင်သွင်းရန် အခက်အခဲရှိနေကြသဖြင့် စိုက်ပျိုးချိန်ရာသီအမီ အချိန်မီတင်သွင်းနိုင်ရေးအတွက် ကုမ္ပဏီများကို စုပေါင်းပြီး သမဝါယမစနစ် Consortium ဖွဲ့စည်းကာ အမြတ်မယူဘဲ စုပေါင်းဝယ်ယူ စုပေါင်းဖြန့်ဖြူးနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့သည့်အပြင် တင်သွင်းရာတွင် ပစ္စည်းမပြတ်လပ်အောင် အသုတ်လိုက်စီစဉ်ပေးကာ တင်သွင်းမှုအတွက် ဈေးနှုန်းပျမ်းမျှတွက်ချက်ပြီး ဈေးနှုန်းတည်ငြိမ်အောင် ဆောင်ရွက်ပေးထားကြောင်း အစည်းအဝေးမှ သိရသည်။

ထို့ပြင် ဓာတ်မြေသြဇာအရည်အသွေးနှင့် အလေးချိန်မှန်ကန်ရေး၊ သတ်မှတ်ရောင်းဈေးထက် ပိုမိုရောင်းချမှုမရှိစေရေး၊ သိုလှောင်ဈေးကစားခြင်းများ မရှိစေရေး၊ တောင်သူများသုံးစွဲမှု ရှိ၊ မရှိ၊ မြေပြင်လက်ကျန်စာရင်း မှန်ကန်မှု ရှိ၊ မရှိတို့ကိုလည်း ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီက စစ်ဆေးကြပ်မတ် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မိုးလေဝသ

**○ မိုးထစ်ချုန်းရွာမည်မှ**

နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၂၅ မိုင်မှ မိုင် ၃၀ ထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားကောင်းလာနိုင်ခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်း၊ မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင်နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ရန်၊ ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

**(မိုး/ဇလ)**

**သစ်တောမှန်လျှင် အသုံးဝင်၊ အစဉ်ထာဝရ ထိန်းသိမ်းကြ။**

## မုံရွာမြို့၌ စက်သုံးဆီအရောင်းဆိုင်များကို ကွင်းဆင်းစစ်ဆေး

**မုံရွာ ဩဂုတ် ၄**

စစ်ကိုင်းတိုင်း ဒေသကြီးအတွင်း စက်သုံးဆီဝယ်ယူသူများကို စံချိန်စံညွှန်း၊ အရည်အသွေးနှင့် အခြင်အတွယ်ပြည့်မီမှန်ကန်စွာ သတ်မှတ်ရည်ညွှန်းဈေးနှုန်းများအတိုင်း ဝယ်ယူရရှိစေရေး အခါအားလျော်စွာ ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် မုံရွာမြို့ပေါ်ရှိ စက်သုံးဆီအရောင်းဆိုင်ငါးဆိုင်ကို ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က ရှောင်တခင်ကွင်းဆင်းစစ်ဆေးကြပ်မတ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မုံရွာခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မီးသတ်တပ်ဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီး စားသုံးသူရေးရာဦးစီးဌာနနှင့် ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ လုပ်ငန်းများ ထိန်းသိမ်းကြီးကြပ်ရေး ဆပ်ကော်မတီအဖွဲ့ဝင်နှင့်ဌာနဆိုင်ရာများ ပါဝင်သောအဖွဲ့က မုံရွာမြို့ပေါ်ရှိ QR Code, Bar Code စနစ်ဖြင့်ရောင်းချနေသော Power 9၊ ပြည်မြန်မာစိုး၊ စိုး(၄)၊ စွမ်းရည်ထက်၊ သန်းကုဋေအောင်(၅) စက်သုံးဆီဆိုင်တို့ကို အခြင်အတွယ်မှန်ကန်မှု ရှိ၊ မရှိ လီတာ ၂၀ စံခြင်ခွက်ဖြင့်လည်းကောင်း၊ အရည်အသွေး စစ်ဆေးနိုင်ရေးအတွက် ဆီနမူနာကောက်ယူ၍ လည်းကောင်း၊ သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့်ရောင်းချမှု ရှိ၊ မရှိ၊ မီးဘေးအန္တရာယ်လုံခြုံစိတ်ချစေရန် မီးသတ်ဆေးဘူးများ ထားရှိခြင်း ရှိ၊ မရှိတို့ကိုလည်းကောင်း ကွင်းဆင်းစစ်ဆေး ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**



**● မြန်မာအသင်းမှ**

ပွဲချိန် ၄၅ မိနစ်တွင် မောင်မောင်လွင်တို့က မြန်မာအသင်းအတွက် သွင်းဂိုးများသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၂၃ မိနစ်တွင် Phout-thavong က လာအိုအသင်းအတွက် ချေပဂိုး တစ်ဂိုး သွင်းယူနိုင်ခဲ့သည့်အတွက် ပထမပိုင်းတွင် လေးဂိုး နှစ်ဂိုးဖြင့် မြန်မာအသင်းက ဦးဆောင်နိုင်ခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မြန်မာအသင်းကပင် ဘောလုံးပိုင်ဆိုင်မှုအသာစီးဖြင့် ဆက်လက်ဖိအားပေးကစားနိုင်ခဲ့ကာ ပွဲချိန် ၅၂ မိနစ်တွင် သန်းပိုင်၊ ၈၁ မိနစ်တွင် လူစားဝင်ကစားသမား ဟိန်းထက်အောင်နှင့် ပွဲချိန် ၈၃ မိနစ်တွင် ဝင်းနိုင်ထွန်းတို့က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးများထပ်မံသွင်းယူနိုင်ခဲ့ပြီး လာအိုအသင်းကို ခုနစ်ဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ကာ နောက်တစ်ဆင့်တက်ရောက်နိုင်ရန်အတွက် မျှော်လင့်ချက်ကောင်းမွန်လာခဲ့သော်လည်း ပွဲချိန် မိနစ် ၇၀ တွင် မြန်မာအသင်းအဓိကကစားသမား အသင်းခေါင်းဆောင် မောင်မောင်လွင် တိုက်ရိုက်အနီကတ်ပြသခံခဲ့ရသည့်အတွက် လာမည့်အရေးကြီးပွဲစဉ်ဖြစ်သည့် ထိုင်းအသင်းနှင့်ပွဲစဉ်ကို လွဲချော်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုသုံးပွဲကစားပြီးချိန်တွင် မလေးရှားအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သော်လည်း ဖိလစ်ပိုင်အသင်းကို လေးဂိုး တစ်ဂိုး၊ လာအိုအသင်းကို ခုနစ်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး ရမှတ် ခြောက်မှတ်ဖြင့် အုပ်စုပထမနေရာတွင် ရပ်တည်လျက်ရှိနေပြီး အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် ဩဂုတ် ၈ ရက်တွင် ထိုင်းအသင်းနှင့်အဝေးကွင်းတွင် သွားရောက်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# မျောက်ပြဆန်တောင်းသူတို့၏ ဘဝနေဝင်ချိန်နှင့် တံလျှပ်ကို ရေထင်၍ အလိုက်မှားခဲ့ကြသူများသို့

"သမိုင်းဆိုတာ အနာဂတ်အတွက် ဆရာတစ်ဆူ (The history is a teacher for a future)တဲ့"။ သိပ်မှန်သည့် စကားပါပဲ။ လူတစ်ယောက်ဖြစ်စေ၊ အဖွဲ့အစည်းဖြစ်စေ၊ နိုင်ငံတစ်နိုင်ငံဖြစ်စေ ဖြတ်သန်းလာခဲ့တဲ့ သမိုင်းကြောင်းဆိုတာရှိကြပါတယ်။ အဲဒီသမိုင်းကြောင်းတွေထဲက အမှားတွေကို ပစ္စုပ္ပန်ကာလမှာ သင်ခန်းစာအဖြစ်ယူပြီး အနာဂတ်ခရီး လျှောက်လှမ်းကြဖို့ လိုပါတယ်။

**မွန်းကျပ်လွန်းသည့် မှိုင်း**

မှိုင်းကြောင့် အတွေးအမြင်တွေ မှုန်ဝါးလာပြီး အချိန်ကြာလာတဲ့အခါ မွန်းကျပ်ကာ အသက်ဆုံးရှုံးရပါတယ်။ နိုင်ငံရေးမှိုင်းသည်လည်း ထို့အတူပါပဲ။ ယနေ့ PDF ဆိုတာ နိုင်ငံရေးမှိုင်း တိုက်ခံလိုက်ရတဲ့သူတွေသာဖြစ်ပါတယ်။ PDF အမည်ခံ အကြမ်းဖက်ဆိုတဲ့စကားကို ဘယ်သူတွေ အမည်ပေးခဲ့ကြတာလဲ။ မှတ်မိကြပါလိမ့်ဦးမည်။ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲကြီးမှာ မဲမသမာမှုတွေ လုပ်လို့ သူခိုးလူမိဖြစ်သွားကြတဲ့ CRPH လို့ခေါ်တဲ့ ပြည်ပြေးနိုင်ငံရေးစားဖားကြီးတွေက စိတ်ခံစားမှုလွယ်တဲ့ လူငယ်တွေရဲ့အားနည်းချက်ကို အခွင့်ကောင်းယူခဲ့ကြတယ်။ နိုင်ငံရေးမှိုင်းတိုက်ပြီး PDF အမည်တပ်ကာ အကြမ်းဖက်သောင်းကျန်းသူများအဖြစ် မွေးထုတ်ပေးခဲ့ကြတာပါ။ ဆင်ခြင်တုံတရားကင်းမဲ့ကြတဲ့ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ လူငယ်တွေဟာ "အဇာတသတ်"ကဲ့သို့ ယုတ်မာကောက်ကျစ်တဲ့ "CRPH" ရဲ့ ကျေးကျွန်လေးတွေဖြစ်သွားကြပြီး အကြမ်းဖက်မှုတွေကို ပိုမိုလုပ်လာကြတယ်။

**မျောက်ပြ ဆန်တောင်းကြသူများ**

နိုင်ငံတော်အာဏာကို အဓမ္မနည်းနဲ့ ယူဖို့ကြံဆောင်ခဲ့ကြတဲ့ CRPH ဟာ မစားရတဲ့အမဲ သဲနဲ့ပက်ခဲ့တာကြောင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေ ပေါ်ပေါက်လာချိန်မှာ အဖျက်အမှောင့်တွေ ပိုမိုလုပ်နိုင်ဖို့အတွက် ပြည်ဖျက်မီဒီယာတွေ၊ ပြည်ပြေးအနုပညာရှင်တွေက သွေးထိုးပေးခဲ့ကြတယ်။ ဒီလိုအချိန်မှာ ပြည်ပမှာရှိနေတဲ့ နိုင်ငံရေးရေချိန်မရှိဘဲ မျောက်ပြဆန်တောင်းကြတဲ့ အချောင်စားလိုကြသူတွေကလည်း လူမှုကွန်ရက်ပေါ်မှာ ကိုယ်ထင်ပြလာကြတယ်။ သူတို့အချင်းချင်းမှာလည်း သင့်မြတ်ကြသည်တော့မဟုတ်။ တစ်ယောက်နဲ့တစ်ယောက် အနာပေါင်းကို တုတ်နဲ့ဆွနေကြတာပါပဲ။ CRPH၊ NUG၊ ပြည်ဖျက်မီဒီယာတွေနဲ့ တော်လှန်ရေး ခေါင်းစဉ်ပြပြီး ခွက်ခေါက်နေကြတဲ့သူတွေအားလုံးဟာ နိုင်ငံရေးအပေါ် ခုတုံးလုပ်ပြီး မျောက်ပြဆန်တောင်းနေကြသူတွေချည်းပါပဲ။ PDF တွေကတော့ နိုင်ငံရေးထိုးကျွေးခံရသူတွေပါပဲ။

**မှော်ရုံထဲက မိစ္ဆာတို့ရဲ့ လူသတ်ပွဲများ**

တစ်ခါက ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့ဖူးတဲ့စကားကို ဖတ်ခဲ့ရဖူးပါတယ်။ "နိုင်ငံရေးလုပ်မယ်ဆိုရင် နိုင်ငံရဲ့သမိုင်းကြောင်းကိုသိရမယ်"တဲ့။ ဒီတော့ လွတ်လပ်ရေးရပြီးစ ပြည်တွင်းသောင်းကျန်းမှုကာလမှာ ရုပ်ဝါဒီကျင့်သုံးကြတဲ့ ကွန်မြူနစ်တွေရဲ့ နိုင်ငံရေးဝါဒမှိုင်းတွေကြောင့် ကွန်မြူနစ်သောင်းကျန်းသူတွေ ဆီရောက်သွားကြတဲ့ လူငယ်တွေရှိခဲ့တယ်။ "သေရဲရမည်၊ သတ်ရဲရမည်"၊ "မိဘဆိုတာမရှိ"ဆိုတဲ့ မိစ္ဆာအယူတွေကြောင့်

> **၂၀၂၁ ခုနှစ်ကနေ ယနေ့ ၂၀၂၆ ခုနှစ်ထိ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အန္တရာယ်ကြောင့် နေရပ်စွန့်ခွာခဲ့ကြတဲ့ မိသားစုတွေ၊ စီးပွားပျက်ခဲ့သူတွေ၊ ပညာရေးနဲ့ ဝေးကွာနေတဲ့ ကလေးသူငယ်တွေ များစွာရှိခဲ့ပါတယ်။ အဆိုးရွားဆုံးကတော့ ပညာရေးနဲ့ ဝေးကွာနေကြတဲ့ ကလေးတွေရဲ့ အနာဂတ်ပါပဲ။ သူတို့လေးတွေမှာ ရည်မှန်းချက်တွေရှိကြတယ်။ သူတို့လေးတွေဟာ နိုင်ငံတော်ရဲ့အနာဂတ် လူသားအရင်းအမြစ်တွေပါ။ တစ်နည်းပြောရရင် တိုင်းပြည်ကို ဆင်းရဲတွင်းထဲ တွန်းပို့နေတာထက် တိုင်းပြည်ပြိုကွဲအောင် ချောက်ထဲတွန်းပို့နေခြင်းသာဖြစ်ပါတယ် . . .**

အဲဒီတုန်းကလည်း ရဟန်းသံဃာတွေနဲ့ အပြစ်မဲ့ပြည်သူတွေကို အစိုးရလက်ကိုင်တုတ်တွေဆိုပြီး ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြတယ်။ အဲဒီလို သတ်ဖြတ်မှုတွေထဲမှာ "ဆင်စွယ်ရွာလူသတ်မှု"ဟာ ထိတ်လန့်ဖွယ်ဖြစ်ခဲ့ပြီး ဗကပအဖွဲ့အတွင်းထဲမှာလည်း သားကအဖေကိုသတ်၊ ပြုပြင်ပြောင်းလဲရေးသမားဆိုပြီး တုတ်၊ ဓားတွေနဲ့ ရိုက်ခုတ်ကာ လည်ချောင်းသွေးနဲ့

> **PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ဒီမိုကရေစီအရေခြုံပြီး အမျိုးသားရေး၊ နိုင်ငံရေးဆိုပြီး အသံကောင်းဟစ်ရင်း စတင်ကြွေးကြော်ပေါ်ပေါက်လာခဲ့ကြတယ်။ လက်ထဲ တရားမဝင်ရောက်ရှိလာတဲ့ လက်နက်နဲ့ လက်တစ်ဆုပ်စာအာဏာကို အလွဲသုံးစားလုပ်ပြီး ပြည်သူကိုသတ်၊ ပြည်သူပိုင်ပစ္စည်းတွေကို ဖျက်ဆီး၊ ရဟန်းသံဃာတွေကိုသတ်၊ ပြည်သူတွေကို ပြန်ပေးဆွဲဆိုတဲ့ အကြမ်းဖက်လုပ်ရပ်တွေလုပ်ကာ ကိုယ်တိုင်အကြမ်းဖက်သမားဘဝသို့ ရောက်ရှိကြကုန်ပြီး နိုင်ငံကိုအကျည်းတန်စေခဲ့တယ်။ နောက်ဆုံးမှာတော့ နယ်မြေလုလုပ်ပိုင်ခွင့်လုဆိုတဲ့ စားခွက်လုဇာတ်လမ်းများနဲ့ပဲ ဟသ်ာကိုးသောင်းဇာတ်ပျက်သလို ပျက်စီးသွားရပြီဖြစ်တာကို ယနေ့မျက်မှောက်အဖြစ်အပျက်များက သက်သေခံလျက်ရှိပါတယ် . . .**

ခြေဆေးခဲ့ကြတယ်။ ဒါတွေက သမိုင်းမှာ အင်မတန် ရက်စက်ကြမ်းကြုတ်တဲ့ နိုင်ငံရေးအစွန်းရောက် မိစ္ဆာတို့ရဲ့လူသတ်ပွဲတွေပါပဲ။

ယနေ့ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူ အဖွဲ့တွေမှာတော့ နိုင်ငံရေးခံယူချက်ဆိုတာ မရှိပါဘူး။ CRPH နဲ့ NUG တို့ရဲ့ အသုံးချခံ၊ လက်နက်ကိုင်အကြမ်းဖက်အဖွဲ့တွေရဲ့ လက်ကိုင်တုတ်တွေသာဖြစ်ပါတယ်။ PDFအမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေထဲမှာ အချို့ကခြိမ်းခြောက်ခံရလို့ အသက်ဘေးကြောင့် နီးရာစားကြောက်ရခြင်းကြောင့်လည်းကောင်း၊ အချို့က လိမ်လည်လှည့်ဖြားခံရခြင်းကြောင့်လည်းကောင်း PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့ထဲ ရောက်သွားတဲ့သူတွေအများအပြားရှိပါတယ်။ သူတို့တွေထဲက အများစုကတော့ ရဲရဲဝံ့ဝံ့အမှောင်ကို ခွင်းပြီးအလင်းထဲကို ပြန်ရောက်လာကြပါပြီ။ အလင်းဝင်ရောက်လာကြတဲ့ ညီ၊ ညီမငယ်လေးတွေရဲ့ ရင်ဖွင့်စကားသံတွေထဲမှာ သူတို့ ဘယ်လိုနှိပ်စက်ခံရကြောင်း၊ အနေအထိုင်အစားအသောက်မည်သို့ ဆင်းရဲကြောင်း၊ လူမျိုးရေးခွဲခြား ဆက်ဆံခံရကြောင်း၊ အချို့ဆိုရင် လိင်ကျွန်အဖြစ် ရောင်းစားခံရကြောင်းစတဲ့ စိတ်မချမ်းမြေ့ဖွယ်ဖြစ်ရပ်မှန်စကားတွေကြောင့် စိတ်မကောင်းဖြစ်ရပါတယ်။ အမှောင်ထဲမှာ ကျန်ရှိနေသေးတဲ့ ကလေးတွေရဲ့ မိဘတွေအဖို့ မည်မျှစိတ်သောက ရောက်နေကြမလဲဆိုတာမှန်းဆနိုင်ပါတယ်။ လူမှုကွန်ရက်တွေမှာလည်း အမည်အမျိုးမျိုးကွဲလွဲနေကြတဲ့ အကြမ်းဖက် PDF အချင်းချင်း သတ်ဖြတ်မှုတွေ၊ တိုင်းရင်းသားအမည်ခံ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့တွေက ဗမာPDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူလူငယ်တွေကို သစ်ပင်မှာကြိုးတုပ်ပြီး လူမဆန်စွာသတ်ဖြတ်ကြတာကိုတွေ့မြင်ရတာ စိတ်မချမ်းမြေ့စရာတွေပါပဲ။ လူမှုကွန်ရက်တစ်ခုမှာ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူအဖွဲ့မှ မိန်းမပျိုလေးတစ်ဦးက "မိဘတွေကို လွမ်းလို့အိမ်ပြန်ချင်ကြောင်း" ပြောခဲ့လို့ တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်ရဲ့ သတ်ဖြတ်ခြင်းကို ခံလိုက်ရတာကို တွေ့မြင်ခဲ့ရပါတယ်။

အဲဒီလို စက်ဆုပ်ရွံရှာဖွယ် အကြမ်းဖက်လုပ်ရပ်တွေမှာ မိဘပြည်သူတွေ မသိခဲ့သည့် ဤသို့သော မှော်ရုံထဲက မိစ္ဆာတို့ရဲ့ လူသတ်ပွဲတွေ များစွာရှိခဲ့ပါလိမ့်မည်။ ဒါ့ပြင် မကြာသေးမီက အချင်းချင်းလုပ်ကြံသတ်ဖြတ်ခံခဲ့ရတဲ့ အမရာမောင်နဲ့ NUG ထောက်လှမ်းရေးတာဝန်ခံ လင်းယုန်တို့လို သူတွေကလည်း အများကြီးပါပဲ၊ အဲဒီလို သန္ဓေမမှန်ပေါက်ဖွားလာတဲ့အဖွဲ့အစည်းမှာ အချင်းချင်း သတ်ဖြတ်ကြတာဟာ အဆန်းမဟုတ်ပါဘူး။ ဒါ့ပြင် ပုဂံဘုရားဖူးဧည့်သည်တွေနဲ့ ခရီးသွားပြည်သူတွေကို ဓားပြတိုက်ပြန်ပေးဆွဲတာတွေ၊ ဇူလိုင် ၂၀ ရက်က မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်မှာရှိတဲ့ "မီလျံနာ"ရွှေဆိုင်ဓားပြတိုက်လုယက်မှုနဲ့ ဇူလိုင် ၂၅ ရက်မှာ သာစည်မြို့နယ် မိတ္ထီလာ-တောင်ကြီးလမ်းပိုင်းမှာ တပ်မတော်ယာဉ်တန်းကို ပစ်ခတ်ရာမှာ အပြစ်မဲ့ပြည်သူများ ထိခိုက်သေဆုံးမှုဖြစ်တာတွေ၊ ဇူလိုင် ၂၂ ရက်မှာ ပုပ္ပားနယ်မြေအတွင်း လည်ပတ်နေတဲ့ မန္တလေးက မိသားစုတစ်စုကို ပြန်ပေးဆွဲပြီး ငွေနဲ့ အဖိုးတန်ပစ္စည်းတွေကို ဓားပြတိုက်ခဲ့မှုတွေ၊ ပုပ္ပားနယ်မြေရဲ့ ဟိုတယ်တစ်ခုမှာ တည်းခိုပြီး ပုပ္ပားဒေသကိုလည်ပတ်နေတဲ့ အပြစ်မဲ့ပြည်သူတွေကို အဓမ္မဖမ်းဆီးတာတွေ၊ မဟာအောင်မြေမြို့နယ်မှာရှိတဲ့ "ပေါ်ဦး"ရွှေဆိုင်တို့လိုရွှေဆိုင်တွေကို ဓားပြတိုက်လုယက်မှုတွေ၊ ဘုရားဖူးယာဉ်တွေကို ပစ်ခတ်နှောင့်ယှက်တာတွေ၊ ကုန်စည်ပို့ဆောင်နေတဲ့ ယာဉ်တွေကိုမီးရှို့ဖျက်ဆီးတာတွေနဲ့ လက်နက်နဲ့ခြိမ်းခြောက်ပြီး ပြည်သူရဲ့ဥစ္စာပစ္စည်းတွေကို အဓမ္မသိမ်းယူခဲ့မှုတွေ၊ မကြာသေးခင်က ရပ်ရွာလုံခြုံရေးအတွက် တတ်စွမ်းသမျှ ပါဝင်ကူညီဆောင်ရွက်နေသော အသက်အရွယ်ကြီးရင့်နေသည့် ပြည်သူတစ်ဦးကို ကွမ်းစားမလားဟု သူရဲဘောကြောင်စွာ မလိမ့်တပတ်ပြုလုပ်၍ အကြောင်းမဲ့သတ်ဖြတ်ပြီး Online ပေါ်မှာ ဂုဏ်ယူဝင့်ကြွားနေတဲ့ ပိုင်ချဲဆိုတဲ့ PDF ရဲ့ လုပ်ရပ်တွေအရ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူအဖွဲ့တွေဟာ ပြန်ပေးဆွဲ၊ သူခိုး၊ ဓားပြတွေသာ ဖြစ်တယ်ဆိုတာထင်ရှားတဲ့သက်သေတွေပါပဲ။

**မွေ့ခံမထိုက်သည့် သားသမီးဆိုး**

မြန်မာလူမျိုးတို့သည် လူမှုကျင့်ဝတ်များ လက်ဆင့်လက်ခံထိန်းသိမ်းခဲ့ကြသည်။ ထိုသည်အနက် သားသမီးဝတ်တွင် "မွေ့ခံထိုက်စေ"ဟူသည့် ကျင့်ဝတ်သည် သားသမီးတို့အထူးလိုက်နာရမည့် အရေးအကြီးဆုံးသော ကျင့်ဝတ်တစ်ပါးပင်ဖြစ်သည်။ "မွေ့ခံထိုက်စေ"ဟူသည်မှာ မိဘတို့၏ ဥစ္စာခနကိုသာညွှန်းဆိုခြင်းမဟုတ်ပါ။ မိဘတို့ လက်ဆင့်ကမ်းထိန်းသိမ်းခဲ့သည့် ရှေးအစဉ်အဆက်သော ရိုးရာယဉ်ကျေးမှုနဲ့ ရှေးဟောင်းအမွေအနှစ်တွေကိုလည်း အမွေအဖြစ် ဆက်ခံထိုက်သူဖြစ်ရမယ်လို့ ဆိုလိုပါတယ်။ ထိုသို့သော အမွေအနှစ်ကို ကောင်းစွာထိန်းသိမ်းနိုင်ခဲ့ခြင်းကြောင့် ကျွန်တော်တို့ မြန်မာလူမျိုးများသည် အင်အားကြီးနှစ်နိုင်ငံကြားမှာ လူမျိုးမပျောက်၊ အမျိုးသားရေး စရိုက်လက္ခဏာမပျက် သုဉ်းဘဲ နှစ်ပေါင်းထောင်ချီလို့ ယနေ့ထိ တည်တံ့နေခြင်းပဲ ဖြစ်ပါတယ်။ သို့သော်လည်း ယခုအခါ PDF အမည်ခံ အကြမ်းဖက် သောင်းကျန်းသူတွေဟာ ရှေးဟောင်းအမွေအနှစ်ဖြစ်တဲ့ ဘာသာရေးဆိုင်ရာ

စာမျက်နှာ ၂၀ သို့

**စာမျက်နှာ ၁၉ မှအဆက်**

ဘုရား၊ စေတီ၊ ကျောင်း၊ ဇရပ်တွေကို ဖျက်ဆီးခြင်း၊ အကြမ်းဖက်စခန်းများ အဖြစ်အသုံးပြုလျက် တိုက်ပွဲဖော် ဆောင်လျက်ရှိပါသည်။ လက်နက်ကိုင် အကြမ်းဖက်အဖွဲ့များနှင့် PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ အဖွဲ့တို့ ခေတ္တထိန်းချုပ်ထားသည့် ဒေသရှိ ပြည်သူတို့အဖို့ ဘုရားသွား၊ ကျောင်းတက်၊ အလှူပွဲများဖြင့် ပျော်ရွှင်ကြည်နူးဖွယ်မရှိတော့သည့်အပြင် တစ်ဦးနှင့်တစ်ဦး "မင်္ဂလာပါ"ဟူသည့် နှုတ်ခွန်းဆက်စကားတို့သည်လည်း နှုတ်ဆိတ်နေပါပြီ။ သို့ဆိုလျှင် PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူဆိုတာ မွေ့ခံထိုက်သည့် သို့မဟုတ် မွေ့ခံမထိုက်သည့် သားသမီးများလား။ တွေးပြီး ဆုံးဖြတ်ကြပါ။

**ပြည်သူ့အတွက်တဲ့လား**

ယနေ့ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတို့၏ ၂၀၂၁ ခုနှစ်မှ ၂၀၂၅ ခုနှစ်ထိ အကြမ်းဖက်လုပ်ရပ်များမှာ အောက်ပါအတိုင်း တွေ့ရှိရပါတယ်–

| စဉ် | မီးရှို့/ဖောက်ခွဲဖျက်ဆီးခဲ့သည့်အဆောက်အအုံများနှင့်အဆောက်အအုံများ | အရေအတွက် |
|---|---|---|
| ၁ | ပညာရေး(စာသင်ကျောင်း၊ တက္ကသိုလ်၊ကောလိပ်) | ၅၆၀ |
| ၂ | ကျန်းမာရေး(ဆေးရုံ၊ ဆေးပေးခန်း၊ ပရဟိတ) | ၄၄ |
| ၃ | ဘာသာရေးအဆောက်အအုံ(ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ ဆွမ်းလောင်းရုံ | ၇၉ |
| ၄ | လူနေအဆောက်အအုံ | ၇၁၅ |
| ၅ | စက်ရုံ၊ အလုပ်ရုံ | ၆၇ |
| ၆ | ဈေး(စတိုးဆိုင်၊ အိမ်ဆိုင်၊ Super Market ၊ မြို့မဈေး၊ ညဈေး) | ၃၂၉ |
| ၇ | ဘဏ်အဆောက်အအုံ (ဘဏ်၊ ATM စက်) | ၁၂၇ |
| ၈ | လမ်း(တံတား၊ ကား၊ ရထား၊ တိုးဂိတ်) | ၁၆၆၈ |
| ၉ | တာဝါတိုင်(ဆက်သွယ်ရေး၊ လျှပ်စစ်) | ၄၂၇ |
| ၁၀ | အခြားနေရာများ၌ ပေါက်ကွဲမှု | ၃၅၅၈ |

အထက်ပါ အဆောက်အအုံများနှင့် အဆောက်အအုံတို့ဟာ စစ်ရေးပစ်မှတ်များမဟုတ်သလို နိုင်ငံရေးနှင့်လည်း လုံးလုံးလျားလျား မသက်ဆိုင်ပါ။ ဘာသာရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားရေးတို့သာဖြစ်ပါတယ်။ ဒီလို အကြမ်းဖက်လုပ်ရပ်တွေက ပြည်သူ့အတွက်တဲ့လားလို့ မေးလိုက်ပါရစေ။ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ လမ်းပေါ်မှာ လက်နက်ကိုင်ခြိမ်းခြောက်ပြီး ရလာတဲ့ ဆက်ကြေးငွေ၊ အခြားနည်းလမ်းနဲ့ အကြမ်းဖက်ရလာတဲ့ငွေတွေကို ပြည်သူ့အတွက် ဘယ်နေရာမှာ အသုံးပြုခဲ့ပါသလဲ။ လက်နက်၊ ခဲယမ်းဝယ်တယ်လို့ ပြောဦးမည်လား။ PDF အကြမ်းဖက်သောင်းကျန်းသူတွေ ကိုင်ဆောင်နေတဲ့ လက်နက်ဆိုတာ ပြည်သူ့အတွက်တော့ သေမင်းတမန်ပါပဲ။

**တိုင်းပြည်ကို ချောက်ထဲတွန်းပို့နေခြင်း**

ကမ္ဘာလူသားအားလုံးဟာ အကြမ်းဖက်လုပ်ရပ်တွေကို စက်ဆုပ်ရွံရှာကြပါတယ်။ ဆန့်ကျင်ကြပါတယ်။ နိုင်ငံရေးအရ မည်သည့်စနစ်ကို ကျင့်သုံးသည်ဖြစ်စေ နိုင်ငံရေးအရ အမြင်မတူတာတွေကို နိုင်ငံရေးနည်းလမ်းနဲ့ အေးချမ်းစွာ ဖြေရှင်းကြပါတယ်။ နိုင်ငံတစ်နိုင်ငံမှာ သယံဇာတ မည်မျှပေါကြွယ်ဝသည်ဖြစ်စေ လက်နက်ကိုင်အကြမ်းဖက်မှုတွေ ရှည်ကြာလာတာနဲ့အမျှ သယံဇာတနဲ့ လူသားအရင်းအမြစ်တွေ ဆုံးရှုံးမှုပိုမိုများပြားလာစမြဲပါပဲ။ ကျွန်တော်တို့နိုင်ငံမှာလည်း လွတ်လပ်ရေးနဲ့အတူ ကပ်ညှိပါလာတဲ့ လက်နက်ကိုင်ပဋိပက္ခရှည်ကြာလာတာကြောင့် ယနေ့ နိုင်ငံတော်မှာ တိုးတက်မှု နှောင့်နှေးနေတယ်ဆိုတာ ပကတိအရှိတရားပါပဲ။ ဒါ့ပြင် နိုင်ငံရေးအပြောင်းအလဲတွေဖြစ်တိုင်း ပြည်ပစွက်ဖက်မှုတွေ၊ ပြည်တွင်းပုဆိန်ရိုးတွေကြောင့် ပြည်တွင်းမငြိမ်သက်မှုဖြစ်လာပြီး လူငယ်အချို့ လမ်းမှားရောက်သွားကြသလို လက်နက်ကိုင်အကြမ်းဖက်အဖွဲ့အစည်းတွေကလည်း နိုင်ငံရေးနဲ့စစ်ရေးအမြတ်ထုတ်ဖို့ လုပ်ဆောင်ခဲ့ကြတာ တွေ့မြင်ရပါတယ်။

၂၀၂၁ ခုနှစ်ကနေ ယနေ့ ၂၀၂၆ ခုနှစ်ထိ PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေရဲ့အန္တရာယ်ကြောင့် နေရပ်စွန့်ခွာခဲ့ကြတဲ့ မိသားစုတွေ၊ စီးပွားပျက်ခဲ့သူတွေ၊ ပညာရေးနဲ့ ဝေးကွာနေတဲ့ ကလေးသူငယ်တွေ များစွာရှိခဲ့ပါတယ်။ အဆိုးရွားဆုံးကတော့ ပညာရေးနဲ့ဝေးကွာနေကြတဲ့ ကလေးတွေရဲ့အနာဂတ်ပါပဲ။ သူတို့လေးတွေမှာ ရည်မှန်းချက်တွေ ရှိကြတယ်။ သူတို့လေးတွေဟာ နိုင်ငံတော်ရဲ့အနာဂတ် လူသားအရင်းအမြစ်တွေပါ။ တစ်နည်းပြောရရင် တိုင်းပြည်ကို ဆင်းရဲတွင်းထဲ တွန်းပို့နေတာထက် တိုင်းပြည်ပြိုကွဲအောင် ချောက်ထဲတွန်းပို့နေခြင်းသာ ဖြစ်ပါတယ်။

PDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့ ဒီမိုကရေစီအရေခြုံပြီး အမျိုးသားရေး၊ နိုင်ငံရေးဆိုပြီး အသံကောင်းဟစ်ရင်း စတင်ကြွေးကြော်ပေါ်ပေါက်လာခဲ့ကြတယ်။ လက်ထဲတရားမဝင်ရောက်ရှိလာတဲ့ လက်နက်နဲ့ လက်တစ်ဆုပ်စာ အာဏာကို အလွဲသုံးစားလုပ်ပြီး ပြည်သူကိုသတ်၊ ပြည်သူပိုင်ပစ္စည်းတွေကို ဖျက်ဆီး၊ ရဟန်းသံဃာတွေကိုသတ်၊ ပြည်သူတွေကို ပြန်ပေးဆွဲဆိုတဲ့ အကြမ်းဖက်လုပ်ရပ်တွေလုပ်ကာ ကိုယ်တိုင် အကြမ်းဖက်သမားဘဝသို့ ရောက်ရှိကြကုန်ပြီး နိုင်ငံကိုအကျည်းတန်စေခဲ့တယ်။ နောက်ဆုံးမှာတော့ နယ်မြေလု၊ လုပ်ပိုင်ခွင့်လုဆိုတဲ့ စားခွက်လုဓာတ်လမ်းများနဲ့ပဲ ဟာသ်ကိုးသောင်းဓာတ်ပျက်သလို ပျက်စီးသွားရပြီဖြစ်တာကို ယနေ့မျက်မှောက်အဖြစ်အပျက်များက သက်သေခံလျက်ရှိပါတယ်။

**မျောက်ပြ ဆန်တောင်းသူများ၏ နေဝင်ချိန်နှင့် တံလျှပ်ကို ရေထင်ခဲ့ကြသူများသို့**

နိဂုံးချုပ်အနေနဲ့ တင်ပြရလျှင် ယနေ့ နိုင်ငံတော်မှာ ပြည်သူ့ရွေးကောက်ခံ အစိုးရသစ်ပေါ်ပေါက်လာပြီမို့ ပြည်သူ့ဆန္ဒနဲ့အညီ ဒီမိုကရေစီလမ်းပေါ်တွင် ဆက်လက် လျှောက်လှမ်းလျက်ရှိပါသည်။ ဒီမိုကရေစီစံညွှန်းနဲ့အညီ ပြည်သူ့ရွေးကောက်ခံအစိုးရဖြစ်သည်မို့ နိုင်ငံတကာရဲ့ အသိအမှတ်ပြု အစိုးရတစ်ရပ်ဖြစ်ပါတယ်။ မိတ်ဖက်နိုင်ငံများရဲ့ အားပေးထောက်ခံမှုနဲ့ ပြည်တွင်းအားကို ရယူပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း တွေ့မြင်ရပါတယ်။ ဒါ့ပြင် ယနေ့အစိုးရသည် လက်နက်ကိုင် ပဋိပက္ခချုပ်ငြိမ်းရေးနဲ့ နိုင်ငံရေးပြဿနာတွေကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းနိုင်ဖို့ အထူးလိုအပ်ကြောင်း ယုံကြည်ထားပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်နိုင်ဖို့ ကြိုတင်ကန့်သတ်ချက်မထားဘဲ နိုင်ငံရေးကြေညာချက်ကို ၂၀၂၆ ခုနှစ် ဧပြီ ၂၀ ရက်မှာ ကမ်းလှမ်းဖိတ်ခေါ်ခဲ့ပါတယ်။ ယခုဆိုလျှင် အဖွဲ့အသီးသီးများဖြင့် တွေ့ဆုံပွဲများစတင်လျက်ရှိပါတယ်။

ဒီတော့ မျောက်ပြဆန်တောင်းခဲ့ကြတဲ့ CRPH၊ NUG နဲ့ ပြည်ပခွက်ခေါက်မီဒီယာတွေအဖို့ နေဝင်သွားပြီဖြစ်သလို တံလျှပ်ကိုရေထင် အလိုက်မှားခဲ့ကြတဲ့ PDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူတွေအနေနဲ့လည်း ရေငတ်ခံပြီး ဆက်လျှောက်မနေတော့ဘဲ အေးမြတဲ့မိဘရင်ခွင်ဆီသို့ပြန်လာကြဖို့ မေတ္တာနဲ့ တိုက်တွန်းလိုက်ရပါတယ်။

**မောင်မောင်လွင်**
**(ရွှေဘိုသား)**

## ၄-၈-၂၀၂၆ တွင် နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

- ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ တိရစ္ဆာန်အစာ၊ ထုပ်ပိုးမှုပစ္စည်း၊ အီလက်ထရောနစ်ပစ္စည်း၊ စားသုံးကုန်စည်၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၃၀၀၈ ဒသမ ၀၀ အား CMP ကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅ ဒသမ ၀၀ သန်းအား LNG ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၅၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၄.၉ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၅,၇၈၉,၈၂၈.၅၆ | ၁,၃၆၅,၆၇၈.၂၉ | ၇၉,၂၆၅,၁၉၃.၀၅ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

## လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)ရရှိသူ၏ အခွင့်အရေးများ

(က) လယ်ယာမြေကို လက်ရှိထားပိုင်ခွင့်၊ လယ်ယာမြေလုပ်ပိုင်ခွင့်၊ ရာသီသီးနှံကို ပြောင်းလဲစိုက်ပျိုးနိုင်ခွင့်၊ ယင်းသို့လုပ်ပိုင်ခွင့်မှ ပေါ်ထွက်လာသည့် အကျိုးအမြတ်ကို ခံစားပိုင်ခွင့်၊

(ခ) လယ်ယာမြေကို အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ၊ လုပ်ပိုင်ခွင့်အား သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ ရောင်းချခွင့်၊ ပေါင်နှံခွင့်၊ ငှားရမ်းခွင့်၊ လဲလှယ်ခွင့်နှင့် ပေးကမ်းခွင့်၊

(ဂ) လယ်ယာမြေလုပ်ပိုင်ခွင့်ကို အမွေဆက်ခံခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှုပေါ်ပေါက်လာပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာတရားရုံး၏ အဆုံးအဖြတ်ခံယူနိုင်ခွင့်၊

(ဃ) သတ်မှတ်သည့် စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း မရှိသရွေ့ လယ်ယာမြေလုပ်ပိုင်ခွင့်၊

(င) လယ်ယာမြေတွင် စိုက်ပျိုးရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရ သို့မဟုတ် အစိုးရအသိအမှတ်ပြုထားသည့် အဖွဲ့အစည်း၊ အသင်းအဖွဲ့များ၏ ရင်းနှီးမြှုပ်နှံမှုဖြင့်လည်းကောင်း၊ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံသူများနှင့် လည်းကောင်း အကျိုးတူလုပ်ကိုင်ခွင့်၊

(စ) လယ်ယာမြေတွင် နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသား ပါဝင်သော အဖွဲ့အစည်းနှင့် ပူးပေါင်း၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ အကျိုးတူလုပ်ကိုင်ခွင့်။

(လယ်ယာမြေဥပဒေ ပုဒ်မ ၉)

ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့

အပြည်ပြည်ဆိုင်ရာလူငယ်များနေ့
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၂ ရက်(ဗုဒ္ဓဟူးနေ့)

INTERNATIONAL YOUTH DAY
2026
DIFFERENT CONTEXTS, COMMON ASPIRATIONS

" Different Contexts, Common Aspirations "

" နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား "



ကျန်းမာရေးဝန်ကြီးဌာန
အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ
၂၀၂၆ ခုနှစ်၊ ဩဂုတ်လ

ပထမပတ် - မိခင်နို့ တိုက်ကျွေးရေးရက်သတ္တပတ်
ဒုတိယပတ် - အသက် (၅) နှစ်အောက် ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်
တတိယပတ် - ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်
စတုတ္ထပတ် - အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်


# လေးမျက်နှာမြို့နယ် ရေဘေးသင့်ပြည်သူများကို ဆန်ရိက္ခာနှင့် အခြေခံစားသောက်ကုန်များ ထောက်ပံ့



**ပုသိမ် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ် အိုင်သပြုကျေးရွာနေ ရေဘေးသင့်ပြည်သူများအတွက် ဆန်ရိက္ခာ၊ စားသုံးဆီ၊ ခေါက်ဆွဲခြောက်၊ ကော်ဖီမစ်၊ ရေသန့်၊ ဆေးဝါးနှင့် အခြားစားသောက်ဖွယ်ရာများကို ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ဧရာဝတီဖောင်ဒေးရှင်းတို့က ယနေ့တွင် သွားရောက်ထောက်ပံ့ပေးအပ်သည်။

ရေဘေးသင့်ပြည်သူများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်နှင့် တာဝန်ရှိသူများက တွေ့ဆုံထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်ပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် ဧရာဝတီဖောင်ဒေးရှင်းမှ တာဝန်ရှိသူတို့က အားပေးစကားပြောကြား၍ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးက ကျန်းမာရေးအသိပညာပေး ဟောပြောဆွေးနွေးသည်။

ထို့ပြင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်ရှိ လေးမျက်နှာ-အိုင်သပြု - ငါးသိုင်းချောင်းလမ်းပေါ်တွင် ရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် တံတားအမှတ်(၁/၆) ပျက်စီးမှုအခြေအနေနှင့် ယာယီဘေလီတံတားတည်ဆောက်နိုင်ရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

လေးမျက်နှာမြို့နယ် ရပ်ကွက်၊ ကျေးရွာအုပ်စုများအတွင်း ရေဝင်ရောက်မှုဖြစ်ပွားချိန်မှစ၍ ဌာနဆိုင်ရာများ၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ လူမှုကူညီရေးအသင်းအဖွဲ့များ ပူးပေါင်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပရဟိတအဖွဲ့များ၊ တစ်ဦးချင်းအလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များကလည်း ကွပ်ကဲရေးရုံးများနှင့် ချိတ်ဆက်၍ ထောက်ပံ့ပစ္စည်းများကို နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိကြောင်း သတင်းရရှိသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၆၄ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ



တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေး ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းကို တံခွန်စိုက်ဒိုင်းဆု ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဩဂုတ် ၄**

၆၄ ကြိမ်မြောက်တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တပ်မတော်စက်ပစ်ကွင်း ပြင်ဦးလွင်၌ ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်ဌေးနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များနှင့် ပြိုင်ပွဲဝင်အသင်းများ တက်ရောက်ကြသည်။

အစီအစဉ်အရ ဆုပေးပွဲကိုကျင်းပရာ ပြိုင်ပွဲအမျိုးအစားအလိုက် တစ်ဦးချင်းဆုရရှိသူများ၊ အသင်းလိုက်ဆုရရှိသူများကို တာဝန်ရှိသူများက ဆုတံဆိပ်များနှင့်ဂုဏ်ပြုဆုငွေများ အသီးသီးပေးအပ်ကြသည်။

ဆက်လက်၍ တပ်မတော်ပစ်ခတ်စဉ် အမျိုးသားတွင် ဒိုင်းဆုရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ တပ်မတော်ပစ်ခတ်စဉ် အမျိုးသမီးတွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တတိယရရှိသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ အပြည်ပြည်ဆိုင်ရာ ပစ်ခတ်စဉ်တွင် ဒိုင်းဆုရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ကိုယ်စားပြုအသင်း၊ ဒုတိယရရှိသော ကာကွယ်ရေးဦးစီးချုပ်ရုံး(လေ) ကိုယ်စားပြုအသင်း၊ တတိယရရှိသော အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ စက်သေနတ်ပွဲစဉ်(၁)တွင် စံချိန်သစ်တင်ဆုရရှိခဲ့သည့် မိုင်းဆတ်မြို့ရှိ နယ်မြေခံတပ်ဌာနချုပ် ကိုယ်စားပြုအသင်း၊ တံခွန်စိုက်ဒိုင်းဆုရရှိသည့် ရန်ကုန်တိုင်းစစ်ဌာနချုပ် ကိုယ်စားပြုအသင်းတို့ကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုကြီး၊ ပစ်ခတ်စဉ်ဒိုင်းဆု၊ အမှတ်တရ ဒိုင်းငယ်နှင့် ဂုဏ်ပြုဆုငွေများကို ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ၆၄ ကြိမ်မြောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဒိုင်း တပ်မတော်(ကြည်း၊ ရေ၊ လေ) သေနတ်ပစ်ပြိုင်ပွဲကို တပ်မတော် (ကြည်း၊ ရေ၊ လေ)မှ ပြိုင်ပွဲဝင်အသင်း ၁၈ သင်းဖြင့် ဇူလိုင် ၂၀ ရက်မှ ယနေ့ထိ ယှဉ်ပြိုင်ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## "ပြည်သူ့ကြားက ပြည်သူ့စကား"အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ **"ပြည်သူ့ကြားကပြည်သူ့စကား"** အစီအစဉ်မှ **"အကြမ်းဖက် PDF တွေရဲ့ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးမှုတွေကြောင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများစွာ ထိခိုက်ဆုံးရှုံးနေရ"** ခေါင်းစဉ်ဖြင့် ၅-၈-၂၀၂၆ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ၁၂-၈- ၂၀၂၆ ရက် မွန်းလွဲ ၁ နာရီတွင် **"တော်လှန်ရေးလုပ်ရင်းနဲ့ ဓားပြဖြစ်လာကြသော စကားဝါမြေမှအညာ PDF များ"** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်ကို အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ၂၀၂၆ ခုနှစ် ဩဂုတ် ၄ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၆၉၅၀၀၀၀ ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

☆ ကျောဖုံးမှအဆက်

တပ်မတော် စစ်ကြောင်းများသည် အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေကြောင်း သတင်းအရ လိုအပ်သည့်ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၂နာရီခွဲခန့်တွင် နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာ၏ တောင်ဘက် မီတာ ၂၅၀ ခန့်အကွာရှိ အွန်လိုင်းလိမ်လည် လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် အလျား ပေ ၈၀၊ အနံ ပေ ၆၀ (အုတ်ကာ၊ သွပ်မိုး) အဆောက်အအုံ တစ်လုံးအတွင်းမှ အွန်လိုင်းလိမ်လည် လောင်းကစားမှုများ လုပ်ကိုင်နေသည့် တရားမဝင် ဝင်ရောက်လာသည့် တရုတ်နိုင်ငံသား အမျိုးသား ၃၆ ဦး၊ အမျိုးသမီး နှစ်ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး လေးဦး စုစုပေါင်း အမျိုးသား ၄၃ ဦး၊ အမျိုးသမီး ခြောက်ဦးတို့ကို P-365 အမျိုးအစား ပစ္စတို တစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၉ မမကျည် ငါးတောင့်၊ UZI အမျိုးအစား ပစ္စတို တစ်လက်၊ ကျည်အိမ် တစ်ခု၊ ပွိုင့် ၃၈ ကျည်ကိုးတောင့်၊ AK-47 မောင်းပြန်ရိုင်ဖယ် နှစ်လက်၊ ကျည်အိမ် နှစ်ခု၊ ၇ ဒသမ ၆၂ မမကျည် အတောင့် ၅၀၊ လုပ်ငန်းသုံးပစ္စည်းများဖြစ်သည့် ဖုန်းမျိုးစုံ ၆၇ လုံး၊ All in One ကွန်ပျူတာ လေးလုံး၊ CPU တစ်လုံး၊ Star Link ခြောက်စုံတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်လျက်ရှိသည့် ဖမ်းဆီးရမိသူများကို လိုအပ်သည့် စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးမှုပြီးစီးပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်ပြင်းထန်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သိမ်းဆည်းရမိသည့် လုပ်ငန်းသုံးပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပြီး နောက်ကွယ်မှ ပါဝင်ပတ်သက်နေသူများကိုလည်း စုံစမ်းဖော်ထုတ်ကာ အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည် လောင်းကစားမှုကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှု မရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို တက်ကြွစွာ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)





ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ကိုင်နေသူများအား လက်နက်၊ ခဲယမ်းများ၊ လူနေအဆောက်အအုံများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိမှုပြမြေပုံ။



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ မြန်မာနိုင်ငံသား အမျိုးသား လေးဦး ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ကိုင်သည့်နေရာ၌ ဖမ်းဆီးရမိသည့် လက်နက်၊ ခဲယမ်းများ မှတ်တမ်းဓာတ်ပုံ။





ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် Star Link ခြောက်လုံးနှင့် ဖုန်းမျိုးစုံ ၆၇ လုံးတို့ကို တွေ့ရစဉ်။



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံကိုတွေ့ရစဉ်။

## ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ကင်းလွတ်သူများ

ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ-၂၂ တွင် အောက်ပါပုဂ္ဂိုလ်များသည် ပြည်သူ့စစ်မှုထမ်းတာဝန်မှ ကင်းလွတ်စေရမည်ဟု ပြဋ္ဌာန်းထားပါသည်-

၁။ သာသနာ့ဝန်ထမ်းများ။
၂။ အိမ်ထောင်သည် အမျိုးသမီးများ(အိမ်ထောင်ပျက်သော်လည်း သားသမီးရှိသူ အမျိုးသမီးလည်းပါဝင်သည်)။
၃။ ကိုယ်လက်အင်္ဂါတစ်ခုခု အမြဲတမ်းမသန်စွမ်းသူများ။
၄။ တပ်မတော်ဆေးစစ်ဆေးရေးဘုတ်အဖွဲ့က ပြည်သူ့စစ်မှုထမ်းရန် အမြဲတမ်းမသင့်လျော်သူဖြစ်ကြောင်း သတ်မှတ်ထားသူများ။
၅။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က အမိန့်ထုတ်ပြန်၍ ကင်းလွတ်ခွင့်ပြုထားသူများ။

### ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းခြင်းမှ ကင်းလွတ်ခွင့်ပြုသူများ

၁။ ဉာဏ်အရည်အသွေးမမီခြင်းနှင့် အကျင့်စာရိတ္တပျက်ပြားခြင်းတို့ကြောင့် စစ်မှုထမ်းရန် မသင့်လျော်သူများ။
၂။ ဆေးစစ်ဆေးခြင်းသတ်မှတ်ချက်အရ စိတ်ပေါ့သွပ်သူဖြစ်ခြင်း သို့မဟုတ် စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခံရသူများ။
၃။ နိုင်ငံ့အတွက် တာဝန်ထမ်းဆောင်နေပြီး အစားထိုးရန် မဖြစ်နိုင်သေးသော အသိပညာရှင် သို့မဟုတ် အတတ်ပညာရှင်များ။
၄။ တိုက်ပွဲတွင်ကျဆုံးခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့ဝင်များ၏ သားသမီးအရင်းအချာများ(ကိတ္တိမသားသမီးများ၊ မွေးစားသားသမီးများ မပါ)။ မှတ်ချက်။ အကယ်၍ ၎င်းသားသမီးအရင်းများသည် ပြည်သူ့စစ်မှုထမ်းဆောင်ရန် သဘောဆန္ဒအလျောက် ဆန္ဒပြုပါက စစ်မှုထမ်းဆောင်ရန် ခွင့်ပြုနိုင်သည်။
၅။ အာဆီယံအဆင့်၊ အာရှအဆင့်၊ ကမ္ဘာ့အဆင့် အားကစားပြိုင်ပွဲများတွင် နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်၊ ငွေတံဆိပ်၊ ကြေးတံဆိပ် တစ်ခုခုရရှိသော အားကစားသမားများ။
၆။ နိုင်ငံ့ဝန်ထမ်းတာဝန် ထမ်းဆောင်နေသော တစ်ဆက်စပ်တည်း လုပ်သက် နှစ်နှစ်နှင့်အထက်ရှိသော ဆရာဝန်နှင့် သူနာပြုများ။
၇။ တစ်ဆက်စပ်တည်း လုပ်သက်နှစ်နှစ်နှင့်အထက်ရှိသော တပ်မတော်စစ်သည် အစားခန့်အရပ်သားဝန်ထမ်းများ။
၈။ ကင်းလွတ်ခွင့်ပြုရန် မဖြစ်မနေလိုအပ်နေသူများအဖြစ် ကျိုးကြောင်းခိုင်လုံစွာ တင်ပြနိုင်သူများ။

**အိမ်ပြင်ပဓာတ်ထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

# အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား နှစ်ဦး မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်



ပြည်ပနိုင်ငံသား နှစ်ဦးကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးစဉ်။

**နေပြည်တော် ဩဂုတ် ၄**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီ-ရွှေကုက္ကိုလ် နယ်မြေတွင် တရားမဝင်အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် အင်ဒိုနီးရှားနိုင်ငံသား တစ်ဦးနှင့် ဘယ်လာရုစ်နိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား နှစ်ဦးတို့ကို မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေး တံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။

အဆိုပါ ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေ ချောမွေ့စေရေးအတွက် မြဝတီခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ စာရင်းဇယား၊ အချက်အလက်များကိုက်ညီမှုရှိရေးနှင့် ပြည့်စုံမှန်ကန်မှုရှိရေးတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြည်နှင့်လွှဲပြောင်းပေးအပ်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်သန်းနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ အင်ဒိုနီးရှားနိုင်ငံသံရုံးမှ Consular Mr. Sandra Burnama နှင့်တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဘယ်လာရုစ်နိုင်ငံသံရုံးမှ Consular Mrs. Koranum Sukome Iti–lorn နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင့်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၄ ရက်ထိ မြဝတီမြို့နယ်အတွင်းသို့တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ဦးရေ ၁၄၇၄၀ ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကိုစစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၁၄ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျပြည်နှင့်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၆ ဦးတွင် မြန်မာနိုင်ငံလူဝင်မှုကြီးကြပ်ရေး (လတ်တလော) ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁)နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၁၃ ဦးတို့ကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင်ပတ်သက်နေသူများနှင့် နောက်ကွယ်မှကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများကို သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင့်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

## ❑ လေးမျက်နှာမြို့နယ်မှ

မြို့တွင်း လမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၇ ရွာသို့ ရေဝင်ရောက်မှုများ ဖြစ်ပွားလျက်ရှိသည်။

အဆိုပါ ရေကာတာကျိုးပေါက်မှုဖြစ်ပွားခဲ့မှုကြောင့် လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၇ ရွာရှိ လူနေအိမ်များအတွင်းသို့ ရေဝင်ရောက်မှုများဖြစ်ပွားခဲ့ခြင်းကြောင့် ရေဘေးကူညီကယ်ဆယ်ရေးစခန်း ၁၃ ခု ဖွင့်လှစ်ထားရှိပြီး အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများကို ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ပစ္စည်းများကို ဘေးလွတ်ရာသို့ ကူညီရွှေ့ပြောင်းခြင်းများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး မြစ်ရေတိုက်စားပြိုကျမှုမှကာကွယ်ရန် တာခြေ





ထောက်ခြင်းအဖြစ် ကမ်းထိန်းအိတ်များချခြင်း၊ ရေရှိန်တားပြုလုပ်ခြင်း၊ ရေကာတာ တာပေါင်မြေဖို့ခြင်းလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

အနောက်တောင်တိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ရေဘေး ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။






## ◆ ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲမှ

သာသနာရေးဝန်ကြီးဌာနအသင်းကို ကိုးဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ပညာရေးဝန်ကြီးဌာနအသင်းက ပြန်ကြားရေးဝန်ကြီးဌာနအသင်းကို ၁၁ ဂိုး ဂိုးမရှိဖြင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိခဲ့ကြသည်။

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံဖူဆယ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များကို ဩဂုတ် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးအသင်း၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအသင်းနှင့် ပြည်ထဲရေးဝန်ကြီးဌာနအသင်း၊ အလုပ်သမားဝန်ကြီးဌာနအသင်းနှင့် ဒစ်ဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အသင်း၊ ကျန်းမာရေးဝန်ကြီးဌာန အသင်းနှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနအသင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းနှင့် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးအသင်း၊ နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ STA

## ❖ အမျိုးသမီးဘောလုံးပြိုင်ပွဲမှ

တိုင်းဒေသကြီးနှင့်ပြည်နယ် အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေး မှန်ကန်စွာဖြင့် ရွေးချယ်လေ့ကျင့် ယှဉ်ပြိုင်ကြိုးစားသွားကြရမည်ဖြစ်ကြောင်း ပြောကြားပြီး ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးကာ အားကစားပစ္စည်းများပေးအပ်သည်။

ပြိုင်ပွဲများကို ဩဂုတ် ၁၇ ရက်ထိ ယှဉ်ပြိုင် ကစားသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ထိုနေ့က ကားကျပ်သည်

မစန္ဒာ



**ယမန်နေ့မှအဆက်**

အဘွားကြီးက တွေးရင်း ထစ်ငေါ့သွားသည်။ ထို့နောက် သားတော်မောင် ဘိုတောက်ကို ကျေးဇူးတင်သွားသည်။ သောက်ရေကို ချိုးရေအဖြစ် ပြောင်းခိုင်းပြီးမှ ထိုချိုးရေကို အိမ်သာလောင်းခိုင်းသည့်အတွက်ဖြစ်လေသည်။ တစ်ချက်ခုတ်၊ နှစ်ချက်ပြတ်။ သူလည်း ရေချိုးရ၊ အိမ်သာလည်း လောင်းရ။

ထို့ကြောင့် ထိုနေ့နံနက်က အဘွားကြီး ရေချိုးဖြစ်လေသည်။ သို့သော် စိတ်ကူးကို လက်တွေ့အဖြစ် အကောင်အထည်ဖော်တော့ အတန်ငယ်လွဲချော်နေလေသည်။

အဘွားကြီးက ချိုးရေများကို အောက်က ခံထားနိုင်ရန် ထဘီလျှော်သော ပလတ်စတစ်ဇလုံထဲတွင် ဝင်၍ရပ်ပြီး ရေလောင်းချိုးခြင်းဖြစ်သည်။ သို့သော် ဇလုံကသေးပြီး သူ့ခန္ဓာကိုယ်က ကြီးနေသည်။ ထို့ကြောင့် ခန္ဓာကိုယ်ပေါ်သို့ လောင်းချသောရေများသည်ဇလုံထဲသို့ မရောက်ဘဲ ဘေးဘက်သို့သာ ကျကုန်လေသည်။ ရေချိုးလိုက်ရသော်လည်း ဇလုံထဲ ရေမရောက်၍ အဘွားကြီးခမျာ ဘေးဘက်ကျကုန်သော ရေများကို နှမြော၍မဆုံးနိုင်အောင် ဖြစ်နေလေသည်။ ပို၍ဆိုးသည်က သူ့ထဲဝင်ရပ်နေသော အဘွားကြီး၏ ကိုယ်အလေးချိန်ကို မခံနိုင်၍ ပလတ်စတစ်ဇလုံ အောက်ခံပြားအက်သွားခြင်း ဖြစ်လေသည်။

ဘာပဲပြောပြော ရေမိုးချိုးပြီး သနပ်ခါးအဖွေးသားလိမ်းကာ အဘွားကြီး လန်းလန်းဆန်းဆန်း ဖြစ်သွားသည်။ ကရမက်တွေ အားရပါးရ သွေးပေးသော စိန်မျောက်မျောက်ကိုလည်း ဆုတွေ အများကြီးပေးလေသည်။ ခဏနေတော့ ...

"လာမျောက်ကလေး၊ သားနဲ့အဘွား ဈေးသွားကြရအောင်"ဟု ပြောသည်။

"ကိုးနာရီတောင် ထိုးခါနီးနေပြီ၊ ဈေးကွဲရောပေါ့"

အဘိုးကြီးက မသိမသာ တားသည်။ ပြန်တက်လာလျှင် တဟောဟောနှင့် မောနေမည်ကို သိထားသောကြောင့် ဖြစ်သည်။

"အဲဒီလို ဈေးကွဲမှ ဝယ်လို့ကောင်းတာ၊ ဂျမ်းဘုံကို မှာရတာက စိတ်တိုင်းကို မကျဘူး။ ဟိုနေ့က ကတ်သပိုးလေးတွေကလဲ ပျော့စိစိနဲ့၊ မလတ်ချင်တော့ဘူး။ ဂေါ်ရခါးညွန့်ကလဲ နွမ်းခါနီး၊ ကြက်သားကလေးတစ်ခြမ်း ဝယ်လာတာကလဲ ရင့်လိုက်တာထော်နေတာပဲ။ ရှင်ပဲ စားမရဘူး၊ မာလိုက်တာဆို။ မျောက်ကလေး အဖော်ပါနေတာပဲ ခဏပဲဟာ"

နွေရာသီကျောင်းပိတ်ထားသော စိန်မျောက်မျောက်က အဘွား၏ လက်စွဲတော်ဖြစ်နေသည်။

"အဘိုးအတွက် ဂျာနယ်ဝယ်ခဲ့မယ်လေ။ နောက်ပြီးတော့ ဖုန်းကတ်။ အဘွားဖုန်းကတ်ဝယ်ဖို့ ပိုက်ဆံပါရဲ့လားဟင်"

ဖုန်းကတ်ကတော့ အဘိုးကြီးအကြိုက် ဖြစ်သည်။ အပေါင်းအသင်းအဟောင်းများနှင့် အဆက်မပြတ်သည်မှာ ဖုန်းကလေးရှိသောကြောင့်သာ ဖြစ်သည်မို့ ဖုန်းကတ်သံကြားတော့ အဘိုးကြီးလည်း ငြိမ်သွားသည်။

သို့နှင့်ပင် မြေးအဘွားနှစ်ယောက် ဈေးလမ်းကြားထဲရောက်ပြီး မုန့်ဟင်းခါးစားကြသည်။ အဘိုးကြီးအတွက်လည်း ဝယ်သည်။ မျက်စိကပ်ရန် ကွမ်းရွက်ဝယ်သည်။ ဆီးဖြူသီးတွေ့တော့ အဘိုးအတွက် ပြုတ်ပြီးထောင်းပေးမည်ဟု ဆိုကာ ဝယ်ပြန်သည်။ ကြက်သွန်ဖြူ၊ ကြက်သွန်နီ၊ ငရုတ်သီးစိမ်း၊ တရုတ်နံနံ၊ ပဲပြား စသည့်တိုတိုထွာထွာလေးများနှင့် ခြင်းတောင်းပြည့်သောအခါ မြေပေါ်တွင် ပလတ်စတစ်ခင်းပြီး ပလတ်စတစ်ပစ္စည်းလေးများ ရောင်းနေသည့် ဆိုင်ရှေ့တွင် ရပ်သည်။ ရေပုံးကလေးတစ်ပုံး ခုနစ်ရာနှင့် ဝယ်သည်။

"ဘာလုပ်ဖို့လဲ အဘွားရ အဲဒီထဲမှာ အဘွားဝင်ရပ်ရင် ခြေထောက်တစ်ဖက်ပဲဆန့်မှာ"

"အဲဒီထဲ ရေထည့်ပြီး သယ်သွားရအောင်ပေါ့၊ မျောက်ကလေးရဲ့"

"ဟာ... အဘွားကလဲ"

စိန်မျောက်မျောက် မျက်လုံးပြူးသွားသည်။ မည်မျှပင် ရေရှားသည်ဆိုဆို မြေပေါ်မှရေကို ခြောက်ထပ်ထိရောက်အောင် ကိုယ်တိုင် မသယ်သင့်ဟု စိန်မျောက်မျောက်ထင်သည်။ ဘုရား... ဘုရား...၊ ငါ့ကိုများသယ်ခိုင်းမလို့လားဟုတွေးမိတော့ စိန်မျောက်မျောက် ပို၍ပင် ထိတ်လန့်သွားသည်။

"ရေက လေးတယ်နော်အဘွား"

"အောင်မယ်လေးဟဲ့၊ နင့်ကို မသယ်ခိုင်းပါဘူး။ ငါ့ဟာငါ သယ်မှာပါ ငမျောက်ရဲ့"

"ဟာ... အဘွားကလဲ အဘွားက ဘာလို့ သယ်ရမှာလဲ"

"အိမ်သာလောင်းမလို့ သယ်ရမှာပေါ့။ ရေသန့်တွေ အိမ်သာထဲ သွန်ချရမှာ စိတ်ဆင်းရဲလွန်းလို့"

အဘွားက ခေါင်းမာသည်။ ဘယ်လိုမှ ပြော၍မရ။ မြေးအဘွားနှစ်ယောက် ပူညံပူညံနှင့် လမ်းကူးခဲ့ကြပြီး တိုက်အောက် ပြန်ရောက်လာကြသည်။ အစွမ်းကုန်ဖွင့်သောအခါမှ သေးသေးမျှင်မျှင်လေး ကျလာသော စည်ပင်ရေကို ပုံးထိုး၍ ခံလေသည်။

"ရေကိုအဘွားဆွဲသွားမယ်၊ အာလူးတွေကိုတော့ ဟိုခြင်းထဲထည့်၊ အဘိုး ဆွဲတင်လိမ့်မယ်။ ကျန်တာကို သားသယ်ခဲ့"

အဘွားက ရေပုံးကို ဇွတ်ဆွဲသည်။ စိန်မျောက်မျောက်က ပြန်၍လုသည်။

"မလုပ်ပါနဲ့ အဘွားရာ သားကို အဖေ ဆူလိမ့်မယ်"

"သူဆူရင် သူ့ကို အဘွားက ပြန်ဆူမယ်".

"အဘိုးကလဲ စိတ်ဆိုးမှာဗျ။ အဘွား ဒီအတိုင်း တက်သွား၊ ရေပုံးထားခဲ့။ အဘွားလိုချင်တဲ့ ရေကို သား နောက်တစ်ခါဆင်းလာပြီး သယ်ပေးမယ်"

"ဟဲ့... လွှတ်စမ်းပါဟဲ့။ မျောက်ကလေးနော် ငါစိတ်ဆိုးလာပြီ"

အဘွားက ဇွတ်ဆွဲရင်း လှေကားကို တက်သည်။ စိတ်သာဆောင်နေသော်လည်း မနိုင်မနင်းမို့ ပုံးထဲက ရေမှာ ဘောင်ဘင်ခတ်ကာ ဖိတ်ကျကုန်သည်။ စိန်မျောက်မျောက်က ဈေးခြင်းကြီး တယမ်းယမ်းနှင့် အဘွားနောက်မှ လိုက်သည်။

လှေကားထစ် ဆယ်ထစ်လောက် တက်ပြီးသောအခါတွင်ကား သူ့ရေနှင့်သူချော်ကာ လဲတော့သည်။ ဗိုင်းခနဲမှောက်လျက်ကြီး လဲကျသွားသောအဘွား၏ နဖူးက လှေကားစောင်းနှင့် ရိုက်မိသွားသည်။ ထို့နောက် သုံးလေးထစ် ပြန်လျှောကျလာသည်။ ရေပုံးကလည်း ဂွမ်းခနဲ လွတ်ကျသွား၍ လှေကားထစ်တစ်လျှောက် ရေများ စိုစိုရွှဲသွားလေသည်။

စိန်မျောက်မျောက်က ခြင်းတောင်းကို လွှတ်ချပြီး အဘွားကို ပွေ့ထူရန် ကြိုးစားသည်။ အဘွား၏ နဖူးတွင် သွေးထွက်နေသည်ကို တွေ့ရတော့ ပိုပြီး ထိတ်လန့်သွားလေသည်။ ထို့နောက်တွင်တော့ ဝူးဝူးဝါးဝါးနှင့် အသံကုန်အော်လေတော့သည်။

"အဘိုးရေ...ဟီး...အဘိုးရဲ့ လုပ်ပါအုံးဗျ၊ အဘွား ချော်လဲလို့... ကယ်ကြပါအုံးဗျ"

**ကိုဘိုတောက်**

မြောက်ဥက္ကလာလမ်းမကြီးပေါ်တွင် သူရောက်နေသည်။ ရှေ့ဘက်တွင် ကားတန်းကြီးကို တွေ့ရသည်။ သူ၏ နောက်ဘက်တွင်လည်း ကားတွေ ပြည့်နေပြီဖြစ်သည်။ သူ၏ တက္ကစီကားကလေးသည် အမျိုးစုံလှစွာသော ကားများကြားထဲတွင် ညပ်နေသည်။

"မျှော်လင့်ချက်တစ်စုံတစ်ရာ မပါဝင်ပါတယ်... ပေးဆပ်ကာသာ ရင်မှာပျော်တယ်...ကျော်လွန်နိုင်တယ် ...အခက်အခဲတိုင်း...ရင်ထဲက မေတ္တာတရားနဲ့..."

ရှေ့ဘက်ကားမှ ဖွင့်ထားဟန်ရှိသော သီချင်းသံကို ကြားရသည်။ ညာဘက်ဘေးက ကားထဲမှ လူဝကြီးကတော့ ပါမောက္ခချုပ်ဆရာတော်၏ တရားတွေကို ဖွင့်ထားပြီး ငိုက်နေလေသည်။

"တစ်နေ့တစ်နေ့ အချိန်ကုန်သွားတယ်ဆိုတာ ဒီအချိန်ဟာ အလကားကုန်သွားတာ မဟုတ်ဘူး။ ကိုယ့်ဆီက နုပျိုမှုတွေကို ယူသွားတာ။ ကိုယ့်သဏ္ဌာန်မှာရှိတဲ့ နုပျိုမှုတွေပါသွားတာ"

"ဟုတ်လိုက်တာနော်"

ကိုဘိုတောက်က စိတ်ထဲမှ ထောက်ခံလိုက်မိသည်။ "ဟုတ်တာပေါ့၊ အဖေနဲ့ အမေကို ကြည့်ပါလား။ မျက်စိရှေ့မှာတင် တဖြည်းဖြည်းပြောင်းလဲပြီး အိုစာလာကြတာ"

သူ၏ စိတ်က အဖေနှင့်အမေဆီ ရောက်သွားသည်။ သူ့အတွက် ထမင်းဘူးနှင့် ရေပုလင်းကလေးထည့်ထားသော ခြင်းလေးပေးရင်း "ကာလကြီးက မကောင်းဘူး၊ အစစအရာရာ သတိထားနော်။ မှောင်တဲ့အထိလည်း ဆွဲမနေနဲ့"ဟု နေ့စဉ်ပြောတတ်သော အမေ၊ သူမလာမချင်း ဝရန်တာလေးတွင် ထွက်ရပ်ကာ မျှော်တတ်သောအဖေ။ သူတို့သားအဖ ထမင်းဘူးမမီမှာစိုးပြီး မနက်အစောကြီးထကာ "ဟဲလို... ဟဲလို... ကြားလား"နှင့် အော်နေတတ်သော အမေ။ အမေ၏ ပုံရိပ်များကို ထင်ယောင်မြင်ယောင်ဖြစ်လာရင်း ရယ်ချင်ပြုံးချင်စိတ်ပေါ်လာသည်။ သူက လည်း သူ့သားစိန်မျောက်မျောက်လိုပင် အမေ့ကို ပို၍ချစ်မိသည်။

❖ မြောက်ဥက္ကလာလမ်းမကြီးတစ်လျှောက်လဲ ယာဉ်ကြောတွေ ပိတ်ဆို့နေပါတယ်တဲ့။ ဒီသတင်းကိုတော့ ယာဉ်မောင်း ကိုသန်းဇော်က ၁၀ နာရီ ၁၀မိနစ်က ပေးပို့ထားတာဖြစ်ပါတယ်။ အင်းစိန်လမ်းမကြီးတစ်လျှောက်လဲ စံရိပ်ငြိမ်ကနေပြီး လှည်းတန်းထိ ပိတ်ဆို့နေပြီးတော့ ခုံတံတားအဆင်း ဟံသာဝတီအဝိုင်းနားမှာလဲ ယာဉ်ကြောများ ကျပ်နေပါတယ်တဲ့။ တာမွေမြို့နယ်အတွင်း ခုံတံတားအောက်နဲ့ ယုဇနပလာဇာအနီးမှာလဲ...။ ကျပ်တာမပြောပါနဲ့ ချောင်တာကို ပြောစမ်းပါဟ။ ❖

စာမျက်နှာ ၂၅ သို့ á

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၇၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ချောင်းဦး ဩဂုတ် ၄

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၂၇၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ဆီထွက်သီးနှံစုံ ကေ ၁၃၆၁၀ စိုက်ပျိုးရန်အတွက် လျာထားပြီး ယခုနှစ် မေလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၂၇၈၂ ကေထိ စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ဆီထွက်သီးနှံစုံ ကေ ၁၃၀၀၀ ကျော် လျာထား စိုက်ပျိုးခဲ့ရာ ကေ ၂၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီ ဖြစ်ပါတယ်။ လျာထားကေ ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ ဒီဒေသတွေမှာ ဆီထွက်သီးနှံတွေ တိုးချဲ့စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ယခုနှစ် ချောင်းဦးမြို့နယ်တွင် ဆီထွက်သီးနှံအလိုက် စိုက်ပျိုးပြီးစီးမှုအနေဖြင့် မြေပဲ ၁၈၀၅ ကေ၊ နှမ်း ၇၃၅ ကေနှင့် နေကြာ ၂၄၂ ကေ စုစုပေါင်း ၂၇၈၂ ကေတို့ဖြစ်ကြောင်း သိရသည်။

ဆီထွက်သီးနှံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

မော်လမြိုင်ကျွန်း ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် ဇွန်လက ကွမ်းသီးအနုပိဿာချိန် ၄၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လတစ်လအတွင်း ကွမ်းသီးအနုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ ကွမ်းသီးအနုများတင်ပို့အား ကောင်းလာခြင်းသည် ရန်ကုန်ဈေးကွက်မှ ဝယ်လိုအားကောင်းနေခြင်း ဖြစ်ကြောင်း သိရသည်။

"မော်လမြိုင်ကျွန်းမြို့နယ်ထဲကနေ ရန်ကုန်ဈေးကွက်ကို ဇူလိုင်လထဲမှာ ကွမ်းသီးအနုပိဿာချိန် ၆၆၀၀၀ ထိ တင်ပို့ရောင်းချခဲ့ပါတယ်။ ရန်ကုန်ဘက်က ကွမ်းသီးအနုတွေ အမှာကုန်များလာလို့ တင်ပို့ခဲ့ရခြင်းဖြစ်ပါတယ်။ လက်ရှိကွမ်းသီးတွေ အရောင်းအဝယ် ဖြစ်နေတော့ ကွမ်းသီးစိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူတွေ အဆင်ပြေလုပ်ကိုင်နေရပါတယ်"ဟု မော်လမြိုင်ကျွန်းမြို့နယ် ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေက ပြောပြသည်။

မော်လမြိုင်ကျွန်းမြို့နယ်က ထွက်ရှိသည့် ကွမ်းသီးအနုများကို ကုန်သည်များက ကွမ်းသီးခြံများအရောက် သွားရောက်ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ရန်ကုန်ဈေးကွက်မှတစ်ဆင့် အခြားဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချလျက်ရှိကြောင်း ကွမ်းသီးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ကြည်ငွေထံမှ သိရသည်။

ကျော်ကျော်လင်း

á စာမျက်နှာ ၂၄ မှအဆက်

ရှေ့က ကားသုံးလေးလိမ့်လောက်လိုမ့်တော့ သူလည်း လိုက်လိုမ့်မည်ဟု ဟန်ပြင်လိုက်စဉ် တယ်လီဖုန်းမြည်လာသည်။

"ဖန်သားမျက်နှာပြင်တွင် အဖေ၏မျက်နှာ ခပ်ပြုံးပြုံးပေါ်လာတော့ အဖေဂျာနယ်မှာမလို့ ထင်တယ်"ဟု တွေးလိုက်မိသည်။

"ဟုတ်ကဲ့အဖေ သားပါ"

အဖေ့အသံက ချက်ချင်းထွက်မလာ။ နောက်တော့မှ တုန်တုန်ယင်ယင်နှင့် ပြောသည်။

"သား မင်းအမေချော်လဲလို့"

"ဗျာ"

"စိုးရိမ်ရတယ်၊ အခုအဖေတို့ ဆေးရုံသွားနေတယ်။ ဆေးရုံကြီး အရေးပေါ်ကို လိုက်ခဲ့..."

"နေ... နေ...ပါအုံး၊ အခု အဖေတို့က ဘယ်မှာလဲ"

"အင်းစိန်လမ်းမကြီးပေါ်မှာပဲရှိသေးတယ်၊ ကားတွေ ကျပ်နေတယ်"

အဖေက ခပ်တိုတိုပြောပြီး ဖုန်းချသွားသည်။

ကိုဘိုတောက်က ကားစတီယာတိုင်ကို တင်းတင်းဆုပ်ပြီး ရင်တွေတဒိုင်းဒိုင်းခုန်နေသည်။ ရှေ့နောက်ဝဲယာတွင် ကျပ်ပြီးညပ်နေသော ကားများကို စောင်းကြည့်ရင်း ကြံရာမရဖြစ်သွားသည်။

"မြောက်ဥက္ကလာလမ်းမကြီးတစ်လျှောက်လဲ ယာဉ်ကြောတွေ ပိတ်ဆို့နေပါတယ်တဲ့။ ဒီသတင်းကိုတော့ ယာဉ်မောင်းကိုသန်းဇော်က ၁၀ နာရီ ၁၀မိနစ်က ပေးပို့ထားတာဖြစ်ပါတယ်။ အင်းစိန်လမ်းမကြီး တစ်လျှောက်လဲ စံရိပ်ငြိမ်ကနေပြီး လှည်းတန်းထိ ပိတ်ဆို့နေပြီးတော့ ခုံးတံတားအဆင်း ဟံသာဝတီအဝိုင်းနားမှာလဲ ယာဉ်ကြောများ ကျပ်နေပါတယ်တဲ့။ တာမွေမြို့နယ်အတွင်း ခုံးတံတားအောက်နဲ့ ယုဇနပလာဇာ အနီးမှာလဲ..."

"ကျပ်တာ မပြောပါနဲ့၊ ချောင်တာကို ပြောစမ်းပါဟ"

ကိုဘိုတောက်က ကားစတီယာတိုင်ကို ထုရင်း အော်လိုက်မိသည်။ ရေဒီယိုကတော့ ဆက်လက်ကြေညာနေဆဲဖြစ်သည်။

"မြေနီကုန်း ဒဂုန်စင်တာရှေ့နဲ့ ဗားကရာလမ်းမကြီး တစ်လျှောက်မှာလဲ..."

x x x

အဘွားကြီး ဒေါ်ကောက် ဆုံးပါးသွားသဖြင့် တိုက်နံပါတ် - ၁၆၆ တွင်တော့ အတန်ငယ်လှုပ်လှုပ်ရွရွဖြစ်သွားသည်။ သေဆုံးရခြင်း အကြောင်းရင်းကိုလည်း တစ်ယောက်တစ်ပေါက်ပြောကြသည်။

"နံရိုးတစ်ချောင်းကကျိုးပြီး အသည်းကို စိုက်သွားတာတဲ့"

"နဂိုကတည်းက နှလုံးရောဂါအခံရှိတယ် ထင်ပါရဲ့"

"နဖူးက ဒဏ်ရာကလဲ မသေးဘူးလေ။ သတိမှလည်မလာတော့တာ"

"နောက်ဆုံးတော့ မီးအားမပြည့်လို့ပေါ့ဗျာ။ အပေါ်ထပ်ကို ရေရောက်နေရင် ဒီပြဿနာဘယ်ဖြစ်မှာလဲ"

ကိုဘိုတောက်ကတော့ "ဆရာဝန်ကပြောတယ် ဆေးရုံကို စောစောရောက်ရင် ကယ်နိုင်မှာပါတဲ့။ အရောက်နောက်ကျတာကိုးတဲ့။ အမေဆုံးတာကားကျပ်လို့ ဆုံးရတာပါဗျာ"ဟု မချိတင်ကဲ ပြောရှာလေသည်။

## အပြုံး

– အပြုံးပန်း ပန်ကာဆင်
မှန်လွှာပြင် ကြည့်ပြန်တော့၊
ကိုယ့်သဏ္ဍာန် ကိုယ့်ပြန်ပြတယ်
လှပမာန်လျော့။

– အပြုံးလှ မျက်နှာရှင်
ထွက်ကာပင် သွားပြန်တော့၊
တွေ့မြင်သူ ကိုယ့်အပြုံးနှင့်
နှလုံးရွှင်ကြော့။

– အပြုံးနှင့် စကားချို
ပျားနှယ်သို ဆိုပြန်တော့၊
နားဝမှာ သံသာညင်းတယ်
ချစ်ခြင်းသီနော့်။

– အပြုံးပန်း ကိုယ်စီဆင်
ချိုကြည်လွင် နေပြန်တော့၊
အပြုံးတစ်ရာ သီတာစမ်းနှယ်
အေးချမ်းမည်ပေါ့။

– မျက်နှာရိပ် အပြုံးရှင်
အမုန်းပင် ပျိုးချင်ဘူး၊
မြေကမ္ဘာ အလှတရားကိုဖြင့်
ဖွေရှာ ပြထားချင်ရဲ့
(ရင်မှာလေ...)
မြသားနှယ် အသွင်သုံးလို့ရယ်
အပြုံးပွင့်ဖူး။ ။

ကိုမျိုး(ပွင့်ဦး)

# စလင်းမြို့နယ် အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

စလင်း ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မကျီးပင်ပုကျေးရွာအုပ်စု အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ဩဂုတ် ၃ ရက် နံနက်ပိုင်း၌ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်နှင့် ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားပုံစံများ စနစ်တကျဖြည့်သွင်းထားမှု ရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များ၊ စည်းမျဉ်းစည်းကမ်းများအပေါ် လိုက်နာဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

အဆိုပါ အင်းပုတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၄၃ ဦးကို ရန်ပုံငွေကျပ် ၄၅ ဒသမ ၁၃ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ် ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်ထံမှ သိရသည်။

သန်းသန်းစိုး

# ကွာရှင်းခြင်း၊ ပစ္စည်းခွဲဝေခြင်းနှင့် အမွေဆက်ခံခြင်းများ

**စိန်လှိုင်ဗိုလ်**

တစ်မိသားစုနှင့်တစ်မိသားစု အကြောင်းဆက်ပေါင်းဖက်၍ မိသားစုဘဝကို ထူထောင်ကြရာတွင် ရာသက်ပန်ရိုးမြေကျပေါင်းသင်းကြသည်များ ရှိကြသည်။ သို့ရာတွင် အချို့သောဇနီးမောင်နှံများသည် အတူပေါင်းသင်းနေကြစဉ် ကာလအတွင်း၌ပင် "လင်နှင့်မယား လျှာနှင့်သွား"ဆိုသကဲ့သို့ စိတ်ချင်း၊ သဘောထားချင်းမတိုက်ဆိုင်ကြသဖြင့် ကွာရှင်းပြတ်စဲကြသည်များလည်း ရှိတတ်ကြသည်။ နှစ်ဦးသဘောတူကွာရှင်းခြင်းများရှိသကဲ့သို့ တရားရုံးတော်၌ တရားစွဲဆိုကြပြီးနောက် တရားရုံးအမိန့်ဖြင့် ကွာရှင်းပြတ်စဲကြသည်များလည်းရှိကြသည်။

လင်ဘက်မှဖြစ်စေ၊ မယားဘက်မှဖြစ်စေ တရားရုံးတော်၌ ကွာရှင်းပြတ်စဲစေလိုမှုစွဲဆိုကြရာတွင် အများအားဖြင့် (၁)**ကွာရှင်းပြတ်စဲခွင့်၊ (၂) နှစ်ဦးပိုင်လက်ထက်ပွား၊ နှစ်ပါးစုံနှင့် ပါရင်းပစ္စည်းများခွဲဝေခြင်းနှင့် (၃) သားသမီးရှိက မည်သူက အုပ်ထိန်းခွင့်ရခြင်း စသောနောက်ဆက်တွဲပြဿနာများကိုပါ တစ်ပါတည်းတောင်းဆိုခွဲဝေခံစားကြသည်။** ထိုသို့သောပြဿနာများတွင် မူလတရားရုံး၏ အဆုံးအဖြတ်ကိုကျေနပ်မှုမရှိသူက အထက်အဆင့်မြင့်တရားရုံးများ အဆင့်ဆင့်တက်ရောက်ကြသည်။

အမှုတစ်ခုတွင် မူလရုံးက ဆုံးဖြတ်သည်။ မကျေနပ်၍ တိုင်းတရားရုံးသို့ အယူခံတက်သည်။ တိုင်းရုံး၏အဆုံးအဖြတ်ကိုလည်း မကျေနပ်ပြန်သဖြင့် ဗဟိုတရားရုံးတော်ထိ တက်ရောက်သည်။ ဗဟိုတရားစီရင်ရေးအဖွဲ့၏အဆုံးအဖြတ်သည် လမ်းညွှန်စီရင်ထုံးဖြစ်သွားသည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ စီရင်ဆုံးဖြတ်မှုသည် မြန်မာလူမျိုး၊ ဗုဒ္ဓဘာသာဝင်တိုင်း သိရှိလိုက်နာသင့်သော ဥပဒေပြဿနာဖြစ်သဖြင့် **ဦးကိုကြီးနှင့် ဒေါ်ပေ၊ ၁၉၇၅ ခုနှစ် တရားမဒုတိယအယူခံမှုအမှတ် (၁၅) ၁၉၇၆ မြန်မာနိုင်ငံစီရင်ထုံးများစာအုပ် စာ(၄)**ကို ရည်ညွှန်းကိုးကား၍ ရေးသားတင်ပြပါဦးမည်။

မတ္တရာမြို့နယ်တရားရုံး တရားမကြီးမှုအမှတ် (၅/၇၃)တွင် ဒေါ်ပေဆိုသူက ဦးကိုကြီးအပေါ် လင်မယားကွာရှင်းပေးရန်နှင့် ပစ္စည်းခွဲဝေပေးရန် တရားစွဲဆိုခဲ့သည်။ တရားရုံးက နှစ်ဖက်ကြားနာပြီး ဒေါ်ပေစွဲဆိုသည့်အတိုင်း အနိုင်ဒီကရီချမှတ်ခဲ့သည်။ ပစ္စည်းများနှင့်ပတ်သက်၍ မူလတရားရုံးက နှစ်ပိုင်းခွဲ၍ အမိန့်ချမှတ်ခဲ့သည်။

ပထမအပိုင်းတွင်ဖော်ပြထားသည့် ပစ္စည်းများကို ဒေါ်ပေယူစေဟု အမိန့်ချမှတ်ခဲ့သည်။ ဒုတိယအပိုင်းတွင်ဖော်ပြထားသည့်ပစ္စည်းများကို တစ်ဝက်စီခွဲဝေရန်နှင့် ပစ္စည်းရယူမည့်သူက တန်ဖိုးတစ်ဝက်ပေးစေဟု အမိန့်ချမှတ်ခဲ့သည်။ ၎င်းဒီကရီအရ ဒေါ်ပေက မူလတရားရုံးတွင် ဇာရီမှုအမှတ် (၁/၇၄) ဖွင့်ခဲ့သည်။ အဆိုပါဇာရီမှုကို ဖွင့်ခွင့်ပြုလိုက်သည့်အတွက် ဦးကိုကြီးက မကျေနပ်၍ မန္တလေးတိုင်းတရားရုံးတွင် အယူခံဝင်ရောက်ခဲ့သော်လည်း မအောင်မြင်သဖြင့် ဗဟိုတရားရုံးတော်သို့ ဒုတိယအယူခံမှုတင်သွင်းခဲ့သည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

ဤအယူခံမှုတွင် ဦးကိုကြီးက အကြောင်းပြသည်မှာ မူလမြို့နယ်တရားရုံးက ချမှတ်သည့်ဒီကရီမှာ အပြီးသတ်ဒီကရီမဟုတ်ကြောင်း၊ အပြီးသတ်ဒီကရီမချမှတ်သေးဘဲ ဇာရီမှုမပြုလုပ်နိုင်သေးပါကြောင်း၊ တရားမကျင့်ထုံးအမိန့်(၂၀)၊ နည်းဥပဒေ ၁၈(၂)အရ ပစ္စည်းခွဲဝေသည့်အမှုများတွင် ပဏာမဒီကရီချမှတ်ပြီးနောက် စုံစမ်းစစ်ဆေးမှုပြုလုပ်ပြီးမှသာ အပြီးသတ်ဒီကရီချမှတ်ရသည်။ ယခုအမှုမှာ စုံစမ်းစစ်ဆေးမှုမပြုလုပ်ရသေးပါ။ ထို့ပြင် ပစ္စည်းတန်ဖိုးအပေါ် တံဆိပ်ခေါင်း၊ ရုံးခွန်တော်များ ထမ်းဆောင်ရန်လိုပါသည်ဟူ၍ တင်ပြချက်ပေါ် အယူခံရုံးတော်က စိစစ်ဝေဖန်ခဲ့သည်။

ထို့ကြောင့် ဤအယူခံမှုတွင် အဆုံးအဖြတ်ပေးရန် နှစ်ချက်သာရှိသည်။ **မူလတရားရုံး၏ ဒီကရီမှာ အပြီးသတ်ဒီကရီ ဟုတ်၊ မဟုတ်နှင့် ဇာရီမှုမပြုလုပ်မီ**



**ပစ္စည်းတန်ဖိုးအပေါ် ရုံးခွန်တော်ပေးဆောင်ရန် လို၊ မလိုဟူသောအချက်များကို အဓိကထား၍ စိစစ်ခဲ့သည်။**

မူလရုံးတွင် ဒေါ်ပေစွဲဆိုသည့်အမှုမှာ လင်မယားကွာရှင်းပေးရန်နှင့် ပစ္စည်းခွဲဝေပေးရန်ဖြစ်သည်။ ထိုကဲ့သို့စွဲဆိုသည့်အမှုများတွင် **အမှုစစ်ဆေးပြီးနောက် ပထမဦးစွာပဏာမဒီကရီချပေးပြီးမှ ဆက်လက်ဆောင်ရွက်ပြီး အပြီးသတ်ဒီကရီချပေးရမည်ဟု ဥပဒေကမဆိုကြောင်း** ထောက်ရှုဝေဖန်ခဲ့သည်။ ယခုအမှုတွင် မူလတရားရုံးက အမှုစစ်ဆေးစဉ်အခါကပင် မည်သည့်ပစ္စည်းများကို မည်သူရထိုက်သည်၊ မည်သည့်ပစ္စည်းများမှာ မည်သူ့လက်ဝယ်တွင်ရှိသည်၊ မည်သည့်ပစ္စည်းများကို မည်ကဲ့သို့ခွဲဝေရမည် အစရှိသည်တို့ကို တစ်ပေါင်းတည်းစစ်ဆေး၍ အဆုံးအဖြတ်ပေးပြီးဖြစ်သည်။ **သို့ဖြစ်၍ မူလတရားရုံးက ချမှတ်သည့်အမိန့်မှာ အပြီးသတ်ဒီကရီပင်ဖြစ်ကြောင်း** အယူခံရုံးတော်က ထောက်ရှုခဲ့ပါသည်။

မူလရုံးတွင် အမှုစွဲဆိုစဉ်ကပင် အဆိုလွှာ၌ မည်သည့်အကြောင်းကြောင့် ရုံးခွန်တော်ငွေ ၂၀ ကျပ် ထမ်းဆောင်ထားသည်ဟုဖော်ပြထားကြောင်း တွေ့ရသည်။ ၎င်းအချက်နှင့်ပတ်သက်၍ မူလရုံးတွင် တရားပြိုင်ဖြစ်ခဲ့သည့် ဦးကိုကြီး(အယူခံတရားလို)က မကန့်ကွက်ခဲ့ချေ။ ရုံးခွန်တော်တံဆိပ်ခေါင်းနှင့်ပတ်သက်၍လည်း မူလရုံး၏ဒီကရီတွင် မည်သို့မျှအမိန့်ချမှတ်ထားခြင်းမရှိချေ။ ထို့ကြောင့် ဇာရီမှုတွင် ရုံးခွန်တော်ကိစ္စနှင့်ပတ်သက်၍ အရေးဆိုပိုင်ခွင့်မရှိတော့ကြောင်း ဗဟိုတရားစီရင်ရေးအဖွဲ့က စိစစ်ဝေဖန်သုံးသပ်၍ အယူခံမှုကိုပလပ်လိုက်သည်။ အမှုစစ်ဆေးပြီးနောက် ပထမဦးစွာပဏာမဒီကရီချမှတ်ပေးပြီးမှ ဆက်လက်ဆောင်ရွက်ပြီး အပြီးသတ်ဒီကရီချပေးရမည်ဟု ဥပဒေကမဆိုကြောင်း အများသိရှိနိုင်ရန်ဖြစ်သည်။

အများပြည်သူသိသင့်သိထိုက်သော တရားမကြောင်းဆိုင်ရာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေပါ အမွေဆက်ခံခြင်း၏ သိမှတ်ဖွယ်ရာများကို ဆက်လက်ရေးသားတင်ပြပါဦးမည်။ မိဘနှစ်ပါးသေဆုံးပြီးနောက် ကျန်ရစ်သောအမွေပုံပစ္စည်းများကို သားရင်း၊ သမီးရင်းများသည် ကွယ်လွန်သူများ၏အမွေဆက်ခံခွင့်ရှိသူများဖြစ်ကြောင်း အများအားဖြင့် သိရှိကြပြီးဖြစ်ပါလိမ့်မည်။ အမွေဆက်ခံခွင့်ရှိသူ အမျိုးမျိုးရှိသည့်အနက် **ကိတ္တိမမွေးစားသားသမီးများသည်လည်း အမွေဆက်ခံခွင့်ရှိသကဲ့သို့ အပတိဋ္ဌမွေးစားသားသမီးများသည်လည်း အမွေဆက်ခံခွင့်ရှိကြပါသည်။ သို့ရာတွင် အပတိဋ္ဌမွေးစားသားသမီးများ အမွေဆက်ခံခွင့်အတွက်မူ ခြွင်းချက်များရှိပါသည်။ အပတိဋ္ဌသားသမီး အမွေဆက်ခံမှုဆိုင်ရာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ကန့်သတ်ပြဋ္ဌာန်းချက်များကို စီရင်ဆုံးဖြတ်ထုံးဖွဲ့ခဲ့သော ဦးချစ်ထွန်းနှင့် (၁) မောင်ညွှန့်ဝေ (ခ) မောင်လူ (၂) ဦးမြ ၁၉၇၄ ခုနှစ် တရားမပထမအယူခံမှုအမှတ်(၅) ၁၉၆၇ ခုနှစ် မြန်မာနိုင်ငံတရားစီရင်ထုံးများစာအုပ် စာမျက်နှာ (၁၇)အမှုစီရင်ထုံး**ကို ရည်ညွှန်းကိုးကားရေးသားတင်ပြပါဦးမည်။

ဦးချစ်ထွန်းဆိုသူက သူသည် ကွယ်လွန်သူ ဒေါ်အေးဆိုသူ၏ တစ်ဦးတည်းသော အမွေစားအမွေခံဖြစ်ကြောင်း သီးခြားသက်သာခွင့်ဥပဒေပုဒ်မ ၄၂ အရ မြွက်ဟကြေညာပေးရန် တောင်ငူမြို့ ပဲခူးတိုင်းတရားရုံး တရားမကြီးမှုအမှတ် (၁/၇၃)တွင် မောင်ညွှန့်ဝေဆိုသူအပေါ် တရားစွဲဆိုခဲ့သည်။ မူလရုံးက မောင်ညွှန့်ဝေမှာ ဒေါ်အေး၏အမွေခံထိုက်သော **အပတိဋ္ဌမွေးစားသားဟူ၍လည်းကောင်း၊ မူလမှုတွင် မပါသည့် အယူခံတရားပြိုင်အမှတ်(၂) ဦးမြသည် ဒေါ်အေး၏ ကွယ်လွန်သူခင်ပွန်း ဦးချစ်သွင်၏ တစ်ဝမ်းကွဲတူတော်သူဖြစ်ပြီး ဒေါ်အေးနှင့် အရင်ကအတူတကွနေထိုင်ခဲ့ပြီး စောင့်ရှောက်ထားသဖြင့် အမွေဆက်ခံထိုက်သူဟူ၍လည်းကောင်း အဆုံးအဖြတ်ပေးပြီးနောက် ဦးချစ်ထွန်းစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ပလပ်လိုက်ပါသည်။** ၎င်းအမိန့်ကို ဦးချစ်ထွန်းက မကျေနပ်၍ ဗဟိုတရားရုံးသို့ အယူခံမှုတင်သွင်းခဲ့ပါသည်။

**ဗဟိုတရားရုံး၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

အယူခံတရားလို၊ အယူခံတရားပြိုင်များနှင့် ကွယ်လွန်သူ ဒေါ်အေးတို့မှာ ဗုဒ္ဓဘာသာကိုးကွယ်သူ မြန်မာလူမျိုးများဖြစ်ကြသည်။ အယူခံတရားလို ဦးချစ်ထွန်းသည် ကွယ်လွန်သူ ဒေါ်အေး၏ အစ်ကိုအရင်းဖြစ်ကြောင်း အငြင်းမထွက်ချေ။ သို့သော် အယူခံတရားပြိုင် မောင်ညွှန့်ဝေမှာ ဒေါ်အေး၏ အပတိဋ္ဌမွေးစားသားဟု အဆိုရှိသည့်အတွက် ဦးချစ်ထွန်းသည် ဒေါ်အေး၏ တစ်ဦးတည်းသော အမွေဆက်ခံထိုက်သူ ဟုတ်၊ မဟုတ် စဉ်းစားရန်ဖြစ်ကြောင်း အယူခံရုံးတော်က ဆင်ခြင်ခဲ့သည်။

၁၉၅၆ ခုနှစ်ကစ၍ မောင်ညွှန့်ဝေသည် ဒေါ်အေး၏အိမ်တွင် အတူလာနေခဲ့သည်။ ထိုအချိန်အခါက မောင်ညွှန့်ဝေသည် အသက် ၂၄ နှစ်ရှိပြီး သင်္ကန်းဝတ်နေရင်းမှ သင်္ကန်းကိုစွန့်ပြီး အတူလာနေခြင်းဖြစ်သည်။ ဒေါ်အေးက ၎င်းကိုမွေးစားသည်ဟု အဆိုရှိသည်။ ၁၉၆၁ ခုနှစ်တွင် မောင်ညွှန့်ဝေသည် အိမ်ထောင်ကျပြီးနောက် ဒေါ်အေးနှင့်ခွဲနေခဲ့သည်။ ထိုအိမ်ထောင်နှင့် ရှစ်လခန့်ပေါင်းသင်းပြီး ကွဲသွားသည့်အခါ ဒေါ်အေးထံတွင် ပြန်၍နေခဲ့သည်။ ထို့နောက် နှစ်နှစ်ခန့်အကြာတွင် မောင်ညွှန့်ဝေသည် မခင်ထွေးဆိုသူနှင့် နောက်ထပ်အိမ်ထောင်ပြုခဲ့သည်။ ထိုကဲ့သို့ နောက်ထပ်အိမ်ထောင်ပြုပြီး ၁၉၆၅ ခုနှစ်တွင် ဒေါ်အေး၏အိမ်ပေါ်မှ လင်မယားနှစ်ယောက်ဆင်းသွားပြီး အခြားတွင် နေထိုင်ခဲ့သည်။

ဒေါ်အေးသည် ၁၉၆၈ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်ခဲ့သည်။ မောင်ညွှန့်ဝေသည် ဒေါ်အေး၏ အိမ်ပေါ်မှဆင်းသွားသည့်နေ့မှ ဒေါ်အေးသေသည်ထိ သုံးနှစ်အတွင်း သုံးကြိမ်ခန့်သာလာကြောင်း သက်သေအထောက်အထားအရ ပေါ်လွင်သည်။ အထက်တွင်ဖော်ပြထားသည့် အချက်များကို ထောက်ရှုခြင်းအားဖြင့် **မောင်ညွှန့်ဝေသည် ဒေါ်အေး၏ အပတိဋ္ဌမွေးစားသားဖြစ်သည်ဟုဆိုစေဦး ၎င်းသည် ဒေါ်အေး၏အမွေကို ဆက်ခံထိုက်သူတစ်ဦးမဟုတ်ပေ။**

အဘယ်ကြောင့်ဆိုသော် **မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အပတိဋ္ဌသားသမီးများသည် မွေးစားသည့်မိဘနှင့် တခြားစီခွဲနေလျှင် အမွေဆက်ခံခွင့်မရှိဟု ပြဋ္ဌာန်းထားသည်။** မောင်ညွှန့်ဝေသည် ဒေါ်အေး၏အိမ်မှ ဆင်းသွားပြီးနောက် ဒေါ်အေးသေသည်ထိ သုံးကြိမ်ခန့်သာရောက်ကြောင်း၊ မွေးစားမိခင်ကို မပြုစုနိုင်ခဲ့ကြောင်းနှင့် သေဆုံးပြီးမှ ရောက်လာကြောင်း ဝန်ခံထားသည်။ ထိုအချက်များကိုကြည့်ခြင်းအားဖြင့် မောင်ညွှန့်ဝေသည် မွေးစားမိခင်နှင့် ရံဖန်ရံခါမျှသာ ဆက်သွယ်မှုရှိကြောင်း ထင်ရှားသည်ဟု ရုံးတော်က စိစစ်ဝေဖန်သုံးသပ်ခဲ့သည်။

အယူခံတရားပြိုင်အမှတ်(၂) ဦးမြသည် ဒေါ်အေးမသေမီက သေဆုံးသွားသည့် ဒေါ်အေး၏ခင်ပွန်း ဦးချစ်သွင်၏ တူဖြစ်သည်။ ထို့ကြောင့် ဒေါ်အေး၏အမွေကို ဆက်ခံခွင့်ရှိသူမဟုတ်ပေ။ သို့ဖြစ်၍ ဦးချစ်ထွန်းတစ်ဦးတည်းကသာ ဒေါ်အေး၏အမွေကို ဆက်ခံပိုင်ခွင့်ရှိသူဖြစ်သဖြင့် အယူခံကိုခွင့်ပြုပြီး ဦးချစ်ထွန်းစွဲဆိုသည့်အမှုကို စရိတ်နှင့်တကွ ဒီကရီချမှတ်ပေးလိုက်ပါသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# အရာတော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**အရာတော် ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧကအားလုံး ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အရာတော်မြို့နယ်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၂၄၉၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ယခုနှစ် ဇွန်လမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀ တင်း ကျော်ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် နွေသီးနှံစိုက်ပျိုးရာသီ အရာတော်မြို့နယ်မှာ နှမ်း ၂၄၉၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ အခုလက်ရှိမှာတော့ ဧကအားလုံးရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက် ပေးခဲ့ပါတယ်"ဟု အရာတော်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြသည်။

ယခုနှစ် အရာတော်မြို့နယ်တွင် နှမ်းစိုက်တောင်သူများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက နှမ်းတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ စိုက်ပျိုးသည့် နည်းစနစ်၊ GAP နည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးခဲ့ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နှမ်းကိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း အရာတော်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)

# မင်းဘူးမြို့နယ် ကန်ရေ-၁ ကျေးရွာ၌ Smart Village စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းပြုလုပ်

**မင်းဘူး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကန်ရေ-၁ ကျေးရွာ၌ ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်း (Smart Village) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။

ဆက်လက်၍ မင်းဘူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းက စီမံကိန်းရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့် နည်းလမ်းနှင့် ကော်မတီ ရွေးချယ်ဖွဲ့စည်းရာတွင် လိုက်နာရမည့် စည်းကမ်းချက်များ၊ စီမံကိန်း အဓိကလုပ်ငန်းစဉ်နှင့် အကျိုးကျေးဇူးများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော ကျေးရွာသူ၊ ကျေးရွာသားများက ခေတ်မီစံပြကျေးရွာထူထောင်ခြင်း စီမံကိန်း(SmartVillage) ကော်မတီဝင်ကိုးဦးကို အများသဘောဆန္ဒနှင့်အညီ ရွေးချယ်ဖွဲ့စည်းပေးခဲ့ကြောင်း မင်းဘူးမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မင်းထွန်းထံမှ သိရသည်။

ဇင်မာ

# သာပေါင်းမြို့နယ်တွင် နှံ့ကားဆန်များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ်ကောင်းမွန်နေ

**သာပေါင်း ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်တွင် နှံ့ကားဆန်များ ဝယ်လိုအားကောင်းလာပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း သာပေါင်းမြို့နယ် ဆန်၊ စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

သာပေါင်းမြို့နယ် ဆန်၊စပါး ရောင်းဝယ်ရေး ဈေးကွက်တွင် ယခုနှစ် ဇူလိုင်လ စတုတ္ထပတ်က စတင်ပြီး ယနေ့ထိ နှံ့ကားဆန် အမျိုးအစားများ ဝယ်ယူအား ကောင်းနေပြီး အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ နှံ့ကားဆန်အမျိုးအစားများ ဝယ်လိုအား ကောင်းလာခြင်းသည် ဒေသဈေးကွက်မှ အဝယ်လိုက်လာခြင်းကြောင့် ဖြစ်ကြောင်း သိရသည်။

"အခုဒေသဈေးကွက်မှာ အခြားဆန်တွေထက် နှံ့ကားဆန်က ဝယ်လိုအား ကောင်းနေပါတယ်။ ပြည်တွင်းဈေးကွက်ကလဲ နှံ့ကားဆန်တွေ အဝယ်လိုက်နေလို့ အခုလို အရောင်းအဝယ် ကောင်း



အရောင်းအဝယ် ကောင်းလာတာပါ။ ပြည်တွင်းမှာ အဝယ်လိုက်နေတာကလဲ ပြည်တွင်းဆန်ကြိမ်းလုပ်ငန်းနဲ့ဆက်စပ်တဲ့ လုပ်ငန်းတွေ ပြန်လည်လည်ပတ်လာလို့ပါ။ မွန်လာတော့ ဆန်၊ စပါးသိုလှောင်ထားတဲ့သူတွေ အဓိကအဆင်ပြေလာပါတယ်"ဟု သာပေါင်းမြို့နယ် ဆန်၊ စပါး ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သူဇာဝင်းက ပြောပြသည်။

သာပေါင်းမြို့နယ်တွင် အရောင်းအဝယ်ကောင်းမွန်နေသည့် နှံ့ကားဆန်အမျိုးအစား ၂၄ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၉၂၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါ နှံ့ကားဆန်များ အရောင်းအဝယ် ကောင်းလာခြင်းကြောင့် ဆန်၊ စပါး သိုလှောင်ထားသည့်ပွဲရုံပိုင်ရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ် အငှားလိုက်သူများ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင်အခွင့်အလမ်း အဆင်ပြေလျက်ရှိကြောင်းသိရသည်။

ကျော်ကျော်လင်း

# မကွေးမြို့နယ် သမန်းတောမြောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

**မကွေး ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သမန်းတောမြောက်ကျေးရွာ၌ ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးလင်းထွဋ်နှင့် ဝန်ထမ်းများက ကျေးရွာရေရရှိရေး ကော်မတီဝင်များနှင့်အတူ သမန်းတောမြောက်ကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်း၊ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်းသိရသည်။

မကွေးမြို့နယ် သမန်းတောမြောက်ကျေးရွာ၌ အချင်း ၄ ဒသမ ၅ လက်မ၊ အနက် ပေ ၅၀၀ ရှိသော စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ ပါဝါမီတာတပ်ဆင်ခြင်း၊ ပါဝါမီတာခန်းတည်ဆောက်ခြင်း လုပ်ငန်းများကို တိုင်းဒေသကြီး ရန်ပုံငွေကျပ် ၇၆ ဒသမ ၄ သန်း အသုံးပြုပြီး Dears Brain ကုမ္ပဏီက ဇူလိုင် ၂ ရက်မှ စတင်တာဝန်ယူ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၄၀ ရာနှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း အဆိုပါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပါက သမန်းတောမြောက်ကျေးရွာရှိ ကျေးရွာသူ၊ ကျေးရွာသားများနှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိမည်ဖြစ်ကြောင်း မကွေးခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးကျော်ဆန်းဌေးထံမှ သိရသည်။

ချိုလေး

# ညောင်ရွှေမြို့နယ် လုံကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ညောင်ရွှေ ဩဂုတ် ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) ကလောခရိုင် ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေများ တိုးပွားလာပြီး ဆင်းရဲမှုလျှော့ချစေရန်ရည်ရွယ်၍ လုံကန်ကျေးရွာအုပ်စု လုံကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ထားရှိသော လုပ်ငန်းများကို ဩဂုတ် ၃ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင်ကလောခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်း၊ ညောင်ရွှေမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ယုယုနှင့် ဝန်ထမ်းများက လုံကန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် ၅၆ ဒသမ ၂ သန်းဖြင့် ဆောင်ရွက်ထားသော စိုက်ပျိုးရေး လုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့်စာရင်းဇယားပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းက လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လုံကန်ကျေးရွာ၌ စိုက်ပျိုးရေး လုပ်ငန်းလုပ်ကိုင်သူ ၈၅ ဦး၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ဦးရေ ၇၀ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၅၅ ဦးကို ရန်ပုံငွေကျပ် ၅၆ ဒသမ ၂သန်း ထုတ်ချေးပေးထားကြောင်း ခရိုင်ဦးစီးမှူး ဦးအောင်ဇော်လင်းထံမှ သိရသည်။

ဟိန်းထက်စိုး(မလှိုင်)

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုမှ ကာကွယ်နိုင်ရန်

လေဝင်လေထွက်ကောင်းမွန်စေရန် လေကောင်းလေသန့်နှင့် နေရောင်ခြည်အလင်းရောင် ရရှိစေရေးတို့အတွက် အိမ်ရှိတံခါးများကိုဖွင့်ထားပါ။



# နယူးဇီလန်နိုင်ငံ တောင်ဘက်ပိုင်း ဒူနီဒန်ဒေသတွင် ဆီးနှင်းများထူထပ်စွာကျဆင်းနေသဖြင့် လမ်းမကြီးတချို့ ယာယီပိတ်ထား



**ဝယ်လင်တန် ဩဂုတ် ၄**

နယူးဇီလန်နိုင်ငံ တောင်ဘက်ပိုင်း ဒူနီဒန်ဒေသတွင် ဆီးနှင်းများ ထူထပ်စွာကျဆင်းကာ လမ်းမကြီး တစ်လျှောက် ဆီးနှင်းများထူထပ်စွာဖုံးလွှမ်းနေပြီး မော်တော်ယာဉ်များအသုံးပြုသွားလာရန်ခက်ခဲနေမှုကြောင့် အဓိက ဆက်သွယ်သွားလာရေး လမ်းမကြီးတချို့ကို ယာယီပိတ်ထားကြောင်း နယူးဇီလန် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ရာသီဥတုလွန်ကဲမှုဖြစ်ပေါ်နေသကဲ့သို့ ရာသီဥတုအပြောင်းအလဲလည်း မြန်ဆန်နေပြီး ဆီးနှင်းထူထပ်စွာ ကျဆင်းမှုကြောင့် စာသင်ကျောင်းများကို ယာယီပိတ်ထားကြောင်း၊ ဆီးနှင်းများထူထပ်စွာ ပိတ်ဖုံးနေသော လမ်းမကြီးကိုဖြတ်သန်းမောင်းနှင်ခဲ့သော မော်တော်ယာဉ်တချို့ ယာဉ်မတော်တဆမှုဖြစ်ပေါ်ခဲ့ပြီး မော်တော်ယာဉ်တချို့လည်း ပိတ်မိခဲ့မှုကြောင့် ယာဉ်မောင်းများက ရဲတပ်ဖွဲ့ထံသို့ ဖုန်းဆက်အကူအညီတောင်းခံမှုများ ရှိခဲ့ကြောင်း နယူးဇီလန်ရဲတပ်ဖွဲ့က ထုတ်ပြန်ခဲ့သည်။

"နယူးဇီလန်နိုင်ငံ တောင်ဘက်ပိုင်း ဒူနီဒန်ဒေသမှာ ဆီးနှင်းတွေ လွန်ကဲစွာ ကျဆင်းနေပါတယ်။ အဓိကလမ်းမကြီးတွေမှာ ဆီးနှင်းတွေ ထူထပ်စွာဖုံးလွှမ်းနေပြီးတော့ မော်တော်ယာဉ်တွေ ဖြတ်သန်းမောင်းနှင်ရင် အန္တရာယ်ရှိနိုင်တဲ့အတွက် လမ်းတွေကို ယာယီပိတ်ထားပါတယ်။ ဆီးနှင်းတွေ ထူထပ်စွာဖုံးလွှမ်းနေတဲ့ လမ်းမကြီးတချို့ကို ဖြတ်သန်းမောင်းနှင်ခဲ့တဲ့ မော်တော်ယာဉ်တချို့ ယာဉ်မတော်တဆမှုတွေ၊ ပိတ်မိမှုတွေ ဖြစ်ပေါ်ခဲ့ပြီး ဖုန်းဆက်အကူအညီတောင်းခံလို့ သွားရောက်ကူညီပေးခဲ့ပါတယ်။ ထိခိုက်ဒဏ်ရာရရှိသူ မရှိခဲ့ပါဘူး"ဟု နယူးဇီလန်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# ကိုရီးယားကျွန်းဆွယ်တစ်ဝန်းတွင် အပူလှိုင်းဖြတ်သန်းနေသဖြင့် အရေးပေါ်တုံ့ပြန်မှုများ တိုးမြှင့်ဆောင်ရွက်

**ဆိုးလ် ဩဂုတ် ၄**

ကိုရီးယားကျွန်းဆွယ်တစ်ဝန်းတွင် အပူလှိုင်းဖြတ်သန်းနေသဖြင့် အရေးပေါ်တုံ့ပြန်မှုများ တိုးမြှင့်ဆောင်ရွက်နေကြောင်း တောင်ကိုရီးယားနိုင်ငံအစိုးရ၏ ယနေ့ထုတ်ပြန်ချက်များအရ သိရသည်။

အပူလှိုင်းများကြောင့် တောင်ကိုရီးယားနှင့် မြောက်ကိုရီးယားတို့တွင် အပူချိန်များမြင့်တက်လာကာ အာဏာပိုင်များက အအေးပေးစခန်းများ၊ ကမ်းခြေများနှင့် ရေပန်းဥယျာဉ်များကို အဆင့်မြှင့်တင်ပြီး အခမဲ့နားခိုနိုင်ရေး စီစဉ်ပေးထားကြောင်း၊ ယခင်က တောင်ကိုရီးယား အရှေ့တောင်ပိုင်းတွင်သာဖြစ်ပေါ်ခဲ့သည့် အပူလှိုင်းသည် ယခုအခါ ဆိုးလ်မြို့ပြဒေသနှင့် အနောက်ပိုင်းဒေသများထိ ပျံ့နှံ့လာကြောင်း၊ မြောက်ကိုရီးယားနိုင်ငံပိုင် မီဒီယာကလည်း နိုင်ငံ၏ အချို့ဒေသများတွင် အပူချိန် ၄၀ ဒီဂရီစင်တီဂရိတ်ခန့်ထိ ရောက်ရှိနေကြောင်း သိရသည်။

ကိုရီးယားမိုးလေဝသစီမံခန့်ခွဲရေးဌာန(KMA)က ယန်ဆန်မြို့တွင် အပူချိန် ၄၂ ဒသမ ၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိခဲ့သဖြင့် အဆိုပါအပူချိန်သည် နှစ်ပေါင်း ၁၀၀ ကျော်အတွင်း အမြင့်ဆုံးအပူချိန်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ ယခုအပတ်အတွင်း တောင်ကိုရီးယား၏ အနောက်ပိုင်းဒေသများတွင် အပူချိန်များဆက်လက်မြင့်တက်နိုင်သဖြင့် ဒေသခံများကို သတိပြုနေထိုင်ကြရန် သတိပေးထားကြောင်း သိရသည်။

လျှပ်စစ်ဓာတ်အား အာဏာပိုင်များက ဩဂုတ်လအတွင်း အပူချိန်မြင့်တက်မှုကြောင့် လေအေးပေးစက်အသုံးပြုမှု မြင့်တက်လာသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုသည်လည်း မြင့်တက်လျက်ရှိကြောင်း၊ ထို့ပြင် ကိုရီးယားမိုးလေဝသစီမံခန့်ခွဲရေးဌာန(KMA) က ဆိုးလ်မြို့နှင့် ဂျောင်ဂီပြည်နယ် အပါအဝင်ဒေသအများအပြားတွင် ပြင်းထန်သည့် အပူလှိုင်းသတိပေးချက်များကို ထုတ်ပြန်ထားကြောင်း သိရသည်။

Ref : Russia Today

Trs : KZ

# အိန္ဒိယနိုင်ငံတောင်ပိုင်းပြည်နယ်များတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများကြောင့် လူ ၁၄ ဦးသေဆုံးကာ လူထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာရွှေ့ပြောင်းခဲ့ရ

**နယူးဒေလီ ဩဂုတ် ၄**

အိန္ဒိယနိုင်ငံ တောင်ပိုင်းပြည်နယ်များတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုနှင့်မြေပြိုမှုများကြောင့် လူ ၁၄ ဦး သေဆုံးပြီး လူထောင်ပေါင်းများစွာ အိုးအိမ်စွန့်ခွာ ရွှေ့ပြောင်းခဲ့ရကြောင်း ယနေ့သတင်းများအရ သိရသည်။

သေဆုံးသူများမှာ ကီရာလာပြည်နယ်မှ ၁၁ ဦး၊ ကာနာတာကာပြည်နယ်မှ သုံးဦးဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ကီရာလာပြည်နယ်ဒေသခံ ဦးရေ ၇၇၀၀ ခန့်ကို ကယ်ဆယ်ရေးစခန်း ၂၇၅ ခုသို့ ရွှေ့ပြောင်းထားရကြောင်း ပြည်နယ်အစိုးရ ဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

ကယ်ဆယ်ရေးစခန်းများတွင် ဒေသခံပြည်သူများ နေထိုင်မှုအဆင်ပြေစေရေးဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ရေကြီးရေလျှံမှုဒဏ်ခံခဲ့ရသည့် ဒေသများတွင် သန့်ရှင်းရေး၊ ရှင်းလင်းရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း ကီရာလာပြည်နယ်ဝန်ကြီးချုပ် ဗီဒီဆာသီဆန်က ပြောကြားခဲ့သည်။



ပြည်နယ် သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အာဏာပိုင်များ၏ ထုတ်ပြန်ချက်အရ ယနေ့တွင် ကီရာလာပြည်နယ်၏ နေရာတချို့၌ လေပြင်းနှင့်အတူမိုးသည်းထန်စွာ ဆက်လက်ရွာသွန်းနိုင်မှုကြောင့် ကျောင်းများကို ယာယီပိတ်ထားရပြီး ပြည်နယ်အဆင့်ဆရာ၊ ဆရာမခန့်အပ်ရေးစာမေးပွဲကိုလည်း ရွှေ့ဆိုင်းထားကြောင်း အစိုးရက ထုတ်ပြန်ထားသည်။

Ref : Sputnik News

Trs : KZ

# ပါကစ္စတန်နိုင်ငံ ပြည်နယ်ခြောက်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုကြောင့် ရေဘေးအန္တရာယ် အနီရောင်အဆင့်သတ်မှတ်

**အစ္စလာမ်မာဘတ် ဩဂုတ် ၄**

ပါကစ္စတန်နိုင်ငံတစ်ဝန်းတွင် မိုးသည်းထန်စွာ ရွာသွန်းနေပြီး ပြည်နယ် ခြောက်ပြည်နယ်တွင် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသဖြင့် ရေဘေးအန္တရာယ် အနီရောင်အဆင့် သတ်မှတ်ထားကြောင်း ပါကစ္စတန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာန(PMD)က ယနေ့တွင် ထုတ်ပြန်ခဲ့သည်။

ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်နေရသည့်ပြည်နယ်များမှာ ကက်ရှ်မီးယားဒေသ၊ ဂီလ်ဂစ်-ဘယ်လ်တီစတန်ပြည်နယ်၊ ခိုင်ဘာပက်ထွန်ခွာပြည်နယ်၊ အစ္စလာမ်မာဘတ်ပြည်နယ်၊ ပန်ဂျပ်ပြည်နယ် အလယ်ပိုင်းနှင့် အထက်ပိုင်း၊ ဘာလိုချီစတန်ပြည်နယ် အရှေ့မြောက်ဘက်ပိုင်း ဒေသတို့ဖြစ်ကြောင်း၊ ရေကြီးရေလျှံမှုသည် အန္တရာယ်ရှိသည့်အဆင့်ဖြစ်သည့်အတွက် ရေဘေးအန္တရာယ် အနီရောင်အဆင့် သတ်မှတ်ကြောင်း ပါကစ္စတန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာန(PMD)က ထုတ်ပြန်ခဲ့သည်။

"ပြည်နယ် ခြောက်ပြည်နယ်မှာ ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ အင်ဒပ်မြစ်ရေလျှံတက်နေပြီး မိုးရွာသွန်းနေဆဲဖြစ်တဲ့အတွက် ရေကြီးရေလျှံမှုဟာ ပိုဆိုးလာနိုင်တယ်။ ရေဘေးအန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ ပြည်နယ်တွေမှာ လာမဲ့ ၄၈ နာရီထိ မိုးရေချိန်မြင့်မားနိုင်ပါတယ်"ဟု ပါကစ္စတန်မိုးလေဝသညွှန်ကြားရေးဦးစီးဌာန(PMD) မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အင်ဒပ်မြစ်ရေ လျှံတက်မှုကြောင့် ရေဘေးအန္တရာယ်မှာ အန္တရာယ်ရှိသည့်အဆင့်သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပြီး ဒေသခံများလည်း ဘေးလွတ်ရာ ရွှေ့ပြောင်းနေရကြောင်း၊ ပြည်နယ် ခြောက်ပြည်နယ်မှ ကယ်ဆယ်ရေးဝန်ထမ်းများကိုလည်း ကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း ပါကစ္စတန် မိုးလေဝသညွှန်ကြားရေးဦးစီးဌာနက ထုတ်ပြန်ခဲ့သည်။

Ref : Sputnik News

Trs : Sai Sat

# အင်္ဂလန်နိုင်ငံတစ်ဝန်းတွင် ယခုနှစ် ဇူလိုင်လသည် အပူချိန်အမြင့်ဆုံးနှင့် ခြောက်သွေ့မှုနှုန်းအမြင့်ဆုံးလအဖြစ် မှတ်တမ်းဝင်ခဲ့

**လန်ဒန် ဩဂုတ် ၄**

အင်္ဂလန်နိုင်ငံတစ်ဝန်းတွင် အပူလှိုင်းဖြတ်သန်းကာ အပူချိန်မြင့်တက်မှုဖြစ်ပေါ်ခဲ့ပြီး ယခုနှစ် ဇူလိုင်လသည် နိုင်ငံသက်တမ်းတစ်လျှောက် အပူချိန်အမြင့်ဆုံးနှင့် ခြောက်သွေ့မှုနှုန်းအမြင့်ဆုံးလတစ်လအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း Met Office က ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

ဇူလိုင်လအတွင်း ပူပြင်းခြောက်သွေ့သည့် ရာသီဥတုဖြစ်ပေါ်ခဲ့ပြီး မြစ်ချောင်းများတွင်လည်း စံချိန်တင် ရေပမာဏကျဆင်းမှုဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုနှစ်အတွင်း မိုးရေချိန်မှာလည်း ၆ ဒသမ ၅ မီလီမီတာသာ ရွာသွန်းမှုရှိခဲ့ပြီး ပုံမှန်ရွာသွန်းလေ့ရှိသည့် မိုးရေချိန်ပမာဏထက် ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း Met Office က ထုတ်ပြန်ခဲ့သည်။

"အင်္ဂလန်နိုင်ငံတစ်ဝန်း ဇူလိုင်လအတွင်း အပူလှိုင်းတွေဖြတ်သန်းခဲ့ပြီးတော့ အပူချိန်တွေ မြင့်တက်ခဲ့ပါတယ်။ အပူချိန်ပမာဏဟာ ၄၀ ဒသမ ၃ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်ခဲ့ပြီးတော့ အပူချိန်အမြင့်ဆုံးပမာဏတစ်ရပ်အဖြစ် မှတ်တမ်းဝင်ခဲ့ပါတယ်။ ပူပြင်းခြောက်သွေ့မှုနှုန်းကလဲ မြင့်မားခဲ့တယ်။ မိုးရေချိန်တွေလဲ ကျဆင်းခဲ့ပါတယ်။ ဒီနှစ်အတွင်း မိုးရေချိန်ဟာ ၆ ဒသမ ၅ မီလီမီတာပဲ ရွာသွန်းခဲ့ပါတယ်။ ပုံမှန်ရွာသွန်းလေ့ရှိတဲ့ ပမာဏထက် ၁၀ ရာခိုင်နှုန်း ကျဆင်းခဲ့တယ်။ ဒါဟာ ရာသီဥတုဖောက်ပြန်မှုနှုန်း မြင့်တက်လာတယ်ဆိုတာကို သက်သေပြနေတာဖြစ်ပါတယ်"ဟု Met Office မှ တာဝန်ရှိသူ တစ်ဦးက ပြောကြားခဲ့သည်။

Ref : Russia Today

Trs : Sai Sat

# တန်ဖိုးရှိသူဖြစ်ဖို့ စည်းကမ်းလိုက်နာစို့

မောင်လေပြေ(တောင်တွင်း)

"စည်းကမ်းဆိုတဲ့ ဒီစကားကြားရသူများမှာ...
အတွေးဂယက်မှာ အလေးအနက်ပါထား
သင့်ကြတာ...
စာလုံးရေး ဒွေးအက္ခရာ နှစ်လုံးထဲသာ အမြင်မှာ...
တွေးကြည့်ပါမှသာ တန်ဖိုးအနန္တရှိနေပြန်တာ...."

စာရေးသူ အခုရက်ပိုင်း မကြာခဏ သီဆိုမိနေသောတေးသီချင်းတစ်ပုဒ်ဖြစ်သည်။ တေးရေးပညာရှင် မောင်မောင်သီ ရေးစပ်ပြီး ခေတ်ဟောင်း တေးသံရှင်ကြီး မေလှမြိုင်သီဆိုခဲ့သော စည်းကမ်းအမည်ရှိ တေးသီချင်းပင်ဖြစ်သည်။

စည်းကမ်းဟူသည် လိုက်နာစောင့်ထိန်းရမည့် ကျင့်ဝတ်ဟူ၍ မြန်မာအဘိဓာန်အကျဉ်းချုပ်တွင် ဖွင့်ဆိုထားသည်။

ပညာရှင်တချို့က စည်းကမ်းဟူသောအသုံးအနှုန်းသည် ရက်ကန်းမှဆင်းသက်လာသည်ဟု ယူဆကြသည်။ စည်းနှင့်ကမ်းကို ပေါင်းစပ်ထားခြင်းဖြစ်ပြီး အတိုင်ချည်ပင်များကို တစ်ပင်နှင့်တစ်ပင် မပူးယှက်စေရန် တစ်ပင်ချင်းစည်းဖော်၍ လမ်းလွှဲခြင်း၊ လမ်းရှင်းခြင်းများကို စည်းဖော်သည်ဟုခေါ်သည်။ ကမ်းဟူသည်မှာ တစ်ဖက်ကမ်းဖြစ်သော အစွန်အဖျား၊ ကလနားများကိုဆိုလိုသည်။ အထည်၏အနားသား ချောမွတ်ကောင်းမွန်ရန်အတွက် အရေးကြီးသည်။ စည်းမရှိလျှင် အတိုင်ချည်ပင်များ ရောနှောယှက်ထွေးသွားပြီး အထည်ဖြစ်လာတော့မည်မဟုတ်ပေ။ ထို့ပြင် ကလနားသားကောင်းမွန်စေရန် ပြုလုပ်တတ်မှသာလျှင် ရက်ကန်းခတ်ကျွမ်းကျင်သူဟုသတ်မှတ်ကြောင်းနှင့် စည်းနှင့်ကမ်းကျနမှသာ အထည်ကောင်းမွန်ကြောင်းကိုလည်း လေ့လာမှတ်သားရသည်။

လူ့အဖွဲ့အစည်းတွင် နေထိုင်ကြသူ အားလုံးအတွက် မည်သည့်နေရာ၊ မည်သည့်ဒေသတွင်မဆို ဒေသန္တရစည်းကမ်း အသီးသီးရှိတတ်ကြရာ ကာလ၊ ဒေသ၊ ပုဂ္ဂလအပေါ်မူတည်၍ ကျင့်ဝတ်စည်းကမ်းများကို လိုက်နာတတ်ကြရမည်ဖြစ်သည်။

လမ်းခရီးတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ ကျောင်းတွင် ကျောင်းစည်းကမ်း၊ ရုံးဌာနများတွင် ဝန်ထမ်းစည်းကမ်း၊ နိုင်ငံတစ်နိုင်ငံတွင် နိုင်ငံသားတိုင်း လိုက်နာရမည့် စည်းကမ်း စသည်ဖြင့်အသီးသီး ရှိကြသည်။ မည်သည့်နေရာတွင်မဆို လိုက်နာစောင့်ထိန်းရမည့် စည်းကမ်းများကို စနစ်တကျလိုက်နာမှသာလျှင် စည်းကမ်းဟူသည် လူ့တန်ဖိုးဟူသည့် ဆိုရိုးနှင့်အညီ တန်ဖိုးရှိသူ လူပီသသူဖြစ်မည်ဖြစ်သည်။ စည်းကမ်းလိုက်နာပါက ဘေးရန်အန္တရာယ်များ ကင်းဝေးမည်ဖြစ်သည်။ ဆရာကြီးမင်းသုဝဏ်က

"စည်းတွင်းမှာနေ
ကင်းကွေလိမ့် ရန်ဘေး
ကမ်းကိုကျော် ချော်ကာကျ
များလှုရန်ဘေး" ဟူ၍ လူတိုင်းနားလည်သဘောပေါက်လွယ်စေရန်နှင့် လိုက်နာနိုင်စေရန် ကဗျာဖြင့် ဆုံးမခဲ့သည်။

လောကီလူသားများ လိုက်နာရမည့် ကျင့်ဝတ်သီလများမှာ ကိုယ်၊ နှုတ်၊ စိတ်တို့ကို စည်းကမ်းတကျ စောင့်ထိန်းခြင်းဖြစ်ပြီး ရဟန်းသံဃာတော်များအတွက်မှာ ဝိနည်းသိက္ခာများကို စည်းကမ်းတကျ စောင့်ထိန်းခြင်းဖြစ်သည်။

**❖ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စည်းကမ်းလိုက်နာကာ စည်းကမ်းနှင့် တစ်သားတည်းနေထိုင်တတ်သူများဖြစ်စေရန် ကြိုးစားကြရမည်။ ကျောင်းသားအရွယ်မှသည် ဘဝတစ်လျှောက်လုံး စည်းကမ်းတကျနေတတ်ရန်မှာ ငယ်စဉ်ကပင် စည်းကမ်းရှိသော အမူအကျင့်ကောင်းများကို မွေးမြူကြရမည်ဖြစ်သည်။ အပြုအမူကောင်းမှသည် အမူအကျင့်ကောင်း၊ အမူအကျင့်ကောင်းမှသည် အလေ့အကျင့်ကောင်း၊ အလေ့အကျင့်ကောင်းမှသည် အလေ့အထကောင်းများကို မွေးမြူကာ ဘဝတစ်လျှောက် အောင်မြင်မှုများစွာကို ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။ ❖**

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် လူတစ်ဦး၏ ဘဝကို ပထမအရွယ်၊ ဒုတိယအရွယ်နှင့် တတိယအရွယ်ဟူ၍ အရွယ်သုံးပါး ပိုင်းခြားသတ်မှတ်လေ့ရှိကြသည်။ ပထမအရွယ်တွင် ပညာရှာ၊ ဒုတိယအရွယ်တွင် ဥစ္စာရှာကာ တတိယအရွယ်တွင် တရားဘာဝနာ အားထုတ်ရမည်ဟူ၍ အစဉ်အလာဖြင့် လက်ဆင့်ကမ်းလမ်းညွှန်ခဲ့ကြသည်။

ပထမအရွယ်ဖြစ်သည့် လူငယ်များ ပညာရှာရေးနှင့်ပတ်သက်သော စည်းကမ်း၊ ကျင့်ဝတ်နည်းနာများကို မိဘဆရာများက သင်ကြားပေးလေ့ရှိကြသည်။

ရှေးကာလက မြန်မာ့ပညာရေးစနစ်သည် ဘုန်းတော်ကြီးသင် ပညာရေးစနစ် ဖြစ်သောကြောင့် ဗုဒ္ဓဘာသာအခြေပြုအဆုံးအမများဖြင့် ကျင့်ဝတ်စည်းကမ်းနည်းနာများကို သင်ကြားဆုံးမခဲ့ကြသည်။

လူသားတစ်ယောက်အတွက် လူပီသစွာနေတတ်ရန် အခြေခံအားဖြင့် စည်းကမ်းတကျနေတတ်စေရန် သွန်သင်ကြရမည်ဖြစ်သည်။ လူ့အဖွဲ့အစည်းကြားတွင် စည်းကမ်းတကျနေတတ်မှသာ မိတ္တဗလ ပြည့်စုံပြီး လူမှုဆက်ဆံရေးကျယ်ပြန့်ကာ ကာယဗလ၊ ဉာဏဗလ၊ စာရိတ္တဗလ၊ ဘောဂဗလများလည်း ဖွံ့ဖြိုးလာကြမည်ဖြစ်သည်။

အခြေခံပညာကျောင်းများတွင် စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ ဟူသောစာတန်းရေးထိုးထားလေ့ရှိကြသည်။ ကျောင်းသားလူငယ်များအတွက် ပထမဦးစွာ စိတ်ဓာတ်ကောင်းမွန်ရန် လိုအပ်သည်။ စိတ်ဓာတ်ကောင်းမှသာ စည်းကမ်းလိုက်နာမည်။ စည်းကမ်းကောင်းမှသာ ပညာထူးချွန်သော ကျောင်းသား၊ ကျောင်းသူလေးများ ဖြစ်လာကြမည်ဖြစ်သည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဟူသော ဆောင်ပုဒ်နှင့်အညီ ကျောင်းသား၊ ကျောင်းသူလေးများ ကျောင်းတွင်းစည်းကမ်းမှသည် အမျိုးသားစည်းကမ်းထိလိုက်နာကာ ပညာပြည့်ဝ နှလုံးလှသူလေးများ ဖြစ်အောင် မွေးမြူပေးကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူများအနေဖြင့် စည်းကမ်းလိုက်နာကာ စည်းကမ်းနှင့် တစ်သားတည်း နေထိုင်တတ်သူများဖြစ်စေရန် ကြိုးစားကြရမည်။ ကျောင်းသားအရွယ်မှသည် ဘဝတစ်လျှောက်လုံး စည်းကမ်းတကျနေတတ်ရန်မှာ ငယ်စဉ်ကပင် စည်းကမ်းရှိသော အမူအကျင့်ကောင်းများကို မွေးမြူကြရမည်ဖြစ်သည်။

အပြုအမူကောင်းမှသည် အမူအကျင့်ကောင်း၊ အမူအကျင့်ကောင်းမှသည် အလေ့အကျင့်ကောင်း၊ အလေ့အကျင့်ကောင်းမှသည် အလေ့အထကောင်းများကို မွေးမြူကာ ဘဝတစ်လျှောက် အောင်မြင်မှုများစွာကို ရယူပိုင်ဆိုင်နိုင်အောင် ကြိုးစားကြရမည်ဖြစ်သည်။

ကျောင်းသား၊ ကျောင်းသူအရွယ်များမှာ သင်ယူတတ်မြောက်လွယ်သည့်အရွယ်များဖြစ်ရာ စည်းကမ်းကို သင်ယူလေ့ကျင့်ရာတွင် အကောင်းဆုံးအရွယ်ပင်ဖြစ်သည်။ ကျောင်းသင်ရိုးများတွင် ပြဋ္ဌာန်းထားသော စည်းကမ်းဆိုင်ရာ သင်ခန်းစာများသာမက ကျောင်းပြင်ပအတွေ့အကြုံနှင့် စာအုပ်စာပေများမှရသောအသိပညာများကိုပါ လေ့လာလိုက်နာကြရမည်ဖြစ်သည်။

မိဘဆရာပူးပေါင်း ကလေးပညာကောင်း ဟူသောဆောင်ပုဒ်နှင့်အညီ စိတ်ဓာတ်ကောင်းမွန်ကာ စည်းကမ်းပြည့်ဝသော ပညာတတ်လူငယ်လေးများဖြစ်အောင် မိဘနှင့်ဆရာများပူးပေါင်းကာ ပြုစုပျိုးထောင်ပေးကြရမည်ဖြစ်သည်။

လက်ဦးဆရာ မည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ ဟူသောဆိုစကားနှင့်အညီ လူငယ်ရင်သွေးတို့၏ လက်ဦးဆရာများဖြစ်သော မိဘများက လူငယ်တို့၏ အနာဂတ်အရေးကို ချင့်တွေးကာ ပညာရေးလမ်းကြောင်း မတိမ်းစောင်းအောင် တည့်မတ်လမ်းညွှန်ပေးကြရမည်ဖြစ်သည်။

ဆရာ၊ ဆရာမများအနေဖြင့်လည်း ပညာရပ်ဝန်းကျောင်းမြေအတွင်းသို့ ရောက်ရှိလာကြသော ကျောင်းသား၊ ကျောင်းသူလေးများကို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာကောင်းမွန်ထူးချွန်စေရန် မိဘ၊ ဆရာ၊ ကျောင်းသားပူးပေါင်းကာ လက်တွဲညီညီဖြင့် တြိဂံပညာရေးကို ဖော်ဆောင်ပေးရမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုရသော် ပညာပြည့်ဝနှလုံးလှပြီး စည်းကမ်းတကျနေထိုင်တတ်သော တန်ဖိုးရှိသောသားကောင်းရတနာ၊ သမီးကောင်းရတနာ များဖြစ်စေရန်အတွက် ငယ်စဉ်ကတည်းက မိဘ၊ ဆရာ၊ ဆရာမများ၏သွန်သင်ဆုံးမမှုများကို နာယူကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

**ကိုးကား**

**- မြန်မာ၊ စည်းကမ်းရှိသောနိုင်ငံ စည်းကမ်းသိသောလူမျိုး(မောင်ကြည်သန့်)**

## မင်းလှမြို့နယ် ညောင်ပင်သာအရှေ့ကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု စစ်ဆေး

မင်းလှ ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုရန်ပုံငွေဖြင့် ညောင်ပင်သာအရှေ့ကျေးရွာ၌ ကျေးရွာရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူနှင့်ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ညောင်ပင်သာအရှေ့ကျေးရွာ၌ စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်းနှင့် အိမ်တိုင်းအရောက် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံပြီး သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ပေးသွားမည့်အခြေအနေများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

မင်းလှမြို့နယ် ညောင်ပင်သာအရှေ့ကျေးရွာ၌ ဂါလန် ၂၄၀၀ ဆံ့စင်မြင့်ရေစင်တည်ဆောက်ခြင်းလုပ်ငန်း၊ အရှည် ပေ ၇၀၀၀ ရှိသော အိမ်တိုင်းအရောက်ရေပိုက်လိုင်းသွယ်တန်းလုပ်ငန်းကို ပြည်ထောင်စုရန်ပုံငွေကျပ် ၇၄ ဒသမ ၂၄၈ သန်း အသုံးပြုပြီး မြင့်မိုရ်စံထားကုမ္ပဏီက ဇူလိုင် ၇ ရက်မှ စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၄၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ



လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးပါက ညောင်ပင်သာအရှေ့ကျေးရွာရှိ လူဦးရေ ၅၀၈ ဦးတို့နှင့် ကျွဲ၊ နွား တိရစ္ဆာန်များပါ သန့်ရှင်းသော သောက်သုံးရေကို ဖူလုံစွာရရှိမည်ဖြစ်ကြောင်း မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်လှမျိုးသူထံမှ သိရသည်။

ကိုညို

# ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့



**ကျောက်မြောင်း ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်းလျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ပဲတီစိမ်း ၂၆၈၆ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၃၉၀၆ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ ကျောက်မြောင်းမြို့နယ်ခွဲမှာ ပဲတီစိမ်း ၂၆၈၆ ဧက လျာထားစိုက်ပျိုးခဲ့ရာ ၃၉၀၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လက်ရှိပဲတီစိမ်းစိုက်ပျိုးမှုအနေနဲ့ လျာထားကေထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိပါတယ်။ အထွက်နှုန်းကောင်းမွန်ဖို့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲဖို့ ပညာပေးတာတွေရှိပါတယ်" ဟု ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြသည်။

ကျောက်မြောင်းမြို့နယ်ခွဲတွင် ယခုနှစ် ပဲတီစိမ်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်း ကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပဲတီစိမ်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပဲတီစိမ်းကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ကျောက်မြောင်းမြို့နယ်ခွဲ စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ပိုက ပြောပြ၍ သိရသည်။

(၂၀၆)

# မြင်းခြံမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားပြုလုပ်

**မြင်းခြံ ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့၌ ခရိုင်အဆင့် ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ ရက် နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေး ခန်းမတွင် ပြုလုပ်ခဲ့သည်။


အခမ်းအနားတွင် မြင်းခြံခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းထွန်းက အမှာစကားပြောကြားပြီး ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြင်းခြံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီခေတ္တဥက္ကဋ္ဌ ဦးတင်ငြိမ်းနှင့် အဖွဲ့ဝင်များက သင်တန်းသားများကို တူညီဝတ်စုံများ ပံ့ပိုးပေးအပ်ရာသင်တန်းသားများက အသီးသီးလက်ခံရယူခဲ့ကြသည်။

"ယနေ့ မျက်မှောက်ခေတ်ကာလမှာ ကမ္ဘာ့ရာသီဥတုဖောက်ပြန်ပြောင်းလဲမှု ဖြစ်စဉ်များကြောင့် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှာပါ သဘာဝဘေးအန္တရာယ်များ မကြာခဏ ဖြစ်ပေါ် ကြုံတွေ့နေရတဲ့အတွက် မိမိတို့သက်ဆိုင်ရာ ဒေသအတွင်း ဖြစ်ပွားကြုံတွေ့နိုင်သော ဘေးအန္တရာယ်အမျိုးအစားအလိုက် လိုအပ်သည့်ရှာဖွေကယ်ဆယ်ရေးဆိုင်ရာ သင်ခန်းစာများကို သင်ကြားပို့ချပေးသွားမှာဖြစ်ပါတယ်" ဟု ခရိုင်မီးသတ်ဦးစီးမှူး ဦးအောင်သက်လှိုင်က ပြောပြသည်။

အဆိုပါ ခရိုင်အဆင့်ရှာဖွေကယ်ဆယ်ရေးသင်တန်း (၁/၂၀၂၆) တွင် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတ လူမှုရေးအသင်းအဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် စိတ်ပါဝင်စားသူများ စုစုပေါင်း ဦးရေ ၅၀ တက်ရောက်သင်ကြားမည်ဖြစ်ပြီး သင်တန်းကာလ နှစ်ပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**

# စာအုပ်စာပေ လူ့မိတ်ဆွေ









## နေပြည်တော် Pet Mart

**အရောင်းဝန်ထမ်း – အမျိုးသား/အမျိုးသမီး (၂)ဦး**

- ပညာအရည်အချင်း အထက်တန်းရှိရမည်။
- အသက် ၁၈ မှ ၂၅ နှစ်
- အလုပ်ချိန် နံနက် ၉ နာရီမှ ည ၇ နာရီအထိ
- အခြေခံလစာ ၄၇၃၀၀၀ + Bonus + ရက်မှန်ကြေး + အချိန်မှန်ကြေး + Yearly KPI Bonus + Sale Bonus များ
- နားရက် တစ်ပတ်တစ်ရက် Public Holidays ရက်ပိုဆင်းခံစားခွင့်

**စာရေးမ – အမျိုးသမီး (၂)ဦး**

- ပညာအရည်အချင်း အထက်တန်းရှိရမည်။
- အခြေခံလစာ ၅၀၇၂၀၀ + Bonus + ရက်မှန်ကြေး + အချိန်မှန်ကြေး + Yearly KPI Bonus များ
- အသက် ၃၀ မှ ၄၀ နှစ်
- အလုပ်ချိန် နံနက် ၉ နာရီမှ ည ၇ နာရီအထိ
- နားရက် တစ်ပတ်တစ်ရက် Public Holidays ရက်ပိုဆင်းခံစားခွင့်

**၃၅ လမ်း၊ ၈၁ x ၈၂ လမ်းကြား၊ မန္တလေးမြို့။**

**Viber : 09–91025574**

**Ph : 09–740980768**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ELC ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 တွင် ပညာသင်ကြားနေသော မငုဝါ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးငွေနန်းစိုး** ဖြစ်ပါကြောင်း။ **ဦးငွေနန်းစိုး(၁၀/သဖရ(နိုင်)၀၈၁၆၆၀)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘက(၇)၊ မစိုးရိမ် ကျောင်းတိုက်တွင် ပညာသင်ကြားနေသော မခင်သူဇာလင်း၏ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးစိုးချော** ဖြစ်ပါကြောင်း။

**ဦးစိုးချော(၈/ရစက(နိုင်)၁၆၉၃၄၂)**

## မိဘအမည်မှန်

တောင်သမန်ကျေးရွာ၊ အလက(ဆီမီးထွန်း)ကျောင်း၊ Grade–7 တွင် ပညာသင်ကြားနေသော ဆောင်းသံစဉ်ချို၏မိဘအမည်မှန်မှာ **ဦးအောင်မော်နှင့် ဒေါ်မြင့်မြင့်စိန်** ဖြစ်ပါကြောင်း။ **ဦးအောင်မော်(၁၃/ကမန(နိုင်)၀၂၅၇၇၅)**

**ဒေါ်မြင့်မြင့်စိန်(၉/မရတ(နိုင်)၁၂၉၃၄၃)**

## ဖခင်အမည်မှန်

မတ္တရာမြို့နယ်၊ အထက(တောင်ပြုံးကြီး)၊ Grade–12 အတန်းတွင် ပညာသင်ကြားနေသော မောင်ဇာနည်အောင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းအရ **ဦးချိုဝင်း** ဖြစ်ပါကြောင်း။ **ဦးချိုဝင်း(၉/မတရ(နိုင်)၁၁၁၈၄၇)**

## အမည်မှန်

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ၂၀၂၆–၂၀၂၇ ပညာသင်နှစ်၊ ပညာတံခွန်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ကေဒသမတန်းတွင် ပညာသင်ကြားနေသော (ဘ) ဦးကျော်ငြိမ်း၏ သမီး မဇူးဝတီလင်း၏အမည်မှန်မှာ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်အရ **မဇူးဝတီငြိမ်း** ဖြစ်ပါကြောင်း။ **မဇူးဝတီငြိမ်း**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အကွက်(၄၁၆) သံ/ရှေ့နေ ဦးအောင်ကိုလတ် + ဒေါ်အိအိဖြိုးတို့၏သား မောင်ဥက္ကာဖြိုး(၉/မဟမ(နိုင်)၀၆၇၇၃၆)သည် မိဘစကားနားမထောင်ဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအားလုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ)**

**ဦးအောင်ကိုလတ်(၉/မဟမ(နိုင်)၀၀၃၃၁၇)**

**ဒေါ်အိအိဖြိုး(၉/မဟမ(နိုင်)၀၀၈၆၁၉)**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အမှတ်(လလ–၈၂/၉)နေ စိတ်ကူးသစ်အောင်နိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–2 တွင် ပညာသင်ကြားနေသော မောင်လင်းခန့်ငြားသွင်၏ ဖခင်အမည်မှန်မှာ **ဦးရန်နောင်စိုး** ဖြစ်ပါကြောင်း။

**ဦးရန်နောင်စိုး(၉/ခမစ(နိုင်)၀၁၆၄၈၄)**

## မွေးသက္ကရာဇ်အမှန်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ည)ရပ်ကွက်၊ အမှတ်(လလ–၈၂/၉)နေ စိတ်ကူးသစ်အောင်နိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–2 တွင် ပညာသင်ကြားနေသော မောင်လင်းခန့်ငြားသွင်၏ မွေးသက္ကရာဇ်အမှန်မှာ ၂၀–၆–၂၀၁၉ ဖြစ်ပါကြောင်း။

**မောင်လင်းခန့်ငြားသွင်၊ ၂၀–၆–၂၀၁၉**

## ပျောက်ဆုံးကြောင်း

ချမ်းမြသာစည်မြို့နယ်၊ အကွက်(၁၂)၊ အောင်ပင်လယ်ရပ်ကွက်နေ ဒေါ်ဝင်းဝင်းလှိုင် (ဘ) ဦးသိန်းဟန်(၉/ခမစ(နိုင်)၁၀၃၀၈၀)၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ–877083)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ **09–792854441**

**နှစ် ၂၀ တစ်ဝိုက် အချိန်ကိုက် တို့စိုက်ခဲ့လျှင် အကောင်း ဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်း ဆုံးပ။**

**သစ်တောမှန်လျှင် အသုံးဝင် အစဉ်ထာဝရ ထိန်းသိမ်းကြ**

❖ နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။

❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

## နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူများကို လက်နက်၊ ခဲယမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ



ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ် နားရိုင်းရွာသစ်ကျေးရွာအနီး၌ အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်သူ တရုတ်နိုင်ငံသား အမျိုးသား ၃၆ ဦး ဖမ်းဆီးရမိခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတော်အနေဖြင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ခြင်းများ ပပျောက်စေရေးနှင့် မြန်မာနိုင်ငံအတွင်း အခြေချလုပ်ကိုင်နိုင်မှုမရှိစေရေးအတွက် အိမ်နီးချင်းနိုင်ငံများ၊ ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ်များကို အထူးအလေးထား၍ တက်ကြွစွာဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့နယ်အတွင်း နယ်မြေလုံခြုံရေးဆောင်ရွက်နေသော **စာမျက်နှာ ၂၂ ကော်လံ ၁** ☆

**အွန်လိုင်းလိမ်လည်မှု (Telecom Fraud)နှင့် ဒုစရိုက်မှုလုပ်ငန်းများတွင် ဆက်စပ်ပါဝင်ခဲ့ကြသည့် ပြည်ပနိုင်ငံသား နှစ်ဦး မြန်မာ-ထိုင်း အမှတ်(၂)ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ထပ်မံလွှဲပြောင်းပေးအပ်**

စာမျက်နှာ - ၂၃

## နန့်ယင်းချောင်းရေ စိုးရိမ်ရေမှတ်ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၄**

ယနေ့ညနေ ၃ နာရီခွဲအချိန် တိုင်းထွာချက်အရ နန့်ယင်းချောင်းရေသည် မိုးညှင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် နှစ်ပေခန့်အလိုတွင် ရောက်ရှိနေပြီး အဆိုပါချောင်းရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မိုးညှင်းမြို့နယ်အတွင်းရှိ ချောင်းကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ကြိုတင်သတိပြုနိုင်ရန်နှင့် ချောင်းရေမြင့်တက်လာပါက အချိန်မီရှောင်ရှားနိုင်ရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတိပေးနှိုးဆော်ထားသည်။

## ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုပွဲစဉ်တွင် မြန်မာအသင်းက လာအိုအသင်းကို ခုနစ်ဂိုး နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိ




**ရန်ကုန် ဩဂုတ် ၄**

ASEAN Hyundai Cup 2026 ပြိုင်ပွဲ အုပ်စုပွဲစဉ်အဖြစ် ယနေ့ညနေ ၄ နာရီခွဲက ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်းတွင် အိမ်ရှင်မြန်မာအသင်းနှင့် လာအိုအသင်းတို့ယှဉ်ပြိုင်ကစားခဲ့ရာ မြန်မာအသင်းက ခုနစ်ဂိုး နှစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ရှုံးထွက်အဆင့်တက်ရောက်ရန် ရမှတ်လိုအပ်ချက်ရှိနေသည့် မြန်မာအသင်းက ပွဲစကတည်းက အိမ်ရှင်ပရိသတ်များရှေ့တွင် အကောင်းဆုံးဖိအားပေးကစားနိုင်ခဲ့ပြီး ပွဲချိန်နှစ်မိနစ်တွင် လွင်မိုးအောင်က မြန်မာအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး ပွဲချိန် ၁၇ မိနစ်တွင် Bounxai က လာအိုအသင်းအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သော်လည်း ပွဲချိန် မိနစ် ၂၀ နှင့် ၄၂ မိနစ်တို့တွင် ဝင်းနိုင်ထွန်း၊ **စာမျက်နှာ ၁၈ ကော်လံ ၄** ●

**ရှေးဟောင်းဝတ္ထုပစ္စည်း အပ်နှံခဲ့ခြင်းအတွက် ဆုကြေးငွေကျပ် ၁၀၄၉ သိန်းကျော် ပေးအပ်ချီးမြှင့်**

စာမျက်နှာ - ၁၇

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲ အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

အားကစားရေးရာ ဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဖူဆယ်နှင့် သဲသောင်ပြင်ကော်မတီတို့ပူးပေါင်းကျင်းပလျက်ရှိသည့် ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်အမျိုးသားအုပ်စုပတ်လည်ပွဲစဉ်တွင် ဟိုတယ်၊ခရီးသွားလာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနအသင်းက ကျန်းမာရေးဝန်ကြီးဌာနအသင်းကို ၁၆ ဂိုး၊ ဂိုးမရှိဖြင့်လည်းကောင်း၊ အားကစားရေးရာဝန်ကြီးဌာနအသင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအသင်းကို ငါးဂိုး လေးဂိုးဖြင့်လည်းကောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန အသင်းက နယ်စပ်ရေးရာဝန်ကြီးဌာန အသင်းကို ခြောက်ဂိုး ဂိုးမရှိဖြင့်လည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းက ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံးအသင်းကို ၁၁ ဂိုး တစ်ဂိုးဖြင့်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးဌာနအသင်းက **စာမျက်နှာ ၂၃ ကော်လံ ၃** ◆



## ၂၀၂၆ ခုနှစ် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဩဂုတ် ၁၇ ရက်ထိ ကျင်းပမည်

**မန္တလေး ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ခရိုင်ပေါင်းစုံ အသက် ၁၉ နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေပိုင်းက အောင်မြေသာစံမြို့နယ်ရှိ အောင်မြေမန္တလာကွင်းတွင် ကျင်းပရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်မိုး၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ တိုင်းဒေသကြီးဘောလုံးဆပ်ကော်မတီဥက္ကဋ္ဌ၊ အုပ်ချုပ်သူနည်းပြများ၊ အားကစားသမားများ၊ ဘောလုံးဝါသနာရှင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ရမည်းသင်းခရိုင်နှင့် ကျောက်ဆည်ခရိုင်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ဖွင့်ပွဲ၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က စက်တင်ဘာ ၁၆ ရက်မှ ၃၀ ရက်ထိ ရန်ကုန်၊ပဲခူး၊ဧရာဝတီ၊တောင်ကြီး၊ဘားအံမြို့တို့တွင် ကျင်းပမည့်

**စာမျက်နှာ ၂၃ ကော်လံ ၅** ❖